www.burmeseclassic.com

# လူအ အိပ်မက်   ဝတ္ထုတိုများ

ညီပုလေး

www.burmeseclassic.com

# ထုတ်ဝေပြီးစာအုပ်များ


၁။ သူ့ထက်ကဲ ရွှေပြည်စိုး ညီပုလေး ဝတ္ထုတိုများ ၁၉၈၉ ခု၊ မတ်

၂။ ကလေးလူကြီးကြိုက်ပြီး ချစ်ကြပါတဲ့
ညီပုလေး ဝတ္ထုတိုများ ၁၉၉၀ ပြည့်၊ စက်တင်ဘာ

၃။ လမင်းရဲ့ ချိုသာတဲ့လက်ခုပ်သံ ၂၀၀၂ ခု၊ အောက်တိုဘာ

၄။ တစ်ကြောင်းဆွဲ ကလေးပန်းချီနဲ့
အခြားဝတ္ထုတိုများ ၂၀၀၂ ခု၊ အောက်တိုဘာ

အခု
လူအ အိပ်မက် ဝတ္ထုတိုများ

www.burmeseclassic.com

# မာတိကာ


၁။ ဆင်စွယ်ရောင် စာမျက်နှာများ ၃

၂။ သနပ်ခါးနဲ့ ကွက်ပါးဆင် ၂၉

၃။ အပြောင်မြောက်ဆုံးလက်ရာ ၆၃

၄။ ဟူးကောင်းညှ သက်ငြိမ် ရေဆေး ၁၁၉

www.burmeseclassic.com





# ဆင်စွယ်ရောင်စာမျက်နှာများ

# ဆင်စွယ်ရောင် စာမျက်နှာများ

ဆယ်တန်းအောင်ပြီးတော့ တက္ကသိုလ်မတက်ရသေးခင် ဦးလေးတစ်ယောက်ရဲ့ နှင်းဆီခြံမှာ အလုပ်ဝင်လုပ်ခဲ့ရတယ်။ နှင်းဆီပင်တွေ ရေလောင်း၊ ပျိုးထုပ်တွေ ထုပ်၊ ပျိုးပင်လေးတွေ ပြုစု၊ အပင်ဝယ်သူလာရင် ရောင်းနဲ့ ပန်းချီမရေးဖြစ်သလောက်ပဲ။

ဦးလေးခြံကနေ စည်ပင်သာယာ ရေသန့်ကို ရောက်သွားပြန်ရော။ အဲဒီကျတော့ ပန်းချီတို့ စုတ်တံတို့နဲ့ ပိုဝေးသွားပြန်ရော။ ပန်းချီရေးဖို့ မပြောနဲ့ ပန်းချီပြပွဲတွေတောင် ခြေဦးမလှည့်နိုင်ဘူး။

ကျောင်းဖွင့်တဲ့အခါ ဓာတ်ပုံဆိုင်တစ်ဆိုင်မှာ ကျောင်းတစ်ဖက်နဲ့ အလုပ်လုပ်ရပြန်ရော။ ဖလင်ဆေးတာ၊ ဓာတ်ပုံကူးတာ၊ ဓာတ်ပုံရိုက်တာ အတော်အတန် နားလည်ခဲ့တယ်။ တချို့ဓာတ်ပုံလေးတွေဆိုရင် ပန်းချီကားလေးတွေလို ခံစားမိပြီး ကိုယ်သုံးနှစ်သုံးမိုး သင်ခဲ့တဲ့ပန်းချီကျောင်းကို ပြန်လွမ်းမိ သတိရမိတယ်။ ဓာတ်ပုံတွေ ခဲထိုးရ၊ မှိတ်နေတဲ့ မျက်လုံးတွေ ဖွင့်ပေးရနဲ့၊ စုတ်တံတော့ ကိုင်မိသေးတယ်။

အလုပ်ပါးတဲ့ ဝါတွင်းကာလတွေမှာ ပန်းချီကားတချို့ ရေးဖြစ်တယ်။ ဓာတ်ပုံဆိုင်မှာ ဘွဲ့ရတဲ့အထိ အလုပ်လုပ်ရင်း နေခဲ့ရတာ။ တချို့ ပန်းချီကားလေးတွေတောင် ဓာတ်ပုံဆိုင်မှာ အခုထိ ရှိရစ်သေးတယ်။

အဲဒီအချိန်မှာ ပန်းချီကျောင်းက နည်းပြဆရာလိုတယ်ဆိုတဲ့ ကြော်ငြာ ဖတ်လိုက်ရတယ်။ အဲဒီကြော်ငြာကို ကျွန်တော် သိပ်စိတ်ဝင်စားသွားတယ်။

ဒါနဲ့ ကျွန်တော့်ဆရာ၊ ဆရာဦးကျော်လေးဆီ သွားပြီး အကျိုးအကြောင်းပြော မေးမြန်းစုံစမ်းရတယ်။

"ကျွန်တော် နည်းပြအလုပ် လျှောက်ချင်တယ်ဆရာ၊ အဲဒါ ဘယ်လို လုပ်ရမလဲခင်ဗျာ"

"ဒီအတိုင်းတော့ မရနိုင်ဘူး၊ မင်းဆရာအဆင့်ရအောင် လေ့လာလေ့ကျင့်ထားရလိမ့်မယ်" လို့ ဆရာက ပြောလိုက်တယ်။

ဒါနဲ့ လေ့ကျင့်တယ်။ ဝန်ထမ်းဆိုတော့ တာဝန်တစ်ဖက်နဲ့ လေ့ကျင့်ရတာ မှန်းသလောက် မပေါက်ဘူးဗျာ။ ဒီလိုဆို မဖြစ်ချေဘူးဆိုပြီး ခွင့်တစ်လယူပြီး လေ့ကျင့်တယ်။ ကျင့်တာမှ ထမင်းမေ့ ဟင်းမေ့ကျင့်တာ။ ဒီပညာက ရေးတိုင်းလည်းရတာမျိုး မဟုတ်ဘူး၊ ရပြန်ရင်လည်း ကိုယ့်ကိုယ်ကို ဘယ်အတိုင်းအတာအထိ ရောက်နေပြီဆိုတာ ခန့်မှန်းရအလွန်ခက်တဲ့ပညာ။

ဆရာ့ဆီမှာ တစ်ပတ်ကို နှစ်ရက်သွားပြီး ရေးတယ်၊ လေ့ကျင့်တယ်။ စာမေးပွဲနားနီးလာတော့ ရက်စိပ်စိပ်လာတယ်။ တစ်ပတ်ကို ငါးရက်သွားနေရင်းနဲ့ နောက်တော့ တစ်ပတ်လုံး ဆရာ့ဆီ သွားရေး သွားလေ့ကျင့်တဲ့အထိ ဖြစ်လာတယ်။ အဲဒီအခါ ဆရာက မေးတယ်။

"မောင်ခင်မောင်စန်း၊ ငါ့ဆီလာပြီး ဘာမှလည်း မမေး ဘာမှလည်း မပြောပါလား၊ ပန်းချီတွေချည်း တွန်းရေးနေတော့တာပဲ၊ ဘာလို့ လာလာနေတာတုန်း" တဲ့။

အဲဒီနေ့က ဆရာ့စတိုင်အတိုင်း လည်ကတုံးအင်္ကျီအဖြူ သန့်သန့်လေးနဲ့ အင်္ကျီလက်တွေကို နှစ်ခေါက်သုံးခေါက်လောက် ခေါက်လို့။

"ကျွန်တော် နည်းပြလျှောက်လွှာတင်ပြီးကတည်းက စိတ်တွေ သိပ်လှုပ်ရှားနေတယ် ဆရာ၊ ဆရာဆင့်ရအောင်ကျင့် ဆိုတာနဲ့ ..."

ဆရာက ကျွန်တော့်ပန်းချီကားတွေ ယူကြည့်တယ်။ ခေါင်းတညိတ်ညိတ်နဲ့ –

“ကျွန်တော်လေ့ကျင့်ထားတာနဲ့ စာမေးပွဲနဲ့ အဆင်မှ ပြေပါ့မလားဆရာ”

ဆရာက ပန်းချီကားတွေ တစ်ချပ်ပြီးတစ်ချပ် စိတ်အေးလက်အေး ကြည့်နေတယ်။

“ကျွန်တော်သွားဖြေပါပြီတဲ့၊ တကယ်လို့ မဖြေနိုင်ရင် ဆရာတို့ မျက်နှာတွေ အိုးမည်းသုတ်ခဲ့သလို ဖြစ်လေမလား၊ ကျွန်တော့်ကြောင့် ကိုယ့်ဆရာတွေရဲ့ ဂုဏ်သိက္ခာတွေ ထိခိုက်ပွန်းပဲ့ကုန်မှာ စိုးတယ် ဆရာ”

စာမေးပွဲအကြောင်း စဉ်းစားရင်း ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ နည်းလာပြီး အားငယ်သိမ်ငယ်စိတ်တွေ ဝင်လာနေတဲ့အကြောင်း အမှန်အတိုင်း ပြောမိတယ်။ ဒီနည်းပြအလုပ်ကို ရချင်တဲ့စိတ်က သိပ်လွှမ်းမိုးနေတယ်လေ။

“ဒါများ မောင်ခင်မောင်စန်းရယ်၊ အားငယ်စရာ မလိုပါဘူး၊ ဒီအတိုင်းပဲ ရေးပါ” လို့ ပြောပြီး ဆရာ ကျွန်တော့်ကိုကြည့်ရင်း စကားတိတ်သွားတယ်။ ဆရာ့မျက်လုံးကတော့ စိုက်ကြည့်လျက်ပဲ။ တော်တော်ကြာတယ်။ မျက်တောင်ခတ်ရဲ့လားတောင် မသိဘူး။ ဆရာက ကျွန်တော့်ကို ဒီလိုစိုက်ကြည့်နေတာမျိုး တစ်ခါမှ မကြုံဖူးဘူး။ ဘယ်လောက်ကြာမှန်း မသိဘူး။

သူ့အတွေးထဲမှာ ကျွန်တော့်ကို ပြောစရာတွေ ပြောချင်တာတွေ စိတ်ကူးထဲကနေ လှမ်းပြောနေသလိုပဲ။ ကျွန်တော်ကလည်း ဆရာ့ကို ပြန်ကြည့်နေမိတယ်။ ဒါပေမဲ့ ဆရာ့အကြည့် ဆရာ့မျက်လုံးဒဏ်ကို ကျွန်တော် မခံနိုင်ဘူး။ မျက်လွှာချပစ်လိုက်ရတယ်။ ဆရာ့ခါးမှာ စည်းထားတဲ့ ပုဆိုးကွက်စိပ်ပြာနက်လေးရဲ့ ခြေချင်းဝတ်နားက အနားနက်ပြာပြာလေးဆီ ကြည့်နေမိတယ်။ ဒါပေမဲ့ ဆရာက ကျွန်တော့်ကို ကြည့်နေတုန်းပဲ

ဆိုတာ စိတ်ထဲက အလိုလို သိနေတယ်။ ပတ်ဝန်းကျင်က တိတ်လို့ဆိတ်လို့။ ငှက်ကလေးတွေရဲ့ တကျွိကျွိအော်သံတောင်မှ မကြားရဘူး။

တစ်အောင့်ကြာလို့ ဆရာ့ကို မျက်လွှာပင့်ကြည့်လိုက်တော့ ကျွန်တော့်ကို ဆရာက စိုက်ကြည့်နေတုန်းပဲ။ စိတ်ထဲမှာ ဝမ်းနည်းလာသလိုလို၊ နွေးနွေးထွေးထွေးလည်း ရှိလာသလိုလို၊ ရင်ထဲမှာ တစ်တစ်ဆို့ဆို့ကြီး။ တစ်ခုခုကို သံကုန်အော်ဟစ်ခုန်ပေါက်ထွက်ပြေးချင်သလိုလို။ ဆရာ့ကို ထဖက်မိတော့မလိုလို။

ခဏနေမှ လည်ချောင်း မနည်းရှင်းပြီး ဆရာ့နှုတ်ဆက်ပြီး ပြန်လာခဲ့တယ်။ ဘယ်လိုပြောရမှန်းမသိတဲ့ ခံစားချက်ကြီးက အိမ်အပြန် တစ်လမ်း လုံး ကျွန်တော်နဲ့အတူပါလာတယ်။ မနက်ကမှ လေတင်းတင်း ထိုးလာခဲ့တဲ့ စက်ဘီးခမျာ လေလျော့သွားပြီး နင်းလို့မကောင်းသလိုပဲ။

ပတ်ဝန်းကျင်ကတော့ အရောင်တွေစုံလို့၊ လှလို့ပလို့ကြွလို့။ မြို့ရိုးကြည့်မလား။ ဆည်းဆာနဲ့ လှနေတဲ့ မြို့ရိုးက အရောင်တွေ ရွှန်းစိုလို့။ ကျုံးရေပြင်ကရော ဣန္ဒြေကြီးနေလိုက်တဲ့ ကျုံးရေပြင်ကြီး၊ ကောင်းကင်က တိမ်စိုင်တွေကလည်း ဒီဇိုင်းအဆန်း၊ အဆင်ဆန်းတွေ ဝတ်ဆင်ကြလို့၊ စိတ်တွေ ထွေနေတဲ့ ကျွန်တော့်ကို ရွှန်းစိုနေတဲ့အရောင်တွေနဲ့ ဝိုင်းပြီး သရော်နေကြသလိုပဲ။ လူတွေကလည်း အဝတ်အစား သစ်သစ်လွင်လွင်၊ သန့်သန့်ပြန့်ပြန့်တွေနဲ့။ ကျွန်တော်သာ စိတ်ရောလူပါ နွံထဲနစ်နေတဲ့လူ။ နွံက ရေဆေးကားတွေ ရေးတဲ့အခါ စုတ်တံအထပ်ထပ် ဆေးထားတဲ့ ရေခွက်ထဲက အရောင်။

နောက်တစ်နေ့မနက် ဆရာ့အိမ်ရောက်တော့ ဆရာက ဆီးပြီး ပြောရှာတယ်။ "မနေ့ညနေက မင်းပြောသွားတာ၊ ငါ့မှာ ဆရာတစ်ယောက် ဖြစ်ပြီး ဆရာ့တာဝန် မကျေသလို ခံစားရတယ်။ မင်းပြောသွားတယ် မဟုတ်လား၊ ကျွန်တော်ဘာမှ မသိသေးသလိုပဲ၊ ကျွန်တော်ရေးနေတာတွေက ဟုတ်ရောဟုတ်ရဲ့လားတဲ့"

ဒီမနက် ဆရာ့မျက်လုံးတွေက အရောင်တွေထွက်ပြီး ကြည်လင်နေသလိုပဲ။ သူ့မျက်မှန်ကို ပခုံးပေါ်က တဘက်နဲ့ ကျကျနနသုတ်ပြီး ပြန်တပ်လိုက်တယ်။

"မင်းက အဲဒီလိုမေးတော့ ဆရာက ဒီကောင်တွေ သင်ထားပြီး ဒီလောက်မှ မသိကြတော့ဘူး၊ မတတ်ကြတော့ဘူးလားဆိုတဲ့ အတွေးမျိုး ဝင်လာပြီး ဆရာ့တာဝန် မကျေသလိုများ ဖြစ်နေရော့သလားကွာ"

ဆရာကတော်က ရေနွေးကြမ်းကရားနဲ့ ပန်းကန်တွေ လာချတယ်။

"ဒါကြောင့် မင်းဘယ်လောက် မှတ်မိသေးသလဲ၊ မင့်အခြေအနေ သိရအောင် ဆရာမေးခွန်းတွေ ပြုစုထားတယ်။ အတိုလေးတွေပါကွာ။ သိပ်ခက်ခက်ခဲခဲတွေလည်း မဟုတ်ပါဘူး။ ပန်းချီမှာ အခြေခံအရောင်က ဘာတွေလဲ၊ ဒရော်ရင် Drawing ဆိုတာ ဘာလဲ။ ပါစပက်တစ် Perspective ဆိုတာ ဘာလဲ ဆိုတာမျိုးတွေပါကွာ"

တကယ်ကိုပဲ ဆရာက ကျွန်တော့်အတွက် စေတနာနဲ့ ပြုစုထားတဲ့ မေးခွန်းတွေပါ။ အခြေခံအရောင်ရဲ့ ဆန့်ကျင်ဘက်တွေက ဘာတွေလဲ၊ မျဉ်းကြောင်း ဘယ်နှမျိုးရှိသလဲ ဆိုတာလို မေးခွန်းနှစ်ရာ ကျွန်တော့်ကို လှမ်းပေးလိုက်တယ်။

ကျွန်တော့်အပေါ် ဆရာက ဂရုတစိုက်ရှိနေပြန်တော့ စိတ်ဓာတ်ပြန်တက်လာပြန်ရော။ ခွန်အားတွေပြည့်လာသလိုပဲ။ ဆရာ့မေးခွန်းတွေ တစ်ခုချင်း သေသေချာချာ ဖတ်ပြီး ဖြေလိုက်တာ။ မေးခွန်း ၂၀၀ ထဲက ကျွန်တော် (၁၇၅) ခု မှန်တယ်။ (၂၅) ခုတော့ မမှန်ဘူး။

"ငါက မင်းကို တစ်ဝက်လောက်မှန်ရင်တော့ မဆိုးဘူးလို့ တွက်ထားတာကွ၊ အခု ၁၇၅ ခုတောင် မှန်တယ်ဆိုတော့ အခြေအနေ ကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် မောင်ခင်မောင်စန်းရယ် ကြိုးစားကြည့်ပေါ့"

မြှောက်ပင့်ပြောနေတာလား သေချာအောင် ဆရာ့ကို အကဲခတ်နေမိတယ်။

"မင်းကို စစ်ကြမယ့် ဆရာတွေထဲမှာ ဆရာကြီးဦးသိန်းဟန် ဆိုတာ ဆရာ့ဆရာပဲ၊ ဆရာကြီးဦးဘကြည်လည်း ထို့အတူပဲ။ ဆရာတို့ ဆရာတွေ စစ်ကြမှာပါ"

ဆရာဦးကျော်လေးက ရေနွေးကရားကို ငှဲ့တယ်။ ကျွန်တော်က ဆရာငှဲ့မှ သတိရပြီး ဆရာ့လက်က ယူငှဲ့ရတယ်။

"အဲဒီအထဲမှာ ပညာရပ်ဆိုင်ရာနဲ့ ပတ်သက်ပြီး ဆရာဦးဘကြည် က ဒီကျောင်းသားကို သဘောကျတယ်ဆိုရင် ကျန်တဲ့ဆရာတွေက မကန့်ကွက်ကြပါဘူး။ ဆရာဦးဘကြည်သဘောကျဖို့တော့ အတိုင်းအတာ တစ်ခုထိ လိုအပ်တယ်။ ဆရာဦးဘကြည်က သဘောကျသူကို ဆရာ ဦးသိန်းဟန်က သူ့သူငယ်ချင်းလည်းဖြစ်၊ ဆရာတူတပည့်တွေဖြစ်လို့ ဆရာဦးဘကြည်နဲ့ အယူအဆ သဘောထားတွေ တူကြလို့ ပြောခဲ ကန့်ကွက်ခဲပါတယ်။ ကျန်တဲ့ဆရာတွေကလည်း ဒီဆရာကြီးနှစ်ယောက် ရဲ့သြဇာကို မလွန်ဆန်ကြပါဘူး။ မောင်ခင်မောင်စန်း ကြိုးစားကြည့်ကွာ" တဲ့။

ကျွန်တော် ဘူတာဆင်းတဲ့နေ့က ကျွန်တော်တို့ မိသားစုအရင် ဆရာက ဘူတာမှာ ရောက်နေနှင့်တယ်။ ကျွန်တော့်ဇနီးနဲ့တောင် စကား ကောင်းကောင်း မပြောဖြစ်ပါဘူး။ ဆရာနဲ့ပဲ စကားတွေ ပြောနေမိတယ်။ ဆရာ့ အမှာစကားတွေက ကျွန်တော့်အတွက် ခွန်အားတွေပါပဲ။

ရထားထွက်လာတော့ ဆရာက စင်္ကြံပေါ်မှာ လက်ပြရင်း ကျန်နေခဲ့တယ်။ ရထားက တရွေ့ရွေ့ သွားနေရာက တော်တော်ဝေးပြီး တစ်ယောက်နဲ့တစ်ယောက် မမြင်ကြရတော့မှ ဆရာ့လက်အပြ ရပ်သွား တယ်ထင်တာပဲ။ အမေမုဆိုးမက တက္ကသိုလ်စတက်မယ့် တစ်ဦးတည်းသော သားကို ဘူတာလိုက်ပို့ နှုတ်ဆက်သလိုမျိုး။ ရထားခုန်တာနဲ့ ကျွန်တော့် ရင်ခုန်တာ အပြိုင်ပဲ။ နည်းပြအလုပ် ရမှရပါ့မလား။ သြော် ရထားကလည်း နှေးရန်ကော။

တိုတိုပြောရရင် ရန်ကုန်ရောက်တော့ ဒီပြင်နယ်က လာဖြေကြတဲ့ လူတွေလို ရွှေတိဂုံတို့ ဆူးလေတို့ မဖူးဖြစ်သေးပါဘူး။ အမျိုးသားပြတိုက်တို့၊ လောကနတ်ပန်းချီပြခန်းတို့၊ ကိုဖေညွန့်ဝေတို့ဆီ ပန်းချီကိုဝသုန်တို့၊ ကိုမျိုးမြင့်တို့ စတူဒီယိုတွေ အရင်လျှောက်လည်လိုက်တယ်။

စာမေးပွဲဖြေကြတော့ ကျွန်တော်အပါအဝင် ဖြေကြမယ့်သူတွေက လူအစိတ်တောင် ရှိတယ်။ ဖြေရမှာက ငါးရက်ဖြေရမယ်တဲ့။ စာရေးဖြေတွေရော၊ လက်တွေ့ပန်းချီတွေရော၊ လူတွေ့မေးဖြေတွေရော၊ နောက်ဆုံးသရုပ်ပြစာသင်ရဦးမယ်တဲ့။ နောက်ဆုံးရက် မဲနှိုက်ပြီး မဲပေါက်တဲ့ပန်းချီအကြောင်းအရာကို အများရှေ့မှာ (၁၅) မိနစ်ထွက်ပြီး သင်ပြရမယ်။

(၁၅) မိနစ် သရုပ်ပြသင်ဖို့အတွက် ဘယ်သူအရင်ဝင်ရမယ်ဆိုတာ နံပါတ်စဉ်ကို မဲအရင်နှိုက်ကြရတယ်။ ဆရာက ကြိုပြောတယ်။ အမှတ်စဉ် (၁) ကျတဲ့သူကတော့ စာကြည့်ချိန် မရဘူး။ အမှတ်စဉ် (၂) ကျတဲ့သူက (၁၅) မိနစ် စာကြည့်ချိန်ရမယ်။ အမှတ် (၃) က နာရီဝက်၊ (၄) က စာကြည့်ချိန် (၄၅) မိနစ် ရမယ်တဲ့။ ဒါကြောင့် အမှတ်စဉ်အရင်နှိုက်ကြရမယ်တဲ့။

ကျွန်တော့်ကုသိုလ်ကံပဲ။ ကျွန်တော် နံပါတ် (၃) မဲပေါက်တယ်။ ဒါကြောင့် (၁) နဲ့ (၂) ထက်တော့ တော်သေးတယ်။ စာကြည့်ချိန် ပြင်ဆင်ချိန် နာရီဝက်ရမယ်။ ဒီနာရီဝက်က ကျွန်တော့်အတွက် အလွန်အရေးကြီးတယ်။ ကျွန်တော် နောက်ထပ်တစ်ခါနှိုက်တော့ ပန်းချီ ကွန်ပိုဆေးရှင်း Composition ၏ အခြေခံအချက်များတဲ့။ ပန်းချီကားတစ်ချပ်ကို ဘယ်လိုဖွဲ့စည်းရမလဲဆိုတဲ့ အခြေခံအချက်တွေအကြောင်းပါ။ မိနစ် ၃၀ က ခဏလေးနဲ့ အချိန်စေ့သွားတယ်။

ကျွန်တော်တို့ မဖြေခင် ဆရာဦးဘကြည်က –

“ဆရာလုပ်မယ့်သူဟာ သင်တတ်ဖို့ သိပ်လိုပါတယ်။ ရေးတတ်ဖို့က သီးသန့်တစ်ပိုင်းပါ။ ကျောင်းသားနားလည်အောင် သင်ဖို့ ဘယ်လို

သင်သလဲဆိုတာ ဆရာတို့ နားထောင်နေမယ်။ ဆရာတစ်ယောက်ရဲ့ ဌာန်တွေ မာန်တွေ ဟန်တွေ အရေးကြီးပါတယ်”

အဲဒီအခါ လာဖြေတဲ့အထဲက ကျောင်းသားတစ်ယောက် ထမေး လိုက်တယ်။

“ဆရာကြီးခင်ဗျား ကျွန်တော်တို့ ကိုးကားဖို့ Reference စာအုပ်ကိုင်ပြီး သင်ခွင့်ရှိပါသလား”

“သင်ခွင့်ရှိတယ်။ ဒါပေမဲ့ အမှတ်တော့ လျှော့လိမ့်မယ်။ ကျောင်းသားတွေက စာအုပ်ကိုင်သင်တဲ့ဆရာကို သိပ်မလေးစားချင်ကြဘူး။ စာအုပ်ကိုင်သင်တဲ့သူနဲ့ စာအုပ်မကိုင်တဲ့သူကို ကျွန်တော်အမှတ်ပေးပုံတော့ မတူဘူး။ စာအုပ်မပါတဲ့သူ အမှတ်ပိုရမှာပဲ၊ ရှင်းပါတယ်နော်”

ခေါင်းကုတ်တဲ့ ကျောင်းသားက ကုတ်၊ လက်ကိုင်ပဝါထုတ်ပြီး မျက်နှာက ချွေးစေးတွေသုတ်သူကသုတ်၊ မျက်နှာကျက်မော့ကြည့်သူက ကြည့်နဲ့။ ကျွန်တော့်မျက်လုံးထဲမှာတော့ မန္တလေးဘူတာမှာ ဆရာ ဦးကျော်လေး လက်ပြနှုတ်ဆက်နေပုံကို မြင်ယောင်နေမိတယ်။

“ကျောင်းသားတွေကို ဘယ်လိုထိန်းမယ်ဆိုတာ ဆရာတို့က ကြည့်ချင်တာ၊ ခွင့်ပြုထားတဲ့ (၁၅) မိနစ်အတွင်းမှာ ခင်ဗျားတို့ ကြိုက် သလို သင်ခွင့်ရှိတယ်။ ပန်းချီပညာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် မစွမ်းဘူးဗျာ၊ ပုံပြင်ပြောပြချင်တယ်ဆိုရင်လည်း ပြောခွင့်ပြုတယ်။ အတန်း ထိန်းပုံထိန်းနည်းနဲ့ ထိန်းတဲ့ပညာကို သိချင်တာနော်”

ဆရာဦးဘကြည်က ပွင့်ပွင့်လင်းလင်းနဲ့ လွတ်လပ်ခွင့်အပြည့် ပေးထားတယ်။ ကျွန်တော်တို့ရှေ့ကလူတွေ ဘယ်လိုသင်သွားကြ၊ အတန်း ထိန်းသွားကြတယ်ဆိုတာ ကြည့်ခွင့်မရလိုက်ဘူး။ အောက်ထပ်မှာ ရတဲ့ အချိန်လေးမှာ စာတွေ တွန်းကြည့်နေရတာ။

❊ ❊ ❊

သင်ပုန်းရှည်ကြီးရှေ့က စတိတ်ခုံနိမ့်လေးပေါ် တက်လိုက်တော့ အခန်းဖွဲ့စည်းထားပုံကို မြင်လိုက်ရတယ်ဆိုရင်ပဲ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့ လုပ်နေရတယ်။ အတန်းရှေ့ပိုင်းမှာ ပန်းချီကျောင်းသား ဆယ်ယောက်နဲ့ ကျောင်းသူလေးယောက် ထိုင်နေကြ တယ်။ နောက်တန်းမှာ ရွေးချယ်ကြမယ့် ပုဂ္ဂိုလ်ကြီးတွေ တိုက်ပုံကိုယ်စီနဲ့ တန်းစီထိုင်နေကြတယ်။ ကျွန်တော်တို့နဲ့ဆိုင်တဲ့ စာရွက်စာတမ်းတွေက သူတို့ရှေ့မှာ ချလို့။ ယဉ်ကျေးမှုဝန်ကြီးဌာနက ညွှန်ကြားရေးမှူးအဆင့် လည်း ပါတယ်။ ဆရာဦးသိန်းဟန်၊ ဆရာဦးဘကြည်၊ ဆရာဦးမင်းနိုင်၊ ဆရာဦးလှတင် စတဲ့ ထိပ်ဆိုတဲ့ တကယ့်ဆရာတွေချည်းပဲ။

ကျွန်တော့်အလှည့်ကျတော့ တိုက်ပုံကို ကြယ်သီးစေ့အောင်တပ်ပြီး ကိုယ့်ကိုယ်ကိုလည်း တကယ့်ဆရာတစ်ယောက်၊ ပီဘိဆရာတစ်ယောက်လို နှလုံးသွင်းထားတယ်။

“မင်းတို့ကလည်း သင်ပုန်းတောင် ဖျက်ထားဖော် မရဘူး” လို့ ကျောင်းသားတွေကို မာန်တစ်ဝက် ပြောတစ်ဝက်နဲ့ စဖွင့်ပြီး သင်ပုန်းကို ကိုယ်တိုင် ဖျက်လိုက်တယ်။ ပြီးတော့ ကျောင်းသားတွေကို ကွန်ပိုဆေးရှင်းရဲ့ အခြေခံတွေအကြောင်း နောက်နားက ဆရာကြီးတွေ ကောင်းကောင်းကြားရလောက်မယ့်အသံနဲ့ သင်ရတော့တာပေါ့။

ကျွန်တော်သင်လို့မှ အရှိန်ကောင်းနေတုန်း အခု ကိုမင်းဝေအောင် တို့ ဂယ်လာရီမှာရှိတဲ့ ရန်ကုန်ကျောင်းက ဆရာဦးသုခ ဝင်ချလာတယ်။ စိတ်ထဲမှာတော့ ထိတ်ခနဲ ဖြစ်သွားတာပေါ့။

“ဟ ဒီအကောင် မဆိုးဘူး၊ အင်္ဂလိပ်လို အသံထွက်တွေ ဘာတွေ တယ်ကောင်းပါလား၊ ဘယ်ကအကောင်လဲ”

“သူ မန္တလေးကပါဆရာ” အနားမှာရှိတဲ့ ဆရာတစ်ယောက်က ဝင်ဖြေလိုက်တယ်။ ကျွန်တော်သာ ဖြေခွင့်သာရင် “မန္တလေးက ဆရာ ဦးကျော်လေးတပည့်ပါ” လို့ ဖြေလိုက်မှာ။ “အေး – ဒီအကောင် မဆိုးဘူး

ကွ” လို့ ဆရာ ဦးသုခက မှတ်ချက်ချရင်း ဝင်ထိုင်နားထောင် ပါလေရော။

ကွန်ပိုဆေးရှင်းအကြောင်း သင်နေရင်းနဲ့ ကျောင်းသားတစ်ယောက်ကို မေးခွန်းတစ်ခု ကောက်ကာငင်ကာ မေးလိုက်တယ်။ ဖြေနိုင်လောက်မယ်ထင်တဲ့ ကျောင်းသားကိုပေါ့ဗျာ။ လွယ်တာလေးတစ်ခု ကောက်မေးလိုက်တော့ ကျောင်းသားကလည်း ဖြေနိုင်တာပေါ့။

ကျွန်တော် ဆက်သင်တော့တာပါပဲ။ (၁၅) မိနစ်က တော်တော်နဲ့ မစေ့နိုင်ပြန်ဘူး။ (၁၅) မိနစ်ပြည့်တော့ ကျွန်တော်သင်နေတာကို ရပ်လိုက်တယ်။ ကျောင်းသားတွေကိုလည်း “ဒီနေ့ ဆရာသင်သွားတဲ့အထဲက မင်းတို့ မရှင်းတာ နားမလည်တာရှိရင် မေးကြပါ။ အခုလည်း မေးလို့ရတယ်။ လမ်းမှာတွေ့တွေ့၊ လက်ဖက်ရည်ဆိုင်မှာတွေ့တွေ့၊ အဆုံးစွန်ဆုံး အိပ်ရာထဲ အိပ်နေတောင် ပန်းချီနဲ့ပတ်သက်ရင် နိူးမေးလို့ရတယ်ကြားလား” လို့ ပြောပြီး ဆရာဆိုက်၊ ဆရာဂိုက်နဲ့ စတိတ်ခုံနိမ့်လေးပေါ်က ဆင်းမယ်လုပ်တုန်း –

“ဟေ့ကောင်၊ ဟေ့ကောင် မင်းသင်တာ မဆိုးဘူးကွ၊ ဆက်သင်စမ်း၊ ပြောစမ်းကွာ” တဲ့။ အသံရှင်က ဆရာဦးဘကြည် ဖြစ်နေတယ်။ ဆရာရဲ့ ထူထဲတဲ့မျက်ခုံးမွှေးတွေကို ကျွန်တော် မှတ်မိနေတယ်။

“မင်းပြောလက်စ စကားတွေကို ပြီးအောင် ဆက်ပြောကွာ” လို့ ဆရာကြီးကပြောပြီး ကျွန်တော်သင်သမျှ ပြောသမျှတွေ ကျကျနန နားထောင်နေကြတယ်။

ဒါနဲ့ သူများ (၁၅) မိနစ်လောက် ပြောရတာကို ကျွန်တော်က မိနစ်အစိတ်လောက် ပြောခွင့်ရတယ်။

ရင်တွေကတော့ တော်တော့်ကို ခုန်နေတာ။ ချိုင့်ထူတဲ့လမ်းလှည်းကြမ်းစီးရတာထက် ပိုသေးတယ်။ ဒါပေမဲ့ စိတ်လှုပ်ရှားနေတာကို ဇွတ်ကြိတ်မှိတ်ပြီး ကြိုးစားသင်ရတော့တာပေါ့။ အစတုန်းကတော့ ဆင်း

လာပြီးရင် ဆရာကြီးတွေ အခြေအနေ တစ်ချက်လှမ်းအကဲခတ်ဖို့ပဲ။ တကယ်လက်တွေ့ကျတော့ စိတ်တွေသိပ်လှုပ်ရှားနေလို့ မေ့ပြီး ဆင်းလာမိခဲ့ရော။

အဲဒီလိုဆင်းလာတဲ့အခါ မှတ်တမ်းတင်ဓာတ်ပုံဆရာက ခင်ဗျား ပြောသွားတာတွေ ကျွန်တော် သဘောကျတယ်ဗျာ။ ကျွန်တော်ဓာတ်ပုံဆရာ လုပ်နေပြီး အဲဒါတွေတောင် မသိဘူး။ ဓာတ်ပုံဆရာတွေပါ သိထားသင့်တဲ့ အချက်အလက် အကြောင်းအရာတွေပဲဗျာ ဆိုပြီး လက်ဆွဲနှုတ်ဆက်တယ်။

ဆရာဦးကျော်လေးရဲ့ အမှာစကားကြောင့် စိတ်ထဲမှာတော့ နည်းနည်း ဘဝင်ကျသလို ခံစားမိသား။ ဒါပေမဲ့ ကျွန်တော့်အရင် ပုဂ္ဂိုလ်တွေ၊ ကျွန်တော့်နောက် တက်ပြီး သင်ကြမယ့်ပုဂ္ဂိုလ်တွေရဲ့ အစွမ်းလည်း လျှော့တွက်လို့ မရဘူး၊ နည်းပြဆရာလစ်လပ်တာ နှစ်နေရာတည်း။ ရန်ကုန်ကျောင်းမှာတစ်ယောက်၊ မန္တလေးကျောင်းမှာတစ်ယောက်၊ ဖြေကြတဲ့လူက နှစ်ဆယ့်ငါးယောက်။

ရေးဖြေတုန်းက ကျွန်တော်က ရေဆေးနဲ့ရေးဖြေခဲ့တာ။ ဆီဆေးနဲ့လည်း ဖြေလို့ရတယ်။ အမှတ်ပေးတဲ့အခါ ရေဆေးပဲဖြစ်ဖြစ် ဆီဆေးပဲဖြစ်ဖြစ် အတူတူပေးတယ်။ ဒီကျောင်းသားကတော့ ဆီဆေးနဲ့မို့၊ ဟိုကျောင်းသားက ပိုစတာမို့ ဒီလိုခွဲခြားမှု မရှိပါဘူး။

ကျွန်တော်တို့ ဖြေရတဲ့ စာမေးပွဲက ဒိပြင်စာမေးပွဲတွေလို မဟုတ်ဘူး။ တစ်ယောက်ဖြေနေ ရေးနေတာကို တစ်ယောက် လာကြည့်လို့ရတယ်။ ဝင်ပြင်မပေးဖို့နဲ့ ဝင်စွက်ဖက်မရေးဖို့ပဲ လိုတယ်။ ကိုယ်ရေးနေတာကိုလည်း သူများလာကြည့်လို့ရတယ်။

မော်ဒယ် Model ကြည့်ရေးရတုန်းက ကျွန်တော့်လက် ကျွန်တော်တော်တော် ဟုတ်တယ်လို့ ထင်မိတယ်။ ဒါပေမဲ့ ဒိပြင်လူတွေ ရေးကြတာလည်း ကောင်းနေကြပြန်ရော။ စတေ Still Life ရေးတာတော့ ကျွန်တော်အပိုင်လေ။ ကျွန်တော်ရေးတာကို လူတော်တော်များများက လာကြည့်ကြတယ်။

နှုတ်ဖြေမှာတော့ ဆရာဦးဘကြည်မေးတာ တစ်ခုမဖြေနိုင်ခဲ့ဘူး။

"သီတင်းကျွတ်မှာ မီးရောင်စုံတွေထွန်းထားတယ်ကွာ။ မလှဘူးလား"

"လှပါတယ်ဆရာ"

"အဲဒီလို မီးရောင်စုံထွန်းထားတာ ဘာလို့လှတာလဲ"

"အမှောင်နဲ့အလင်း ကွန်ထရပ်(စ) Contrast ဖြစ်နေလို့ပါ"

"ဟ – မင်းကလည်း အမှောင်နဲ့အလင်းမှ ကွန်ထရပ်(စ) ဖြစ်သလားကွာ။ ဒါဆိုရင် တစ်ခန်းလုံး အဖြူရောင်သုတ်ထားမယ်ကွာ၊ အမှောင် မဟုတ်တော့ဘူး။ အဲဒီအခန်းဖြူကြီးထဲမှာ မီးရောင်စုံတွေ ထွန်းထားရင်ကော မလှတော့ဘူးလား"

"လှပါတယ်ဆရာ"

"အဲဒါ ဘာဖြစ်လို့ လှတာလဲ"

"ကျွန်တော် မသိဘူးဆရာ၊ မဖြေတတ်ဘူး" အဲဒီတစ်ခုတော့ ကျွန်တော် မဖြေနိုင်ခဲ့ဘူး။

ဆရာဦးဘကြည်က စာမေးပွဲစစ်နေတဲ့ကြား ကျွန်တော့်အပေါ် စေတနာထားပုံလေး ပြောပါဦးမယ်။ တကယ်ဆိုရင် မသိဘူးဆရာဆိုရင် အမှတ်လျှော့ရင်လျှော့၊ အမှတ်မပေးဘဲနေရင်နေ၊ နောက်မေးခွန်းတစ်ခု ထပ်မေးဖို့ပဲပေါ့။ အခုတော့ ဆရာဦးဘကြည်က –

"မင်းမှတ်ထားကွ၊ အဲဒါ အဆင်ပုံစံ Pattern ကြောင့် လှနေတာ၊ အလင်းထဲမှာ အရောင်တွေ လှနေတယ်ဆိုတာ Pattern ကြောင့်"

ကျွန်တော်မသိသေးတာကို သင်ပေးလိုက်သေးတယ်။ ဆရာ့ကို လေးစားပြီးရင်း လေးစားရင်းပါပဲ။ ဆရာသင်လိုက်တာ အသည်းထဲကို စွဲနေတော့တာပဲ။

"မင်းကို မီးထွန်းခိုင်းမယ်ကွာ၊ ငါက ဒီမှာ အဝါရောင်မီးလုံး ထွန်းမယ်၊ မင်းက ဘာအရောင် ထွန်းမလဲ"

"ကျွန်တော် လိမ္မော်ရောင် ထွန်းပါမယ်"

"ကဲကွာ၊ လိမ္မော်ရောင်ထွန်းပြီးရင်ကော"

"အနီရောင် ထွန်းပါမယ်ဆရာ"

"အေး အဲဒါ ဘာဟာမိုနီလဲ"

"အင်နာလောကျစ် အိမ်မ်နီးချင်းဟာမိုနီပါဆရာ"

"နေရောင်ထဲမှာ အရောင်တွေ ပါတယ်ဆိုပါလား၊ ဘာရောင်တွေလဲကွ"

"ဗစ်ဂျွား (VIBGYOR) ပါဆရာ"

❊ ❊ ❊

ရန်ကုန်ကနေ ဖုန်းဆက်သေးတယ်။ ဖုန်းက ဆက်လို့မရဘူး။ ရထားပေါ်မှာကတည်းက ဒီအလုပ်သာ ရခဲ့ရင် ဒါ ဆရာ့ကျေးဇူးပဲလို့ တွေးလာခဲ့တာ။ မန္တလေးရောက်တော့ မိန်းမဆီ တန်းမပြန်သေးဘူး၊ ဆရာ့ဆီ ပြေးပြောတယ်။ ကျွန်တော်ဖြေခဲ့ပုံ အတွေ့အကြုံတွေအားလုံး ပြန်ပြောပြတယ်။ ဆရာက သူ့ကိုယ်ရေးကိုယ်တာလို သေသေချာချာ နားထောင်တယ်။ ပြီးတော့ ပြုံးနေတယ်။ အဲဒီအပြုံးကို ကျွန်တော့်မျက်စိထဲက အခုထိ မထွက်ဘူး။ ရန်ကုန်မသွားခင်တုန်းက ကျွန်တော့်ကို ကရုဏာသက်ပြီး အကြာကြီး စိုက်ကြည့်ခဲ့တဲ့အကြည့်နဲ့။ ဒီတစ်ခါပြုံးတဲ့ ခပ်စေ့စေ့အပြုံးကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ ကရုဏာနဲ့ တွေတွေကြီး အကြာကြီး ကြည့်ခဲ့ရာက အခုလိုအပြုံးမျိုး ပြုံးနိုင်တာ မဟုတ်လား။ ဟိုအကြည့်နဲ့ ဒီအပြုံးဟာ ဆွေမျိုးတော်ကြတယ်။ ကျွန်တော့်ဘဝကို အပြောင်းအလဲဖြစ်စေမယ့် အကြည့်နဲ့အပြုံး ဆိုတာ နောက်တော့မှ သိရတယ်။

"မောင်ခင်မောင်စန်း၊ မဆိုးပါဘူးကွ၊ အလားအလာတော့ ရှိပါတယ်။ သေချာပေါက်တော့ မဟုတ်ဘူးပေါ့ကွာ၊ ငါက မင်းပြောတာကိုပဲ ကြားရတာကိုး၊ တခြားလူတွေ ဖြေခဲ့ကြပုံကိုမှ မသိရ မကြားရတာ" တဲ့။

"ကိုင်း ကိုင်း၊ မင့်ဇနီး သွားပြောချေဦး"
ဆရာက ကျွန်တော့်ပခုံးဖက်ပြီး ဝင်းထိပ်ထိ လိုက်ပို့တယ်။

* * *

နှစ်လလောက်ကြာတော့ အောင်စာရင်းထွက်တယ်။ ကျွန်တော့် အိမ်ကို ဆရာကိုယ်တိုင် မနက်စောစော စက်ဘီးနဲ့ ရောက်ချလာတယ်။ မောင်ခင်မောင်စန်း နိုးပြီလားကွ၊ မင်းအောင်တယ်၊ အလုပ်ရတော့မယ်တဲ့။ ဆရာတောင် ဒီလောက် ဝမ်းသာနေတာ ကာယကံရှင်ဆိုရင် ဘယ်လောက် ဝမ်းသာမလဲ။ ကျွန်တော့်အိပ်မက်လှေက ကမ်းကို မြင်နေရပြီ။

ဆရာ့ကို အိမ်ဦးခန်းမှာ အထိုင်ခိုင်း၊ မိန်းမကိုလည်း ဒီသတင်း ကြားရအောင် အနားခေါ်ထားနဲ့ ညော့ခံစရာကလည်း အိမ်မှာ ဘာမှ ရှိတာ မဟုတ်ဘူး။ စကားနည်းနည်းပြောပြီးတော့ ဆရာ့ကို လက်ဖက်ရည်ဆိုင် ခေါ်သွားပြီး ပြုစုလိုက်တယ်။

ဆရာက သူ့ထုံးစံအတိုင်း ပေါင်မုန့်ကျွတ်တစ်ခွက် မှာလိုက်တယ်။ ဆရာ့ပန်းချီ စုတ်ချက်တွေက ခပ်ရဲရဲ ခပ်ပြတ်ပြတ် ရေးသလို လက်ဖက်ရည် လည်း ခပ်ပြင်းပြင်း ခပ်ကျကျ ကြိုက်တယ်။ အဲဒီတုန်းက ဟပ်(ဖ)တီးက ခေတ်မစားသေးဘူး၊ မပေါ်သေးဘူး။

ကျွန်တော်လည်း ဆရာလုပ်ရတော့မှာဆိုပြီး ကိုယ့်ဆရာမှာသလို လိုက်ပြီး ပေါင်မုန့်ကျွတ်တစ်ခွက်မှာသောက်တယ်။ အဲဒါသောက်ပြီး ဒုက္ခ ဖြစ် တော့တာပါပဲ။ ရင်တွေတုန်ပြီး တစ်နေ့လုံး နေလို့မကောင်းဘူး။ လေတွေ တဂေ့ဂေ့တက်၊ ကတုန်ကယင်ကြီး၊ နောက်နေ့ကျတော့ ဓာတ်တွေချုပ်လို့။ ဆရာ့ခြေရာနင်းရမှာ ဆရာခြေရာသွားတိုင်းသလိုဖြစ်လို့ ဒဏ်ခတ်ခံရတယ် ထင်တာပဲ။

လက်ဖက်ရည်ခွက်တွေ ရှေ့ရောက်တဲ့အထိ ဘာမှ မပြောဖြစ် ကြသေးဘူး။ ကျွန်တော်ဝမ်းသာနေပုံကို ဆရာက အရသာခံပြီး ကြည့်နေ တယ် ထင်တယ်။ ဆရာ့မျက်နှာကတော့ သူကိုယ်တိုင် စာမေးပွဲအောင်တဲ့

သူလိုပဲ။ ကြည်လို့ရှင်လို့။ “ဒီနေ့တော့ ဒီဆိုင်က လက်ဖက်ရည်က ကောင်းလှပါကလားကွ” တဲ့။

ခဏကြာမှ “မောင်ခင်မောင်စန်း၊ မင်းကျောင်းမှာ ဘယ်ဘာသာ ရပ်သင်မှာတုန်း” လို့ မေးတယ်။

“ကျွန်တော် ဖိုင်းအတ် Fine Art သင်ချင်တယ်ဆရာ”

“အေး – ဆရာ ရန်ကုန်ကိုပြောင်းရတော့မှာ၊ ဆရာဦးလွန်းကြွယ်ရဲ့ နေရာကို သွားရမှာ” တဲ့။ ဆရာ့နေရာကို ကျွန်တော်ဝင်ရမယ့် သဘော ပါလား။

ဆရာပြောင်းရမယ်ဆိုတော့ ရင်ထဲ ဟာတာတာကြီး။ ပျော်နေတာ ကို မေ့သွားတယ်။ ကျောင်းမှာ ဆရာဦးတင်အေးက ကော်မာရှယ်အတ် သင်နေတယ်။ ဆရာဦးဇော်ဝင်းက အခြေခံပန်းချီပညာ သင်နေကြချိန်ပေါ့။

တိုတိုပြောကြစို့။

စသင်တဲ့ ပထမနှစ်ကတော့ ကျွန်တော့်မှာ မှဆိုးစိုင်သင်နည်းနဲ့ သွားနေရတယ်။ ဘာလို့ ဒီလိုပြောရသလဲဆိုရင် “ကျွန်တော်သင်နေရတဲ့ ကလေးတွေ ဆရာဦးကျော်လေးရဲ့ နောက်ပိုင်းတပည့်တွေဖြစ်နေလို့ပဲ” သူတို့က တချို့နေရာမှာ ကျွန်တော်ထက် ပိုတော်ကြတယ်။ ဆရာ့လက်ကျ ရထားကြတဲ့ကလေးတွေ။ ဒါပေမဲ့ ဆရာ့ကျေးဇူး ဘယ်လောက်တောင် ကြီးသလဲဆိုရင် ကျွန်တော့်ကို သူသင်ခဲ့တာတွေ ကျွန်တော့်အသည်းထဲမှာရော ဦးနှောက်ထဲမှာပါ အခုထိ သံမှိုစွဲထားသလို မှတ်သားကျင့်သုံးနေမိတဲ့အထိ ပါပဲ။

❊ ❊ ❊

ဆရာက စက်ဘီးစီးရမှာ အလွန်ကြောက်တယ်။ ကားတိုက်မှာကို ကြောက်တာပါ။ တစ်မနက်တော့ မောင်ခင်မောင်စန်းရေ ဆရာတို့ လက်ဖက်ရည်သွားသောက်ရအောင်တဲ့။ ဒါနဲ့ ဆရာ့ကို စက်ဘီးပေါ်တင်ပြီး

ကျုံးအရှေ့ကနေ အနောက်မြောက်ထောင့်နားက ပလာတာတို့၊ ပူရီတို့ ကောင်းတဲ့ လက်ဖက်ရည်ဆိုင်ဆီ နင်းလာခဲ့ကြတယ်။ လမ်းမှာ ဖြည်းဖြည်း နင်းဖို့၊ လမ်းနံဘေးကပ်ဖို့ တဖွဖွ ပြောလာတာပါ။ မောင်ဗမာစက်ဘီးမှာ နဂိုကမှ ခပ်နဲ့နဲ့ရယ်၊ ဘယ်လောက်မြန်မှာလဲ၊ ဒါကို ဆရာက အရှိန်လျှော့ ခိုင်းနေတယ်။

ဆိုင်ရောက်တော့ လက်ဖက်ရည်မှာကြ၊ ပူရီလည်းတစ်ပွဲစီမှာကြနဲ့။ အဲဒီအချိန်ကျတော့ ဆရာ့လို လက်ဖက်ရည် ခပ်ကျကျ သောက်နိုင်စ ပြုနေပြီ။ ဒါလည်း တစ်နေ့လုံးနေမှ တစ်ခွက်ပါ။ ဆရာ့လို ကြုံတိုင်း၊ သောက်တိုင်း လက်ဖက်ရည်ကျကျတော့ မသောက်နိုင်သေးဘူး။

ကျုံးနံဘေးက ဒီဆိုင်မှာ —

"မင်း ဆရာတစ်ယောက်ဖြစ်ပြီ၊ မင်းကို ပြောစရာလေးတွေ ပြောရဦးမယ်" ဆိုပြီး လက်ဖက်ရည်ကို တစ်ငုံလောက် သောက်လိုက်တယ်။ ကျွန်တော်က ဆရာရဲ့ တည်ကြည်လေးနက်တဲ့မျက်နှာကို ငေးနေမိတယ်။

"ကိုယ်မသိဘဲနဲ့ တပည့်တွေကို ဘယ်တော့မှ ချမပြနဲ့။ ပညာ တစ်ရပ်ကို ကိုယ်အရင်ဆုံးသိအောင်လုပ်၊ ကိုယ်တကယ်သိပြီဆိုမှ တပည့် တွေကို သင်ပေးပါ။ ကိုယ်က ယောင်ဝါးဝါးချပြရင် ကိုယ့်တပည့်တွေက ယောင်ဝါးဝါးပဲရကြပြီး ယောင်ဝါးဝါးတပည့်တွေပဲ ဖြစ်ကုန်ကြလိမ့်မယ်။ ဒါနံပါတ်တစ် အရေးကြီးဆုံး။ ကိုယ်မသိဘဲ မတတ်ကျွမ်းဘဲ တပည့်တွေကို မသင်ပါနဲ့၊ တာဝန်မကျေတဲ့ဆရာတစ်ယောက် ဖြစ်သွားလိမ့်မယ်နော် မောင်ခင်မောင်စန်း"

ဆရာက လေအေးအေးနဲ့ လေးလေးနက်နက် ပြောနေတာပါ။

"ပြီးတော့ တပည့်တွေကို သိပ်မမျှော်လင့်နဲ့။ ဆရာရဲ့လုပ်သက် (၁၉) နှစ် အတွေ့အကြုံအရကျောင်းမှာ အင်မတန် တော်ခဲ့ပေမယ့် အပြင် ရောက်သွားရင် ဟုတ်ချင်မှ ဟုတ်ကြတာ။ ကျောင်းမှာ ပထမစွဲ၊ ဒုတိယ ချိတ်ခဲ့ပေမယ့် ကျောင်းပြင်ရောက်တော့ ဘာမှ သုံးမရတဲ့ တပည့်တွေ အများကြီး"

“ကျောင်းမှာ ဘိတ်ချေး၊ အဝိစိကပ်နေပေမယ့် ကျောင်းပြင်ရောက်တဲ့အခါ တော်တည့်အသုံးဝင်ပြီး ကြီးပွားနေကြသူတွေလည်း တစ်ပုံကြီး။ အဲဒီတော့ ကျောင်းသားတစ်ယောက်ရဲ့ အရည်အချင်းကို ကျောင်းမှာရှိစဉ်က အခြေအနေနဲ့ ဘယ်တော့မှ တရားသေ အကဲဖြတ် မသတ်မှတ်လိုက်ပါနဲ့။ ဒါ ဆရာ့ရဲ့လုပ်သက် (၁၉) နှစ် အတွေ့အကြုံအရ ပြောတာ”

ဆရာက လက်ဖက်ရည်ကို တစ်ငုံလောက် ထပ်ငုံလိုက်တော့မှ ကျွန်တော်လည်း ရှေ့က လက်ဖက်ရည်ခွက်ကို သတိရတော့တယ်။

“ကိုယ်သင်လိုက်တိုင်း တတ်မယ်လို့ စိတ်ထဲ ဘယ်တော့မှ မထားနဲ့။ ကိုယ်ပေးသလောက် သူတို့ရချင်မှရတာ။ ကိုယ်ကိုယ်တိုင်ကရော ဘယ်လောက်အထိ ပေးနိုင်မလဲ။ ကိုယ်ဒီနှစ် ဒီလောက်သင်နိုင်ရင် နောက်နှစ်ကျ ဒီထက်သင်နိုင်ဖို့ ဆရာလုပ်သူက ရှာဖွေလေ့လာဆည်းပူးထားရမယ်။ အသစ်တွေ ရှာတွေ့အောင် ရေးနေရမယ်။ ဒါလည်း အရေးကြီးတယ်” လို့ ဆရာက ဆက်ပြောတယ်။

“အခု မောင်ခင်မောင်စန်းတို့ နည်းပြဆရာဖြစ်လာတော့ မင်းတို့အရင်နှစ်က တပည့်ဖြစ်ခဲ့ဖူးသူတချို့က ဆရာကနောက်လူတွေကို ပိုသင်ပေးတယ်လို့ စွပ်စွဲနေကြတယ်။ ဆရာ့ကို ဝေဖန်နေကြတယ်။ သူတို့နှစ်တွေတုန်းက ဆရာက ‘ချုံ’ ထားသတဲ့။ အမှန်တော့ မင်းတို့နှစ်ကျမှ ပိုပေးတာ မဟုတ်ပါဘူးကွာ၊ ဆရာ တစ်နှစ်ထက်တစ်နှစ် ပိုသင်နိုင်အောင် Study လုပ် လေ့လာနေလို့ပါ။ ဒီပညာက ရှာလေ တွေ့လေပါ။ မင်းလည်း အသိပါ။ ရှာတွေ့တာတွေ ကြုံကြိုက်တဲ့တပည့်ကို သင်ပေးနေတာပါလို့ ရှင်းပြရတယ်”

“ကိုယ်က ဒီလောက်ပဲတတ်တယ်။ ဆက်ပြီး မရှာရင် မဆည်းပူးရင် ဒီထက် ဘယ်တက်တော့မလဲ။ ဆရာဆိုပေမဲ့ ဆရာစိတ်မွေးရတယ်။ စိတ်ကြီးဝင်တဲ့ဆရာ မဖြစ်စေနဲ့။ ဆရာကောင်းတစ်ယောက်ဖြစ်အောင် ထပ်ပြီးလေ့လာ Study နာနာလုပ်ရတယ်။ ဒီပညာက ရှာနိုင်သလောက်

တွေ့မယ့် ရမယ့်ပညာမို့ မင်းလည်း ရှာပေတော့၊ မင်းရှာတွေ့တာကို တပည့်တွေပေး၊ သူများရှာထားတာ သွားမပေးနဲ့”

“ဥပမာကွာ – အနီနဲ့အဝါစပ်ရင် လိမ္မော်ရောင်ဆိုတာ ကိုယ်တိုင် ရှာထားရင် ပိုကောင်းတယ်၊ အနီတွေအများကြီး၊ အဝါတွေအများကြီး၊ အထပ်ထပ် စပ်ကြည့်မှ လိမ္မော်မျိုးစုံကို သိထားမယ်၊ ပိုင်ထားမယ်။ သီအိုရီကတော့ အနီနဲ့ အဝါစပ်ရင် လိမ္မော်ရောင်လို့ပဲ ပြောမှာ”

“ပန်းချီအနုပညာဆိုတာ လက်တွေ့ရယ်၊ သီအိုရီရယ်၊ လက် အကျင့်ရယ် ပေါင်းစပ်ချပြတဲ့ ပညာဖြစ်တယ်။ လက်အကျင့် အရင် ရအောင်လုပ်၊ သီအိုရီလည်း သိအောင်လုပ်ကွာ။ လက်အကျင့်က ငါးဆယ် ရာခိုင်နှုန်း၊ သီအိုရီက ငါးဆယ်ရာခိုင်နှုန်းရှိရင် ပြည့်ပြီလို့ ပြောလို့ရတယ်။ ဒါပေမယ့် လက်အကျင့်ငါးဆယ်ရာခိုင်နှုန်းရှိပြီး သီအိုရီလုံးဝ မသိလည်း အဲဒီလူတွေက ရေးနိုင်တယ်။ လက်အကျင့်က ရှိနေတာကိုး။ ဒါပေမဲ့ သူမတိုးတက်ဘူး။ ဘာလို့မတိုးတက်တာတုန်းဆိုတော့ အလုပ်မှာ အသိ တရားမပါလို့ မတိုးတက်တာ။ ဒါကြောင့် အသိတရားပါတဲ့ အလုပ်တစ်ခု လုပ်နိုင်ဖို့ ကြိုးစားပါ” တဲ့။

ဆရာ့စကားတွေက ကျွန်တော့်အတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေပါပဲ။ ရှေ့လျှောက် ဒီရတနာတွေကိုပဲ အရင်းပြုပြီး အသက်မွေး ရမှာပါ။

ကျွန်တော်တို့ပန်းချီကျောင်းက အထက်တန်းကျောင်းတွေလို ‘သင်ရိုးညွှန်းတမ်းစာအုပ်’ ရယ်လို့ မရှိဘူး။ ဆရာတစ်ယောက် နောက်ဆရာ တစ်ယောက်ကို ရှေ့အင့် ဆိုပြီး လက်လွှဲပေးရမယ့် သင်ရိုးညွှန်းတမ်းစာအုပ်၊ ဒီစာအုပ်ကြည့်ပြီး သင်ရမယ့်စာအုပ်ရယ်လို့ မရှိဘူး။ သင်ရိုးညွှန်းတမ်းဆိုလို့ ခေါင်းစဉ် Title တွေပဲ ရှိတယ်။ ဥပမာ ပထမနှစ်မှာ မျဉ်းကြောင်းများ အကြောင်း သင်ကြားရန် ဒါပဲ။ ဒီမျဉ်းများအကြောင်းကို သင်မယ့်ဆရာ တစ်ယောက်စီရဲ့ အာဘော်တွေ မတူကြသလို သင်ကြားနည်းတွေလည်း မတူကြဘူး။ ရှာဖွေလေ့လာထားတာတွေ မတူကြလို့ တပည့်ကို ပြန်ပေးရာ

မှာလည်း မတူတော့ဘူး၊ ဒါကြောင့် နည်းပြဆရာက ကိုယ့် သင်ရိုးကို ကိုယ့်ဘာသာပြုစုရတယ်။

ရေဆေးရေးနည်းသင်ရန်လို့ သင်ရိုးမှာ ပါတယ်။ ရေဆေး ဘယ်က စသင်မှာတုန်း။ မိုနိုတုန်း (Mono Tone) အကြောင်းက စမှာလား။ မိုနိုတုန်း အကြောင်းကို ဘယ်နေရာက ဘယ်လို စသင်ကြမလဲ။ သင်မယ့်ဆရာက ကလေးတွေအပေါ်မှာ ကိုယ်ရှာဖွေတွေ့ရှိထားသလောက်ပဲ သင်နိုင်တာ။ ဒါကြောင့် မောင်ခင်မောင်စန်း မင်းဒီနှစ်မှာ မိုနိုတုန်းအကြောင်း ဒီလောက် သိရင် နောက်နှစ်မှာ မိုနိုတုန်းအကြောင်း ဒီနှစ်ထက်ပိုသိအောင် ရှာထား၊ လေ့လာထား။ ပါစပက်တစ် (Perspective) လည်း ဒီလိုပဲ။ ပိုပြီးသိအောင်လုပ်ထားလို့ မှာဖူးတယ်။

ခဏနေတော့ ဆရာက သူ့လွယ်အိတ်ထဲက စာအုပ်တစ်အုပ် ထုတ်လိုက်တယ်။ ဆရာက သူရှာဖွေပြုစုထားတာတွေ၊ ပန်းချီပညာ တွေ့ရှိချက်တွေ၊ ကျောင်းသားတွေကို သင်ရမယ့် သင်ရိုးတွေ ဒီစာအုပ်ထဲမှာ ရေးထားတယ်တဲ့။

"ဒါ ဆရာပြုစုထားတဲ့စာအုပ်ပဲ မောင်ခင်မောင်စန်း"

စာအုပ်က အလျားဆယ့်ရှစ်လက်မ၊ အနံ ဆယ့်နှစ်လက်မလောက် ရှိမယ်။ ဝင်ဆာနယူတန်တံဆိပ်ပါတဲ့ ညိုဝါဝါကတ်ထူဖုံးလေး၊ အနောင့်က အပေါက်လေးတွေပါပြီး စပရိန်နန်းနဲ့ ချုပ်ထားတယ်။ အထူက လက် တစ်လုံးလောက် ထူတယ်။

ဒီစာအုပ်ကို ကြည့်ချင်တဲ့ အာသီသက ပြင်းပြလာတယ်။ ကိုယ့်ဆရာ ဘာတွေ ရေးထားပါလိမ့်၊ လေ့လာချင်စိတ် ပေါ်လာတယ်။

"ဆရာ့စာအုပ် ကျွန်တော်ကြည့်ပါရစေခင်ဗျာ"

"မပြနိုင်ဘူး မောင်ခင်မောင်စန်း" လို့ လေသံပြောင်းပြီး ခပ်မာမာ ပြောလိုက်တယ်။ ကျွန်တော့်ခေါင်းကို မိုးကြိုးပစ်ချလိုက်သလိုပဲ။ ချက်ကောင်းကိုထိတဲ့ အလွန်ပြင်းတဲ့ ဖြောင့်လက်သီးတစ်လုံးပေါ့။ ဆရာ့ စကားကြားပြီး လူကို မွှန်ထူ ပြာဝေသွားတာပဲ။ ဆရာကတော့ ဒါဟာ

ဘာမှမထူးဆန်းတဲ့ကိစ္စတစ်ခု ဘာမှ မပြောမိသလို၊ ဘာခံစားချက်မှ မရှိသလိုပဲ။ ပြီးတော့ ဆက်ပြောပုံကြီးက –

"ငါ မင်းကို ဒီစာအုပ် ပြလိုက်ရင် မင်းက အလွယ်တကူ အချောင်ရသွားမှာပေါ့။ မင်းကြိုးစားချင်စိတ်ရှိတော့မှာ မဟုတ်ဘူး။ ဒါ ဆရာ့ဘာသာကြိုးစား ရှာဖွေလုပ်ကိုင်ထားတာတွေ။ မင်းလည်း ကိုယ့် ဘာသာ ရှာဖွေထားကွ၊ သင်ရိုးတွေလည်း မင်းသိပြီးသား၊ ကိုယ်သင်ရမယ့် သင်ရိုးတွေ လစဉ်ရေးထားတယ် မဟုတ်လား"

ကျွန်တော့်စိတ်ထဲမှာ တော်တော့်ကို မကျေမနပ် ဖြစ်မိတယ်။ ဆရာကို ပြစ်မှားတာတော့ မဟုတ်ဘူး။ မခံချင်စိတ်လည်း ထောင်းခနဲ ထလာတယ်။ ဆရာက ကိုယ့်တပည့်အပေါ် ပြောရက်လေခြင်းပေါ့။ အတွေးတွေလည်း ချာချာလည်လို့။

* * *

ရာသီတွေပြောင်းလို့ နှစ်တွေလည်း ကြာညောင်းခဲ့ပြီ။ တစ်ထောင် တန်ငွေစက္ကူတွေ ကိုင်သုံးကြ။ ကျွန်တော်လည်း တစ်ကိုယ်တော်ပြပွဲတွေလုပ်၊ ပန်းချီကားတွေ ဈေးကောင်းကောင်းနဲ့ ရောင်းရ၊ ကျွန်တော့်ပန်းချီကား တချို့ နိုင်ငံခြားကို ခရီးထွက်သွားကြပြီ။

ဆရာဦးကျော်လေးရဲ့ ဆုံးမစကားတွေ၊ အဆိုအမိန့်တွေ နားထောင်ရင်း ကိုယ်ပိုင်ဖြစ်အောင် ရှာရင်းဖွေရင်း လုပ်သက် အတော်ရခဲ့ပြီ။ စိတ်နှလုံးမှာတော့ ကိုယ့်ဆရာ နောက်ဆုံးရိုက်သွားတဲ့ ကြိမ်ဒဏ်က စပ်ဖျဉ်းဖျဉ်းရှိနေတုန်း။

"မပြနိုင်ဘူး မောင်ခင်မောင်စန်း၊ ငါမင်းကို ဒီစာအုပ်ပြလိုက်ရင် မင်းက အလွယ်တကူ အချောင်ရသွားမှာပေါ့ ..." ခဏခဏ ပြန်ကြား ယောင် မြင်ယောင်နေတယ်။ ဒါကြောင့် ဘာသာကြိုးစား ရှာဖွေ ရေးနေ မိတယ်။

ဆရာရှာထားတာလေးနဲ့ ကျွန်တော်ရှာဖွေ တွေ့ရှိထားတာလေး တွေ ပေါင်းစပ်မိရင် တကယ့်ကို ကောင်းမွန်တဲ့ စာအုပ်ကောင်းလေး ဖြစ်လာမှာလို့ ကျွန်တော်စိတ်ကူးယဉ်မိတာ အကြိမ်ကြိမ်ပဲ။

အခုတော့ ဆရာ ကွယ်လွန်သွားရှာပါပြီ။ ရန်ကုန်မှာ ကွယ်လွန်ရှာ တယ်၊ ဆရာပြုစုထားခဲ့တဲ့ စာအုပ်က သူ့အနားက လက်ရင်းတပည့် ပန်းချီကျောင်းက ဆရာတစ်ယောက် ရသွားတယ်လို့ ကြားမိတယ်။

တစ်နေ့တော့ ရန်ကုန်မှာ ဌာနအစည်းအဝေးကို သွားရင်း ဆရာ ဦးကျော်လေးရဲ့ စာအုပ်ရသွားတဲ့ ပန်းချီဆရာနဲ့ လက်ဖက်ရည်ဆိုင်မှာ အတူထိုင်မိကြတယ်။ ဒီလိုအတူထိုင်မိအောင်လည်း အကွက်ဆင်ဉာဏ်ကူ ရတာပေါ့။

ဒီဆရာကို စတွေ့ကတည်းက ဆရာ့စာအုပ်အကြောင်း မေးချင် လှပြီ။ စကားလုံးတွေက နှုတ်ဖျားကိုစုပြုံပြီး ရောက်နေကြပြီ။ ဒါပေမဲ့ ဒီစကားလုံးတွေကို ပြန်ပြန်မျိုချပြီး အရေးမကြီးတာတွေ၊ အစည်းအဝေး အကြောင်းတွေ၊ တောပြောတောင်ပြောတွေ လျှောက်ပြောနေရတယ်။ ခဏနေမှ –

“ဒါနဲ့ စကားမစပ် ဆရာဦးကျော်လေးရဲ့ ပန်းချီစာအုပ်တစ်အုပ် ဆရာ ရထားလိုက်တယ်ဆို”

ကျွန်တော့်စကားကိုကြားတော့ ဟိုဆရာက ပြုံးလိုက်တယ်။ သူ့အပြုံးရဲ့ နောက်ကွယ်မှာ အဓိပ္ပာယ်တစ်ခုခု ရှိနေသလိုပဲ။

“ဟုတ်တယ် ရထားတယ်ဆရာ”

“ကျွန်တော်များ ခဏလောက်ကြည့်လို့ ရမလားဗျာ၊ ဒါမှမဟုတ် ဆရာ့အတွက် အသုံးမတည့်လှရင်လည်း ကျွန်တော့်ကို ရောင်းနိုင်ရင် ရောင်းပါလားဗျာ”

ဟိုဆရာက ပြုံးနေတုန်းပဲ။

“ရောင်းတော့ ရောင်းချင်သားပဲ”

ကျွန်တော်ဝမ်းသာသွားပုံက မဖုံးနိုင် မဖိနိုင်များ ဖြစ်သွားလေ

သလား၊ ကျွန်တော့်မျက်နှာခံမကောင်းရင် စာအုပ်က ဈေးမြင့်သွားမယ်။ သူဆိုတဲ့ဈေးနဲ့ဝယ်ရမယ့်စာအုပ် မဟုတ်လား။

"ခဏနေဦးဆရာ၊ စာအုပ်က ကျွန်တော့်ဗီရိုထဲမှာ အခုရှိနေတယ်"

ရန်ကုန်က ဆရာက လက်ဖက်ရည်ဆိုင်ထဲက ထွက်သွားတယ်။ ကျွန်တော့်မှာသာ လက်ကျန်ငွေရယ်၊ ရထားလက်မှတ်ဖိုးရယ်၊ ကလေးတွေဖို့ လက်ဆောင်ပစ္စည်း ဝယ်စရာ တွက်ချက်ပြီး စာအုပ်ဖိုးငွေကို သင့်နေမိတယ်။ ပြီးတော့ အခုသောက်နေကြတဲ့ လက်ဖက်ရည်ဖိုးကလည်း ကျွန်တော်က ရှင်းမှ ကောင်းမှာ။

တစ်အောင့်ကြာတော့ ရန်ကုန်ဆရာက စာအုပ်တစ်အုပ် ချိုင်းကြားညှပ်ပြီး ဆိုင်ထဲ ပြန်ဝင်လာတယ်။

စာအုပ်ကို မြင်လိုက်ကတည်းက ကျွန်တော့်စိတ်တွေက သားကောင်အနံ့ရတဲ့ အမဲလိုက်ခွေးကောင်းကောင်းတစ်ကောင်လို ဖြစ်နေပြီ။

ဒီဆရာကလည်း ဟန်တစ်ခွဲသားနဲ့။ စာအုပ်ကို ကျွန်တော့်လက်ထဲ မထည့်သေးဘဲ၊ တန်ဖိုးတက်အောင် သူ့လက်ထဲမှာကိုင်ပြီး မြှောက်ပြတယ်။ ကျွန်တော်နဲ့သူ့ကြားမှာ လက်ဖက်ရည်စားပွဲကြီးက ခြားနေတယ်။

"ဆရာ ခင်မောင်စန်းပြောတာ ဒီစာအုပ် ဟုတ်ရဲ့လား"

ကျွန်တော်က ခေါင်းကိုချက်ချင်းညိတ်ရင်း "ဟုတ် – ဟုတ်ပါတယ်"

"သေချာတယ်နော်"

"သိပ်သေချာတာပေါ့"

စာအုပ်က ဝင်ဆာနယူတန်တံဆိပ်ပါတဲ့ ညိုဝါဝါအဖုံးလေးနဲ့ စပရိန်နန်းကြိုးနဲ့ချုပ်ထားတဲ့စာအုပ်လေး။

"ကဲဗျာ ဆရာ့ကို မရောင်းခင် ဒီစာအုပ်ကို ဘာလို့ လိုချင်တယ် ဆိုတာကို ပြောမပြနိုင်ဘူးလားဆရာ"

ကျွန်တော့်စိတ်က စာအုပ်ဆီမှာပဲ ရောက်နေလေတော့ စကားတွေ သိပ်များများ မပြောချင်ဘူး။

"ကျွန်တော့်ဆရာရဲ့စာအုပ်မို့ အမှတ်တရ သိမ်းထားချင်လို့ပါ" ဒီစကား မှသားမပါပါဘူး။

"ကောင်းပြီ ဆရာခင်မောင်စန်းက ဒီစာအုပ်ကို ဘယ်လောက်ပေးပြီး ဝယ်မှာလဲ"

"ကျွန်တော်လည်း ဆရာ့လို ပန်းချီကျောင်းက ကျောင်းဆရာပဲဗျာ၊ ပိုက်ဆံတတ်နိုင်တဲ့လူစားထဲမှာ မပါပါဘူး။ အပြန်စရိတ်ကလည်း ရှိသေးတယ်"။ ကျွန်တော့်စကားကို ဟိုဆရာက သိပ်စိတ်ဝင်စားပုံ မပေါ်ဘူး။ သူဝတ်စားထားပုံက သူ့လစာနဲ့နှိုင်းယှဉ်ရင် ငွေအသုံး အမြဲလိုနေမယ့် လူမျိုး။

"နေပါဦးဗျ။ ဆရာကရော ဘာလို့ ဒီစာအုပ်ကိုမှ ဆရာ့ဆီက ယူထားလိုက်တာလဲ။ ဆရာမကွယ်လွန်ခင်က တောင်းထားလိုက်တာလား၊ ဆရာကွယ်လွန်ပြီးမှ ဆရာ့မိသားစုဆီက ..."

"ဆရာ့မိသားစုဆီက ဆရာကွယ်လွန်ပြီးမှ တောင်းထားတာပါ"

ဒီဆရာကို ကျွန်တော့်စကားဆုံးအောင် မပြောလိုက်ရဘဲ၊ ဘာလို့ ဒီစာအုပ်မှ တောင်းရတယ်ဆိုတာကိုလည်း သူက မဖြေဘူး။

"ကျွန်တော် ဒီစာအုပ်ကို မရောင်းတော့ဘူး"

"ဗျာ ..."

"ဆရာတူတပည့်ချင်းပဲဗျာ၊ ကိုယ်ချင်းလည်း စာပါတယ်၊ ကျွန်တော်အမှတ်တရအနေနဲ့ လက်ဆောင်ပေးလိုက်ပါမယ်"

ကျွန်တော့်နားကို ကျွန်တော် မယုံနိုင်အောင်ပါပဲ။

ကျွန်တော် ဟန်မဆောင်နိုင်ဘူး။ သူကမ်းပေးလိုက်တဲ့ စာအုပ်ကို ဣန္ဒြေမဆည်နိုင်အောင်ဘဲ ခပ်သွက်သွက် လှမ်းယူလိုက်တယ်။ ကျွန်တော့် အပြုအမူက နည်းနည်းရိုင်းသလိုတောင် ဖြစ်သွားသေးတယ်။

ဒီဆရာကတော့ ခပ်ယဲ့ယဲ့ပြုံးနေတုန်းပဲ။ ကျွန်တော့်ဘဝအတွက် ‘တက်’ ဆိုရင်လည်းဟုတ်တယ်၊ ‘ရွက်’ ဆိုရင်လည်း ဟုတ်မယ့် ကျွန်တော့်ဆရာရဲ့စာအုပ်။

အနှစ်နှစ် အလလ ကျွန်တော်မက်ခဲ့ရတဲ့အိပ်မက်။

စာအုပ်ကို တုန်ယင်တဲ့လက်တွေနဲ့ ခပ်ဖွဖွ ဆုပ်ကိုင်ထားမိတယ်။ တံတွေးတွေ အကြိမ်ကြိမ်မျို၊ လက်ဖဝါးတွေအေး၊ ခြေဖဝါးမှာ ချွေးစေးတွေထွက်နဲ့။ ဆရာ့မျက်နှာကိုလည်း မြင်ယောင်မိတယ်။

စာအုပ်ကို ဟန်မဆောင်နိုင်ဘဲ ခပ်မြန်မြန် ဖွင့်ကြည့်လိုက်တဲ့ အခါ —

❊ ❊ ❊

ရန်ကုန်ပန်းချီကျောင်းကဆရာရဲ့ အပြုံးကို အဓိပ္ပာယ်ဖော်နိုင်ပါပြီ။

ဆရာဦးကျော်လေးရဲ့ ကျေးဇူးကြီးပါပေတယ်။

ပန်းချီပညာကို ကိုယ်တိုင်ကြိုးစားရှာဖွေ လေ့လာ ရေးဖြစ်အောင် ဆရာက သွန်သင်သွားခဲ့သူပါ။

ရွှေအမြုတေ မဂ္ဂဇင်း၊ ၂၀၀၀ ပြည့်၊ ဖေဖော်ဝါရီ



# သနပ်ခါးနဲ့ကျွက်ပါးဆင်



# သနပ်ခါးနဲ့ ကွက်ပါးဆင်

ကျွန်မ အစ်မက ရှန်ဟဲမှာ ဒီပညာကို လာသင်ထားတာ။ မန္တလေးက ရှန်ဟဲပါ။ ကျွန်မက သူ့ဆီကတစ်ဆင့် ပြန်သင်ထားတာလေ။ ဒီတော့ အလှပြင်တဲ့ပညာ၊ ဆံပင်ညှပ်တဲ့ပညာကို မတောက်တစ်ခေါက် တတ်ထားတယ်။ ကျွန်မက ဒီအလုပ်ကို သိပ်ဝါသနာပါပြီး သိပ်စိတ်ဝင်စားတာ၊ အလှပြင်ရမယ်ဆိုရင် ထမင်းမစားရရင်နေပေ့စေ။ ကျောင်းစာကိုတော့ စိတ်မဝင်စားဘူး။ အစ်ကိုနှစ်ယောက်က ကျူရှင်ဆရာတွေဆိုတော့ ကျွန်မကို အထက်တန်းပညာတွေ တတ်စေချင်ကြတယ်။ ကျွန်မကလည်း စာတွေကို မိတ်ကပ်ပညာလောက်ကို စိတ်မဝင်စားဘူး။ ဘယ်လိုပဲရိုက်ပြီး စာသင်သင် ခေါက်ပြီးသင်သင် မရဘူး။ ကျွန်မက မိတ်ကပ်မှ မိတ်ကပ်၊ ဗြူတီပါလာမှ ဗြူတီပါလာပဲ၊ ရိုက်ပါခေါက်ပါများလာတော့ အစ်ကိုတွေပဲ လက်ရော ခြေရော မြောက်ကြရရော။

ဘယ်မှ မသင်ခင် ငယ်ငယ်ကတည်းက ကျွန်မကို မုန့်ဖိုးပေးရင် မုန့်ဝယ်မစားဘူး၊ စုထားပြီး မိတ်ကပ်ဘူးတွေ၊ နှုတ်ခမ်းနီဘူးတွေ လက်သည်းဆိုးဆေးတွေ ဝယ်စုထားတာ။ အလှူအတန်းတွေ ပေါ်မဲ့ရက်ကိုပဲ မျှော်နေတော့တာ၊ သီးနှံတွေရကြပါစေ၊ လှူနိုင်တန်းနိုင်ကြပါစေပဲ ဆုတောင်းနေတာ။ ရွာမှာ အလှူရှိရင် မိန်းကလေးတွေကို ကျွန်မက

လိုက်ပြီး အလှပြင်ဖို့ ဇွတ်ရော အဓမ္မရော ခေါ်တော့တာပဲ။ ကျွန်မ ဝယ်စုထားတဲ့ အလှပြင်ပစ္စည်းတွေ ထုတ်ပြီး လိမ်းပေး၊ ခြယ်ပေး၊ ဖြီးပေး တော့တာပဲ။ ဆံထုံးတွေလည်း အမျိုးမျိုးထုံး၊ လိမ်လိမ်ကောက်ကောက်၊ ကွေးကွေးတွေဖြစ်အောင် ပြုပြင်ပေး လိမ်းပေးတာပေါ့။

“လာ ငါလူးပေးမယ်၊ လှရစေ့မယ်ကောင်မရဲ့၊ လာ၊ လူးရ အောင်ပါဆို” နဲ့ ဖြစ်နေရတာ။ အဆီအငေါ် တည့်တဲ့အခါလည်း တည့်ပြီး လှသွားတာပဲ။ မတည့်တာက ခပ်များများ။ အဲဒီလို အဆီအငေါ်မတည့်တဲ့ အခါ ကြည့်ရတာ တော်တော်ကိုဆိုးမှာပါ။ ကိုယ်က သိပ်လူးပေး လိမ်းပေး ပြင်ဆင်ပေးချင်နေတာ မဟုတ်လား။ နဂိုကထက်တော့ နည်းနည်းကြည့် ပျော်ရှုပျော် ဖြစ်သွားတယ်လို့ ထင်မိတာချည်းပဲ။ ဒီပညာကို ထဲထဲဝင်ဝင် လေ့လာပြီးမှ ငယ်ငယ်က ‘မျက်ကန်း တစ္ဆေမကြောက်’ လျှောက်လုပ်ခဲ့တာ တွေကို ရယ်ချင်တယ်။ တချို့ကောင်မတွေက အဟုတ်မှတ်လို့ ဓာတ်ပုံတွေ ရိုက်ထားလိုက်ကြတာ၊ ကျွန်မဖြင့် အဲဒီဓာတ်ပုံတွေ အခုကြည့် အခုထိ ရှက်မိတုန်း။

ရုပ်ရှင်တွေကြည့်ရင် သူများလိုဇာတ်လမ်းကြည့်တာ မဟုတ်ဘူး။ မင်းသမီးကိုကြည့်တာ။ အတုခိုးရအောင်လို့။ ဒီလိုကြည့်ရင်းကြည့်ရင်းနဲ့ ကြီးလာရင် အလှပြင်တဲ့လုပ်ငန်းကို အောင်မြင်အောင် လုပ်ကိုလုပ်မယ်လို့ ကြုံးဝါးထား၊ ဆုံးဖြတ်ထားတာ။

အဲဒီလို ကိုယ့်ရွာသူတွေ လိမ်းပေးရင်း၊ လူးပေးရင်းနဲ့ တဖြည်း ဖြည်း အတွေ့အကြုံများလာ၊ အမြင်ကျယ်လာတယ်။ မုံရွာရောက်ရင် ကျွန်မ မရှက်ပါဘူး။ မင်္ဂလာဆောင်ခန်းမတွေ ဘာတွေ တက်တာပဲ။ ကိုယ်နဲ့သိသိ၊ မသိသိ။ အဝတ်အစား သားသားနားနားဝတ်၊ ဘက်အိတ် တစ်လုံး သူငယ်ချင်းဆီကငှားပြီး မင်္ဂလာဆောင်ဝင်တာပဲ။ ရေခဲမုန့်စားချင် လို့ မဟုတ်ဘူး။ ခပ်တည်တည်နဲ့ထိုင်ပြီး ဟိုကြည့်ဒီကြည့်နဲ့ အမျိုးသမီး တွေရဲ့ တစ်ကိုယ်စာ ဒီဇိုင်းတွေကို လေ့လာတာ။ မုန့်ပွဲလာချရင် ဟန်မပျက် စတိလောက်ပဲစားတယ်။ သတို့သမီးကို အထူးဂရုစိုက်ပြီး လေ့လာတာ

ဆိုတော့ ခန်းမထဲ သတို့သမီး ဝင်မလာမချင်း မပြန်ဘူး။ သူ့ကို စောင့်ကြည့်ရတာ။ အင်္ကျီနဲ့ထဘီက ဘာဝတ်သလဲ၊ ဘယ်လိုဒီဇိုင်းချုပ်လို့ ပဝါ ဘာရောင်ခြုံသလဲ။ ဆံထုံးကရော ဘယ်လိုဆံထုံးလဲ၊ လက်ဝတ်လက်စားဝတ်ပုံ၊ ပန်းကိုင်သလား၊ ပန်တာကရော ဘယ်လိုပန်းမျိုးပန်သလဲ၊ ဆံမြိတ် ဘယ်ဘက်ချသတုံး။ မြို့ကဒီဇိုင်းကို အမီလိုက်ဖို့ ကြည့်ရလေ့လာရတာလေ။ မျက်စိထဲကလည်း ကိုယ့်အကြိုက်နဲ့ ညီမညီ လေ့လာမှတ်ထားရသေးတယ်။ အားရပြီး စွဲနေအောင် မှတ်မိပြီဆိုမှ လက်ဖွဲ့ပြီး ခန်းမထဲကနေ မှင်သေသေနဲ့ ထွက်လာတာ။

ကျွန်မက ဒီပညာလိုချင်လို့ မန္တလေးက ထိပ်ဆိုတဲ့ အလှပြင်ဆိုင်တွေလည်း လိမ်းဖူးတယ်။ ဒီတစ်ဆိုင်ဝင်လိမ်း၊ ဖျက်ပစ်လိုက်။ နောက်တစ်ဆိုင်ဝင်လိမ်းပြန်ရော။ သူတို့ဘယ်လိုလိမ်းတယ်၊ ဆံထုံးဘယ်လို ထုံးတယ်။ နှုတ် ဘယ်လိုပြောကြတယ်၊ ဒါတွေ မှတ်ရတာ။ တချို့ဆိုင်တွေက လက်ကတော်တော် ပါးစပ်က သိပ်ဖြစ်တာ။ မိန်းမချင်း လက်ထပ်ချင်စိတ်ပေါ်အောင်ကို အပြောကောင်းတာ။ ဘြော် ဒါ နောက်ကို သူတို့ဆိုင်မှာပဲ လာလိမ်းရ ခြယ်ရအောင် ပြောနေတာပါလားလို့။ သတိထား၊ သတိထားပြီး ဟုတ်ကဲ့လိုက်ရတယ်၊ မန္တလေးက အဲဒီအလိမ်းနဲ့အပြော အတတ်တတ်ခဲ့တယ်။

မုံရွာကတော့ မြို့လုံးကျွတ်တယ်၊ ကျွန်မ မလိမ်းဖူး မခြယ်ဘူးတဲ့ ဆိုင်ကို မရှိဘူး။ ငွေကုန်ကြေးကျခံပြီးတော့ကို ပညာယူတာ။ ဆိုင်တိုင်းလောက်နီးနီးကို စိတ်တိုင်းမကျဘူး၊ နောက်ဆုံး ကျွန်မ ဆရာတင်ရမယ့်လူ၊ ကျွန်မ ဆရာတင်ချင်တဲ့လူကို တွေ့ပါလေရော။ သူကလည်း မန္တလေးကနေ မုံရွာမှာလာပြီး ဆိုင်ဖွင့်နေတာ။ အရင်တပည့်တစ်ယောက်ကို ၁၅ဝဝိ နဲ့ သင်ပေးနေရာက နောက်တော့ ၂၅ဝဝိ ဖြစ်ကရော။ အဲ ၂၅ဝဝိ ကနေ ၃၅ဝဝိ တဲ့။ ဒါလည်း တပည့်ခံမယ့်သူက ရှိနေတာပဲ။ နောက်တော့ တဖြည်းဖြည်းတောင် မဟုတ်ပါဘူး။ တစ်မဟုတ်ချင်း ချည်းတက်သွားလိုက်တာ ၅ဝဝဝိ ဖြစ်သွားရော။ မြို့ကလည်း နယ်မြို့ မဟုတ်လား။

ဟိုတုန်းက ၅၀၀ဝိ ဆိုတာလည်း နည်းတာမဟုတ်ဘူး။ ဒါပေမဲ့ တပည့်တွေက မရှားဘူးတဲ့။ ကျွန်မရောက်သွားတော့ ဆရာသမားက တပည့်တွေထဲက တချို့တပည့်တွေကို စိတ်နာ၊ စိတ်ကုန်ပြီး ၅၀၀ဝိ ပေးလည်း မသင်တော့ဘူး၊ ၆၀၀ဝိ ပေးလည်း မသင်တော့ဘူးတဲ့။

ကျွန်မနဲ့ ကျွန်မအစ်ကိုကြီးရဲ့ သမီးလေးနဲ့ မိတ်ကပ်ဆိုင်တွေလျှောက်လည်ပြီး လူးလိုက် ဖျက်လိုက်လုပ်ရင်း တူမလေးကို "ငယ်ငယ်ငါတော့ ဒီဆိုင်အကြိုက်ဆုံးပဲ" လို့ ပြောတော့ သူက ကျွန်မကို အံ့အားတသင့်နဲ့ကြည့်ပြီး "အန်တီကလည်း ရှုးလည်းရှုးပ၊ အခုလူး၊ အခုဖျက်နဲ့၊ ဒီဆိုင်က အရင်ဆိုင်တွေနဲ့ ဘာများထူးလို့လဲ" တဲ့။ "ငါ့စိတ်နဲ့ငါပါအေ၊ နင်မသိပါဘူး၊ ဒီဆိုင်က ပညာအပါဆုံးပဲ" လို့ ပြောတော့ သူက "မဟုတ်ပါဘူး အန်တီမိုးကလည်း၊ ဈေးနားကဆိုင် နာမည်အကြီးဆုံး၊ ပညာသင်ရင် အဲဒီဆိုင်မှာ သင်ပါအန်တီမိုးရဲ့" တဲ့။ ကျွန်မက သူပြောတာ လက်မခံဘူး။ "ညည်းမသိပါဘူးအေ၊ ငါကတော့ သူ့ဆိုင်ကို သဘောအကျဆုံး" လို့ ပြောမိတယ်။ ဆရာသမားက လက်စွမ်း ထက်လိုက်ပုံကတော့ ကျွန်မရဲ့ မျက်ခုံးမွှေး ဆွဲလိုက်ကတည်းက ကျွန်မရုပ်က ပြောင်းသွားပြီလေ။ ဒိပြင်ဆိုင်တွေနဲ့ ကံမဆုံတာလား၊ ပညာချိုလွှတ်လိုက်တာလားတော့ မသိဘူး၊ ကျွန်မကတော့ ဒီဆရာသမားနဲ့လည်း ပြင်ပြီးရောသိပ်သဘောကျပြီး အနားမှာရှိတဲ့ ဓာတ်ပုံဆိုင်မှာ ဓာတ်ပုံဝင်ရိုက်တော့တာပဲ။ ဓာတ်ပုံရိုက်ပြီးတော့ ကျွန်မက ဆရာသမားရဲ့ဆိုင်ထဲ နောက်တစ်ခေါက်ပြန်သွားတယ်။ ဆိုင်က တော်တော်ကို သားနားတယ်။ ဆရာသမားက ကျွန်မကို ဆံပင် ညှပ်ချင်သေးလို့ ပြန်လာတယ်ထင်ပြီး မေးပါလေရော။ ကျွန်မက မဟုတ်ပါဘူး၊ ဆံပင်ပြုပြင်တဲ့ပညာ၊ မျက်နှာလိမ်းခြယ်တဲ့ပညာလိုချင်လို့ပါလို့ ပြောလိုက်တယ်။ ဒီတော့ သူက ဘယ်သူမှ လက်မခံတော့ဘူးတဲ့။ ဘယ်လိုမှ ပြောလို့ မရဘူး။ ကျွန်မ စိတ်ဓာတ်တော်တော်ကျသွားတယ်။

အိမ်ရောက်တော့ အစ်ကိုကြီးကိုလည်း ဒီအဖြစ်သနစ်ကို ပြောပြတာပေါ့။ တူမလေးကလည်း တစ်မျှောင့်။ ကျွန်မသင်ချင်နေတဲ့ ဆရာသမားကလည်း မိန်းမလျာ၊ အခြောက်ဖြစ်နေလေတော့ သူပြောမယ်ဆိုရင်လည်း ပြောစရာဖြစ်နေတယ်လေ။ အစ်ကိုကြီးကလည်း "ငါ့နှမကလည်းဟာ အခြောက်ဆိုင်မှ သင်ချင်ရသလား၊ သူက ဘယ်လောက်တော်လို့လဲ" နဲ့ အစ်ကိုကြီးက အစီအစဉ်ကို ဖျက်ဖို့ ကြိုးစားတယ်။ ကျွန်မကလည်း ဒီဆရာမှ ဒီဆရာ ဖြစ်နေပြီ။ နောက်တစ်နေ့ ဓာတ်ပုံရတော့ ထပ်ပူဆာရင်း ဓာတ်ပုံကို အစ်ကိုကြီးပြလိုက်တော့ သူတော်တော် အံ့သြသွားတယ်။ ဟာ – ငါ့နှမမှ ဟုတ်ရဲ့လား၊ ရုပ်ပြောင်းသွားလိုက်တာ၊ ရုပ်ရှင်မင်းသမီး ထင်ရတယ်ဟေ့၊ တော်တော် တော်တဲ့အခြောက်ပဲနဲ့။ တော်လုံးချင်းကို ရိုက်သွားတာပဲ။ ကျွန်မက နားပူနေလေတော့ သူကလည်း မတားတော့ဘဲ အကြံထုတ် စဉ်းစားတော့တာပေါ့။ ငါးလိုချင်ရင် ငါးမျှားချိတ်မှာ ငါးစာ တပ်ရတယ်လို့ ပြောပြီး သူ့ကျူရှင်က တပည့်တွေထဲက 'ရွှေလင်း' ဆိုတဲ့ ကျောင်းသားလေးကို အကူအညီတောင်းကြည့်တယ်။ "မင်း ဆရာ့နှမကို ကူညီပါဦး၊ ကျူရှင်မတက်ခင်ဖြစ်ဖြစ်၊ ကျူရှင်ဆင်းတော့ဖြစ်ဖြစ်ပေါ့။" ရွှေလင်းက အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်းနဲ့ ဆံပင်က နက်မှောင်ပြီး တော်တော်ချောတယ်။ သူက သူ့ဆရာရော ကျွန်မကိုပါ အားနာပြီး ကူညီရှာတယ်။

ရွှေလင်းနဲ့ ကျွန်မတို့ဆိုင်ထဲ ဝင်သွားတော့ ဆရာသမားက ဆံပင်ညှပ်ချင်လို့လားလို့ ဆီးမေးတယ်။ ရွှေလင်းက "ဟင့်အင်း ဆံပင်ညှပ်ချင်လို့ လာကြတာမဟုတ်ဘူး မခိုင်" လို့ သူ့နာမည်ကို အဖျားဆွတ်ပြီး ခေါ်လိုက်တယ်။ သူတို့ချင်း အရင်က သိကြတာမဟုတ်ဘူး။ ရွှေလင်းက ခပ်စေ့စေ့ပြုံးရင်း သူကြိုက်လောက်တဲ့စကားလုံး ဖမ်းသုံးလိုက်တာ။ "ဒါ တို့အစ်မပဲ မခိုင်၊ မိတ်ကပ်ပညာသင်ချင်လို့တဲ့ မခိုင်ရာ၊ သင်ပေးနိုင်မလား၊ သင်မယ်ဆိုရင် ကျွန်တော်က မမကို လိုက်ပို့ရမှာ အပြန်လည်း လာလာကြိုမှာ။" မခိုင်ဆရာသမားရဲ့ မျက်နှာက ကျွန်မကို စက္ကန့်ပိုင်း

လေးပဲ ဖျတ်ခနဲကြည့်ပြီး ရွှေလင်းကို ပြုံးပြုံးကြီးကြည့်ပြီးနေလိုက်တာ၊ သူ့ အကြည့်က ကြက်သီးထစရာတောင် ကောင်းတယ်။ ဆရာသမားက လည်း ချက်ချင်းသင်ပေးမယ် ဖြစ်သွားရော။ “သင်တန်းကြေး ဘယ်လောက် ကန်တော့ရမှာလဲ” လို့ မေးတော့ မကန်တော့ပါနဲ့တဲ့။ အခမဲ့ကို သင်ပေး တော့တာ၊ နောက်ပိုင်း သင်ရင်း သင်ရင်းနဲ့ သူ့ပညာတွေ တော်တော်ရ လိုက်တယ်။ အကုန်နီးပါးဆိုပါတော့။ ဆရာသမား အသင်အပြကို သဘော ကျလို့ ငွေ ၅၀၀ဝိ ကန်တော့ခဲ့တယ်။ ကိုယ်က အစကတည်းက ကန်တော့ ဖို့ ရည်ရွယ်ထားပြီးသားလေ။ ပညာတန်ဖိုးဆိုတာ ဖြတ်လို့ရတဲ့အမျိုးမှ မဟုတ်ဘဲ။ ရွှေလင်းကိုလည်း တစ်ထောင်ကျော်တန်တဲ့ ရှပ်အင်္ကျီ အပြာနု လေး လက်ဆောင်ပေးလိုက်တယ်။ သူက သူ့ဆရာ မျက်နှာကြောင့် မယူပါဘူး၊ လက်မခံပါရစေနဲ့ လုပ်နေတာ၊ အစ်ကိုကြီးက ဇွတ်အယူခိုင်း တော့မှ ယူသွားတာ။ ဒါတောင် ရွှေလင်းကို လက်ဖက်ရည်တိုက် မုန့်ကျွေး နဲ့ ၄ဝိ၊ ၄၅ တော့ နေ့တိုင်း ကုန်လိုက်သေးတယ်။ သူတစ်ယောက်တည်း သောက်တော့ ကိုယ်က ငုတ်တုတ်ကြီး ဒီအတိုင်းထိုင်နေလို့က မတင့်တယ် ဘူး မဟုတ်လား၊ ဒီတော့ သူနဲ့ရောပြီး သောက်ရပြန်ရော။ အခန့်မသင့်ရင် လက်ဖက်ရည်က မိုက်အောင့်ပြီး လေချုပ်သလိုလို လေအောင့်ချင်သလိုလို ရင်တွေတလှပ်လှပ် တုန်ချင်တုန်တတ်တယ်။ ဒါပေမဲ့ ကုန်ရကျိုး၊ အောင့်ရကျိုး၊ တုန်ရကျိုးနပ်ပါတယ်။

မခိုင်က ကျွန်မကို သင်ပေးလိုက် ရွှေလင်းလက်ကလေး ကိုင် ထားလိုက်၊ ပခုံးဖက်တဲ့အခါ ဖက်ထားရင်း အလိမ်းအခြယ် ပညာတွေ ပြောရင်ပြောနေရော။ ရွှေလင်းခမျာ သူ့အလိုက်အထိုက် နေရရှာတာ။ မေးစေ့လေးဆွဲရမ်းလိုက်၊ ပါးပြင်လေး လိမ်ဆွဲချင်ဆွဲလိုက်သေးတာ။ သူ့ ခမျာလည်း မော့ပေး၊ မေးထိုးပေးနေရရှာတယ်လေ။

ကြာလာတော့ မခိုင်က ရွှေလင်းကို တော်တော့်ကို စွဲလမ်း သွားပါလေရော။ ကျွန်မ မလာမှာ စောစောပြန်မှာကို စိုးနေတော့တာ။ အဲဒီတော့မှ ဆရာသမားရဲ့ အဓိကပညာခန်းကို ရတော့တာကိုး။ မခိုင်က

မိတ်ကပ်သုံးတဲ့နေရာ တော်တယ်လို့ နာမည်ရတဲ့ အလှဖန်တီးရှင်လေ။ သူ့မိတ်ကပ်စပ်နည်းကို သိပ်လျှို့ဝှက်တာ၊ ကျွန်မ ပြောရဲတယ်။ အရင် ငွေကုန်ကြေးကျခံပြီး သင်လိုက်တဲ့တပည့်တွေ တစ်ယောက်မှ ကျွန်မ လောက် ဒီပညာကို မရလိုက်ဘူး၊ မခိုင် မိတ်ကပ်လိမ်းတာ ဘယ်သူနဲ့မှ မတူဘူး၊ သူက အလိမ်းခံမယ့်သူရဲ့ အသားအရောင်ကို ကြည့်ပြီး မိတ်ကပ် ဘယ်လိုလိမ်းရမယ်ဆိုတာ စဉ်းစားတဲ့သူ။ ဘယ်အမျိုးနဲ့ ဘယ်အမျိုး ဘယ်လောက်အချိုးနဲ့စပ်မယ်ဆိုတဲ့ ဖော်မြူလာတွေ သူ့မှာ ရှိတယ်။ အဲဒီပညာတွေ ကျွန်မ ရလိုက်တာပေါ့။ ပါးစပ်က ထုတ်ပြောပြီး သင် တာတော့ ဘယ်ဟုတ်မလဲ၊ ကျွန်မက သိချင်စိတ်နဲ့ လိုက်မှတ်ထားတာ၊ စန္ဒာပုလဲမိတ်ကပ်ကို အခြေခံပြီး စပ်တာပါပဲ။ သုံးမျိုးစပ်တဲ့အခါ စပ်တယ်၊ လေးမျိုးထည့်စပ်တဲ့အခါ စပ်တယ်။

အခု တောက အလျှူတွေ မင်္ဂလာဆောင်တွေမှာ ဓာတ်ပုံတွေ သာမက ဗီဒီယိုပါ ရိုက်နေကြပြီဆိုတော့ ကျွန်မတို့ ပိုအလုပ်ဖြစ်တော့ တာပေါ့။ ဗီဒီယိုသမားတွေက သတို့သမီးတို့ အလှူ့အမတို့ အလှပြင်တာ ကအစ ဗီဒီယိုရိုက်ကြတာလေ။ အစက မျက်နှာပြောင်ကြီးကို တစ်မျိုးပြီး တစ်မျိုး လိမ်းပေး ခြယ်ပေး သပေးလိုက်တော့ ရုပ်က သိသိသာသာ ပြောင်းလာတာ။ အဲဒါကို ဗီဒီယိုရိုက်ပြတော့ ကာယကံရှင်က သိပ်သဘော ကျတာ။ ကျွန်မတို့နဲ့ ဗီဒီယိုသမားတွေနဲ့က မဟာမိတ်တွေ၊ ချိတ်တွေ၊ စီးပွားဖက်တွေလေ။

ကျွန်မကို အလှပြင် မိတ်ကပ်လိမ်းဖို့ငှားရင် ဓာတ်ပုံတို့ ဗီဒီယို တို့ ရိုက်ဦးမှာလား တစ်ခါတည်း မေးလိုက်တယ်။ ရိုက်မှာဆိုရင် ကျွန်မတို့ လက်စွဲဗီဒီယိုဆရာလေ၊ သက်ပန်က ဒေါ်ရင်ရွှေ သားနဲ့ ညောင်အိုက်က ဦးလေးသန်းတို့ သမီးလေး မင်္ဂလာပွဲတုန်းက ဗီဒီယိုဆရာ သူ့ကိုငှား၊ သူတို့ဆိုရင် ကျွန်မက အနီးကပ် လိုက်ပြီး ပြင်ပေးလိုက်ရင် ဗီဒီယိုအရွေ ထဲကျ လှနေ ကျော့နေမှာ။ ကျွန်မက လှတဲ့အကွက်ရောက်မှ ရိုက်ဆိုမှ သူတို့ကလည်း ရိုက်မှာ၊ သူများ ဗီဒီယိုဆရာဆိုရင် ကျွန်မနဲ့ နားလည်မှု

မရှိရင် မရိုက်သင့်တဲ့အကွက်တွေ လျှောက်ရိုက်လို့ အရိုးသာကျောတို့ အလှူခွေကြီးလို လူရယ်စရာ ဖြစ်နေမယ်။ ဗီဒီယိုသမားရိုက်ခဲ့ဖူးတဲ့ မျက်နှာကြီးတွေရော၊ သူတို့ကြည့်ဖူးတဲ့ နာမည်ကြီးမင်္ဂလာဆောင်အခွေတို့၊ မကြည့်ဖူးတောင် ကြားဖူးတဲ့ မကောင်းတဲ့ အခွေသမိုင်းတွေ ပြန်လှန်ရတယ်။ သူများ ဗီဒီယိုဆရာက ကျွန်မရိုက်ခိုင်းတဲ့ အကွက်ရိုက်ချင်မှ ရိုက်တာ။ အဲဒီတော့ လှတဲ့အကွက် အရေးကြီးတဲ့ အကွက်တွေ မရိုက်မိရင် နာမည်ပျက်စရာရှိရင် ကျွန်မရော အလှူရှင်ရော နာမည်ပျက်မှာ။ သတို့သမီးဆိုရင်လည်း တကယ်လှတဲ့အခန်းတွေ မရိုက်မိဘဲ သာမန်အခန်းတွေ ရိုက်မိပြီး သူများသတို့သမီးတွေ မင်္ဂလာဆောင်လို ရွက်ကြမ်းရေကျို မင်္ဂလာဆောင် ဖြစ်သွားလိမ့်မယ်။ ရှင်တို့အတွက် ပြောတာနော်လို့ ဆိုလိုက်ရင် 'အေး – အဲဒီလိုဆို ငှားအေ' ပဲ။

ဒါဆိုရင် အလုပ်သဘောလေးပါ၊ စရန်တော့ သတ်ခဲ့ရမယ်လို့ ဖမ်းချည်လိုက်ရတယ်။ တော်ကြာ သူ့ရွာပြန်သွားရင် တစ်ဘက်စကားနဲ့ ကြုံပြီး ကျွန်မနဲ့ပြောဆိုထားတာက ပျက်ချင်ပျက်သွားတတ်တာ မဟုတ်လား။ ရွာရောက်တော့ ယောက်ျားဘက် ဖျက်ရတာနဲ့ ဒိပြင်ဆွေမျိုးက ကူမှာ လှူမှာ လက်ဖွဲ့မှာတို့က ရှိတတ်တော့၊ ကျွန်မ ဗီဒီယိုဆရာက ပွဲစိပ်တယ်၊ တော်ကြာ ဒိပြင်ပွဲလက်ခံနေဦးမယ် အခု စရန်သတ်ခဲ့ရင် အခုပဲ ကျွန်မက မုံရွာတောက်လျှောက် သွားပြောထားရမှာဆိုပြီး မြဲသထက် မြဲအောင် ချည်ရ တုပ်ရတယ်။

ကျွန်မက မိတ်ကပ်လိမ်းဖို့ ပွဲချိကစိပ်တော့ ဗီဒီယိုသမားတွေက လည်း ကျွန်မမှီပြီး အလုပ်လုပ်ကြရမှာကိုး၊ ဒီတော့ သူတို့အပေါ် အထိုက် အလျောက်တော့ ဩဇာရှိတယ်လေ။ ကျွန်မက ဒီအကွက် ဒီလိုရိုက်ဆို ရိုက်တယ်၊ ထပ်ရိုက်ဦးဆိုလည်း ရိုက်ပေးကြတယ်။ ကျွန်မတို့နဲ့ ရွှေချည်ထိုး အငှားလိုက်တဲ့ မဝင်းမေတို့နဲ့ ဗီဒီယိုသမား၊ ဓာတ်ပုံသမားတွေဆိုတာ စီးပွားဖက်တွေလေ။ လက်ဝတ်လက်စားတွေ၊ ဆလင်းဘက်တွေ ငှားစားတဲ့ လူတွေပါ ပါတာပေါ့။

ကျွန်မကလည်း ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ မိုးကုတ်က အလှူတွေ၊ မင်္ဂလာဆောင်တွေမှာ ရိုက်ထားတဲ့ ဗီဒီယိုဆရာမျိုးစုံရဲ့ အခွေမျိုးစုံ ကြည့်ဖူး လေ့လာထားဖူးတော့ အပြီးသတ်လိမ်းပေးခြယ်ပြီးတဲ့အခါ ဒီပုံ နှစ်ကိုယ်ခွဲလိုက်ဦး၊ အသည်းပုံ လော့ကက်သီးထဲမှာ သတို့သားပုံလေး ထည့်လိုက်ဦး၊ ဆိုင်းဝိုင်းထဲက အဆိုတော်ပုံ ရိုက်လိုက်၊ အလှူ့အမပုံရိုက်လိုက် ယှဉ်ပြလိုက် အလုပ်ခိုင်းတာလေ၊ ဆိုင်းဝိုင်း အဆိုတော်က သူ့ဘာသာလိမ်းတာ၊ လွန်ရော မိတ်ကပ်တစ်ထပ်ပေါ့၊ သနပ်ခါးနဲ့ပဲဆိုတဲ့ အဆိုတော်တွေလည်း ပါတတ်တယ်၊ ဒီတော့ အလှူ့အမကသူတို့ထက် အပြတ်အသတ် ချောနေ လှနေရော။

ဗီဒီယိုသမားတွေက ကျွန်မတို့နဲ့တွဲပြီး အလုပ်ဖြစ်ကြပေမယ့် သူတို့ဆီက တစ်ပွဲဘယ်လောက်ရယ်လို့ ရာခိုင်နှုန်းနဲ့လည်း ခွဲမပေးကြပါဘူး၊ ကျွန်မကလည်း ရကောင်းသည်လို့ မအောက်မေ့ဘူး။ ကိုယ်တိုင်အလှူပေးမယ်၊ မောင်နှမသားချင်းထဲက အလှူ၊ မင်္ဂလာဆောင်ရိုက်ဖို့ ဗီဒီယိုသမားကို လှမ်းခေါ်လိုက်ရင် သူတို့က တစ်ပြားတစ်ချပ်မှ မယူကြတဲ့အပြင် အလှူဆိုရင် ငွေကူပြီး ပြန်သွားတယ်၊ မင်္ဂလာဆောင်ဆိုရင် လက်ဖွဲ့ပြီး ပြန်သွားကြတယ်။ ကျွန်မဆိုင်ဖွင့်ပွဲတုန်းကဆိုရင် မုံရွာက ဗီဒီယိုအဖွဲ့ သုံးဖွဲ့တောင်မှ လာကူကြတာလေ။

အလှူတစ်ခုဆိုရင် ကျွန်မတို့ ဖီးလိမ်းခြယ်သပေးရမှာ လူအယောက်သုံးဆယ်လောက်ရှိတယ်။ ဒီသုံးဆယ်စလုံးသာ ကျွန်မတစ်ယောက်တည်းက ပြင်ပေး လိမ်းခြယ်ပေးရရင် အချိန်ဘယ်လောက်မလဲ။ ဒီတော့ အလှူ့အမပဲ ဒိုင်ခံအသားပေး ပြင်ပေးရတာပေါ့။ အလှူ့အမတော့ တစ်ကိုယ်လုံး ကျွန်မလက်နဲ့ အစအဆုံး ပြင်ပေးလိုက်တယ်၊ အင်္ကျီဝတ်တာကအစ ထဘီဝတ်တာအဆုံး ဂရုတစိုက်နဲ့ဆင်ပေး ပြင်ပေးရတယ်။ ကျန်တဲ့လူတွေပါ လိုက်ပြင်နေရရင် ကျွန်မအတွက် လစ်ဟင်းမှုတွေရှိတော့မှာ။ တစ်ပွဲသွားရင် တပည့်လေးတွေ၊ လက်ထောက်လေးတွေကလည်း သုံးလေးယောက်ပါတယ်ဟုတ်လား။ ဟဲ့ ဘယ်သူက ဘယ်ဝါ့ကို

လိမ်း၊ ဘယ်သူက မဟိုဒင်းလူး၊ ဆွေမျိုးအစိမ်းအကျက် ခန့်မှန်းပြီး အဆင်ပြေအောင် ခန့်ခွဲပေးရတာ။ ဒါလည်း အရေးကြီးတယ်လေ။

ကျွန်မလက်နဲ့မှ ကျေနပ်ပါမယ်ဆိုတာလည်း ရှိသေးတယ်။ “အေး – ငါ့ညီမ စိတ်ချနေ ခဏသည်းခံစောင့်၊ ခဏလေးနော်” လို့ ချော့မော့ပြောပြီး နှာတံလေးဖော်၊ မျက်ခုံးမွေးလည်း သွက်သွက်ဆွဲ၊ နှုတ်ခမ်းအနားကွပ်ပေးလိုက်ပြီး တပည့်တစ်ယောက် ဘာရောင်ဆိုးပေးလိုက်နဲ့ စတိလောက်တော့ ကျေနပ်အောင် လုပ်ပေးလိုက်ရသေးတယ်။ ပါးစပ်ကလည်း “အမလေး၊ ငါ့လက်ဆယ်ဖက်သာ ပေါက်ချင်တော့တာ ပါပဲ” ဘာညာပေါ့။

အလှူ့အမတို့ သတို့သမီးတို့လို ကိုယ်က ပိုက်ဆံရော နာမည်ရော ရမယ့်ကိစ္စမျိုးကျတော့ ပန်းချီကားရေးတော့ ဉာဏ်ထုတ်သုံးသလို ကျွန်မကလည်း လာဌားကတည်းက သူ့မြင်ကတည်းက ဘယ်လိုဆံထုံး၊ ဘယ်လိုမိတ်ကပ်သုံးမယ်၊ မျက်နှာရှည်ဆိုရင် ဝိုင်းသွားအောင်၊ မျက်လုံးမှေးလို့ ပွေးနဲ့ တူနေရင် သမင်မျက်လုံးလေးလို့ ထင်လာရအောင် ပြင်ပေးဖို့ စိတ်ကူးထုတ်ရတာ။ တချို့ကျတော့လည်း မိတ်ကပ်ဆရာ လက်မှိုင်ချရလောက်တဲ့ သူမျိုးလည်း ကြုံရတတ်တယ်။ ဒီလိုလူလည်း အိမ်ထောင်ရက်သားကျရင် ကျတတ်တာပါလားလို့။ ဒါပေမဲ့ ကျွန်မစိတ်ကူးကောင်းကောင်းနဲ့ ပြင်ပေးလိုက်ရင် အစပ်အဟပ်တည့်ပြီး အတော့်ကို ကြည့်ပျော်ရှုပျော် ဖြစ်သွားရစေမယ်။ တောဆိုတာ အများစုက မိတ်ကပ်သမားငှားပြီး ခဏခဏ လိမ်းနိုင် ပြင်နိုင် ဆင်နိုင်ကြတာမှ မဟုတ်ဘဲ။ တစ်သက်မှာ တစ်ခါလောက် နှစ်ခါလောက် ဒီလိုပွဲမျိုး နွှဲကြရတာ။ မျက်နှာလေး ပြောင်းသွား၊ အရောင်စုံသွားရင် သဘောကျ ကျေနပ်သွားကြတာ များတယ်။

တချို့ကျတော့ ကျွန်မစိတ်ကြိုက် ပြင်ပေးရမှာလား၊ မှန်ထောင်ကြည့်ဦးမှာလားလို့ အရင်မေးရတယ်။ သူတို့က သိပ်လှချင်ကြတာလေ။ တစ်မျိုး လူးလိုက်ပြန်ရော၊ မှန်ထောင်ကြည့်ပြန်ရော၊ သူ့မှန်ကြီးဖယ်နေရ

တာနဲ့ လူးရတာကို စိတ်မဖြောင့်ဘူး။ မှန်ကြီးက ဝင်ဝင်ရှုပ်နေတာ။ သူ့ဘက်ကကြည့်ရင်လည်း ငွေကုန်ကြေးကျခံထားပြီးမှ မလှမှာ မစိုးရ တော့ဘူးလား၊ ဒီတော့ မပြီးမချင်း မှန်ကြည့်ချင်ရှာပေမှာပေါ့။ ပြီးတော့ တချို့လူတွေက ဆရာလုပ်တတ်ကြသေးတယ်၊ နည်းသေးတယ်၊ များသွား ပြီ၊ ဟိုနားလိုသေးတယ်နဲ့ ညွှန်ကြားရေးမှူးလုပ်ချင်သူတွေနဲ့ ကြုံရတတ် တယ်။ "နင် ငါလူးပေးသလိုခံမှာလား၊ လှရစေ့မယ်၊ လျှာတော့မရှည်နဲ့။ မလှရင် နှစ်ဆပြန်လျော်မယ်၊ အဲ လှရင်တော့ မုန့်ဖိုးပေးရမယ်" တကယ် ကို တောင်းတာ။

သူတို့ကလည်း "အံမယ် တကယ်လား၊ ညည်းက အမြန်လူးတဲ့ နေရာမှာ နာမည်ကြီးတယ်၊ တစ်နာရီနဲ့ လူ (၅၀) အပြီးလူးနိုင်တယ်ဆို" "ညည်း အလူးမြန်တယ် သတိထားလို့ သူများတွေက ပြောနေကြတယ်။ 'မုန်စရပ်ရွာ' အလှူတုန်းက အမြန်လူးပြီး ငွေတွေ သဲ့ယူသွားတာ" တဲ့။

"ညည်းအေ – ငါဘာသာ ဘယ်လိုလူးလူး၊ တို့ပတ်ပဝါနဲ့ တစ်ချက်ပဲ ပုတ်ပုတ်၊ မလှဘူးဆိုရင် ငွေတွေ ပြန်အမ်းမယ်၊ လှရင်တော့ မုန့်ဖိုး ငါးရာပေးရမယ်နော်" လို့ အလှူ့အမကို ဖမ်းချည်ထားရတယ်။ အဲဒီတော့ "အေး – ငါးရာမဟုတ်ဘူး၊ တစ်ထောင်ဆုချမယ်"၊ "တကယ် အတည်နော်"၊ "အေး" တဲ့။

လိမ်းတယ် ခြယ်တယ် ဆင်တယ် သတယ်နဲ့ မျက်နှာလေး ကွက်ကွက်လှနေလို့ မဖြစ်သေးဘူး၊ သူနဲ့လိုက်ဖက်မယ့် အဝတ်အစားတို့ လက်ဝတ်လက်စားတို့ကလည်း လိုသေးတယ် မဟုတ်လား၊ ဒီအတွက် လည်း စိတ်ကူးဉာဏ် ထုတ်ထားရတယ်။

ညည်း ငါ့ဘက်က မျက်နှာလိမ်းတာတော့ ပြီးပြီ။ ဒီနေ့ ဝတ်မယ့် အင်္ကျီအဝတ်အစားတွေထုတ်ခဲ့လို့ ပြောတော့ ထုတ်ချလာတာပေါ့၊ အင်္ကျီ တွေ ဝတ်လိုက်တော့ ချပ်ချပ်ရပ်ရပ်တွေ ဘယ်ဟုတ်မလဲ။ မျက်နှာက လှပြီး ကိုယ်လုံးက ပုံပန်းမကျဘဲ ဖြစ်နေရော။ အင်္ကျီက ပွတတနဲ့မို့ စက်ကိုအမြန်သွားကျဉ်းချေဆိုပြန်တော့လည်း စက်က ဒီရွာမှာ လွယ်လွယ်

မရှိပြန်ဘူး။ ရှိတဲ့စက်နဲ့ သူတို့မိသားစုနဲ့ စကားမပြောကြဘူးတဲ့။ ဒါဆိုရင်လည်း အပ်နဲ့အပ်ချည်ယူချေဆိုပြီး လက်နဲ့ ကပျာကသီ ကျဉ်းပေးလိုက်ရတယ်။ ဘော်လီကလည်း ချောင်နေပြန်ရော။ ဘော်လီလည်း ကျပ်ပါဦးဟဲ့။ သူက "တော်ပါအေ ညည်းဟာက အသက်ရှူလို့တောင် မဝတော့ဘူး၊ အသက်ရှူကြပ်တယ်" နဲ့ လုပ်လာရော၊ "ညည်းဟာညည်း အသက်ရှူကြပ်လို့ သေသေ၊ မတတ်နိုင်ဘူး၊ ဒီနေ့ဒီအချိန် ငါစိတ်တိုင်းကျသလိုနေမှ ညည်းလှမှာ" လို့လည်း ပြောလိုက်ရော "အေးပါအေ လှရင်ပြီးပါလေရော လုပ်သာလုပ် လုပ်သာလုပ်" တဲ့။

လက်ဝတ်လက်စားတွေကလည်း ငှားတာတွေပေမယ့် ဂရုတစိုက်ဆင်ပေးရတယ်။ တချို့ဆိုရင် ခလုတ်တွေ ဘယ်ဖြုတ်တတ်၊ တပ်တတ်မလဲ။ အဲဒါတွေလည်း ဆင်ပြီးရော ဘာဖိနပ်စီးမှာတုန်း၊ အသစ်ဝယ်သလားလို့ မေးတော့ "အေး ဝယ်တယ်"၊ ဝယ်ရင် သွားယူချေလို့ ပြောလိုက်တယ်။ ဝယ်တယ်ဆိုတော့ ကိုယ်က စိတ်အေးလက်အေးပါပဲ၊ ဘာများထပ်ပြုပြင်ပေးရမလဲ စဉ်းစားနေတုန်း ထုတ်တော့ထုတ်ချလာတာပဲ ပလတ်စတစ်အိတ်ထဲက မိကျောင်းကြယ်ကြီး ထုတ်ချလာတာ။ ရာဘာဖိနပ်ကြီးသူကလည်း အသစ်ဝယ်တာပါပဲ။ "၃၅ဝိ တောင် ပေးထားရတာ" တဲ့။ တော်တော်စိတ်ညစ်ရပါလား၊ "ညည်းဒီဖိနပ်စီးမှာလား"၊ "ဟုတ်တယ်၊ တစ်နေ့ကမှ ဝယ်တာ" တဲ့။ ခက်တာပဲ၊ ကတ္တီပါဖိနပ်အပါးလောက်ဝယ်ထားရင် ဖြစ်တယ်၊ ဒုက္ခပဲ။ မတတ်နိုင်ဘူး၊ စီးမယ်လုပ်တော့ ခြေထောက်က သနပ်ခါး မလူးရသေးဘူး၊ ဒါနဲ့ အလူးခိုင်းလိုက်တော့ ကတိုက်ကရိုက် လူးလာတာ လက်ငါးချောင်းရာကြီးတွေက ထင်းလို့။ အချိန်ကလည်း မရှိတော့ဘူး၊ မဖြစ်သေးပါဘူး၊ "ကဲကဲ နနွင်းမှုန့်ယူချေစမ်း" လို့ အယူခိုင်းပြီး နနွင်းမှုန့်လေးနည်းနည်းနဲ့ သနပ်ခါးလေးသွေးတဲ့ပြီး ရောစပ်ပြီး ထပ်လူးပေးလိုက်ရတယ်။ နနွင်းမှုန့်ရဲ့ အာနိသင်က သနပ်ခါးလေးနဲ့ ဒီလိုရောလူးရင် အစကထင်နေတဲ့ လက်ချောင်းရာတွေ ပျောက်ကုန်တယ်၊ သူ့အသားအရေလေးလည်း ဝင်းဝင်းလေးဖြစ်သွား

ရော။ အသားညိုတဲ့လူကို ဖွေးနေတဲ့ သနပ်ခါးလိမ်းပေးလိုက်ရင် ပြာနှမ်းသွားတတ်တယ်။ ပြီးတော့ ဖုန်တောထဲ လှည်းလမ်းကြောင်းထဲ လမ်းလျှောက်ရမယ့် အလှူ့အမ ပေတစ်ရာ လမ်းပေါ်လျှောက်ရမှာမှ မဟုတ်ဘဲ၊ ဒီတော့ ဂရုတစိုက် လိမ်းပေးရတယ်။ အားလုံးလိမ်းပြီးမှ သူဝတ်စားထားတာနဲ့ လိုက်ဖက်မယ့် လက်သည်းခြေသည်း အရောင်ဆိုးပေးလိုက်ရတယ်။ ပြီးတော့မှ "ညည်းဖိနပ်ကြီးထားခဲ့၊ ငါ့ဖိနပ်စီး" ဆိုပြီး ဖိနပ်ပါ ငှားလိုက်ရသေးတယ်။

အဲဒီလို ဖြီးလိမ်းပြီးပြန်တော့လည်း သူ့ကြည့်ရတာ တစ်ခုခု လိုနေသလိုကြီးလို့ အောက်မေ့တာ ကောင်မက ရင်မရှိဘူး။ နေဦး – နေဦး၊ ဗီဒီယိုဆရာ မရိုက်နဲ့ဦး၊ ဟိုးထား၊ လက်ဝတ်လက်စားငှားတဲ့ဆီက ထည့်ပေးလိုက်တဲ့ ဂွမ်းတွေ ကမန်းကတန်း ထိုးသွင်းထည့်ပေးရတယ်။ "အဲဒါတော့ မလုပ်နဲ့တော့ မလုပ်ပါနဲ့" လို့ ပြောနေသေးတယ်။ မဖြစ်ဘူး၊ ပြင်ရင်တော့ အစအဆုံး ပြင်ပေးရမှာဆိုပြီး ဇွတ်အတင်း ထိုးထည့်ရတာ။ အဲဒီတော့မှ အလှူ့အမက တင်းတင်းရင်းရင်း ပြည့်ပြည့်ဖောင်းဖောင်းနဲ့ ကြည့်ကောင်းလာတယ်။ အလှူ့ဒကာဆို အလှူ့အမကြည့်ပြီး မျက်နှာကြီးကို စပ်ဖြဲဖြဲ ဖြစ်လာအောင်ကို ပြင်ပေးလိုက်တာ။ ရွာထဲမှာလည်း "ကိုယ့်မိန်းမကိုယ် ပြန်ငမ်းရတဲ့ မိတ်ကပ်ဆရာမ တော်ချက်ကတော့ တော်" တဲ့။

ဗီဒီယိုရိုက်ဖို့ အိမ်ပေါ်ကနေဆင်းတဲ့ပုံ ခြေထောက်ကနေ စရိုက်၊ သူကလည်း "ပြောပါ၊ ညည်းရိုက်ခိုင်းသလို စိတ်တိုင်းကျစေရမယ်" တဲ့။ နောက်ပွဲတွေရိုက်ဖို့ကလည်း ကျွန်မနဲ့အဆင်ပြေဖို့လိုတယ်မဟုတ်လား။ ဗီဒီယိုရိုက်ဖို့ အစီအစဉ်တွေလည်း ခေါင်းထဲမှာရှိပြီးသား။ သူ့ အတတ်ပညာနဲ့ ကျွန်မဦးနှောက်နဲ့ပေါင်းပြီး ဒီဗီဒီယိုအခွေကို အကောင်းဆုံးဖြစ်အောင် လုပ်ကြရမှာလေ။ ဒီအခွေကို ဖွင့်တိုင်း မိတ်ကပ် အိမိုးဆွေ (ရှောက်ပင်တော) ဆိုတဲ့ စာတန်းလေးကို သူက ဒီဇိုင်းအမျိုးမျိုးနဲ့ ဖော်ပြပေးတာ။

အဲဒီတော့ ကြည့်ရတဲ့ ပရိသတ်က 'ဟာ အိမိုးဆွေချည်းပါလား'၊ 'ဟင် ဒါလည်း အိမိုးဆွေပါပဲလား' နဲ့ ပြောနေကြရရော။ ဗီဒီယိုဆရာကလည်း ကျွန်မ အလှပြင်တဲ့အနားလာပြီး မိတ်ကပ်ဘူးတွေ၊ နှုတ်ခမ်းနီဘူးတွေ၊ စပရေးဘူးတွေကို အသားပေးပြီး ရိုက်တတ်တယ်။ ဗီဒီယိုကြည့်ကြတဲ့ ပရိသတ်က ကျွန်မ အလှပြင်တဲ့ ပစ္စည်းတွေ ဖန်သားပြင်မှာ ပေါ်လာရင် 'ဟ – မိတ်ကပ်ဘူးတွေက မိုက်လှချည်လား'၊ 'နှုတ်ခမ်းနီဘူးတွေကတော့ ရက်စက်သယ်ဟေ့' နဲ့ နေကြတော့တာ။

အဲဒီအကွက်မျိုးကျတော့ ညကျမှ သပ်သပ်အရိုက်ခိုင်းရတယ်၊ တကယ်လိမ်းတဲ့အချိန်ကျရင် တချို့ဘူးတွေကလည်း ဖယိုဖရဲနဲ့ သိပ်ရှိုး မကျဘူး။

ကျွန်မအတွက် မိတ်ဆွေသစ်၊ ဖောက်သည်သစ် တိုးချင်တော့လည်း သူ့ဘာသာတိုက်ဆိုင်မှုတွေဖြစ်ပြီး မိတ်သစ်က တိုးလာပြန်တယ်။ ကန်ပိုင်က ကောင်မလေးတစ်ယောက် 'စိမ်းလဲ့အောင်' တဲ့ တော်တော် လှတယ်။ မေးသွယ်သွယ်၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ မျက်တောင် မွေးလေးတွေက ပင်ကိုယ်သန်ပြီး ရှည်ကော့နေတာ၊ မျက်ခုံးမွေးက ဆေး အရေးလွတ်တယ်။ လက်မောင်းလေးရော ကိုယ်လုံးလေးရော တကယ် လှတယ်၊ ဆံပင်တွေကလည်း နက်မှောင်ပြီး သန်စွမ်းလိုက်တာ တင်ပါးခွက် ရောက်နေပြီ။ ကျွန်မ သူ့ကိုတွေ့တွေ့ချင်း သူဝင်ပြိုင်မယ့် ယင်းမာပင် လှယဉ်ကျေးမယ်ပြိုင်ပွဲမှာ သေချာပေါက် ပထမ ရမယ်ဆိုတာ တွက်ပြီး သား၊ တောသူလေးမို့ မြို့မှာဆိုရင် နာမည်ကြီး မော်ဒယ် ဒါမှမဟုတ် သရုပ်ဆောင်တစ်ယောက် ဖြစ်နိုင်တယ်။ ဆုပန်ထွာနဲ့ တော်တော်ဆင် တယ်။ စိမ်းလဲ့အောင်က ယင်းမာပင်က မိတ်ကပ်သမားနဲ့ မလိမ်းချင်ဘူး။။ ယင်းမာပင်သူတွေကလည်း ဝင်ပြိုင်ကြမှာဆိုတော့ သူ့ကို လျှော့လိမ်း ချိုလိမ်းပေးကြမှာစိုးတယ်ထင်ပါရဲ့။ သိပ်လှအောင် ပြင်မပေးမှာ ပူရတယ် လေ။ သူ့ဆွေမျိုးတွေက အိမိုးဆွေနဲ့ လိမ်းမယ်ဖြစ်ကရော။

ကျွန်မကလည်း ကြိုးစားပမ်းစားကို လိမ်းပေးနေတာ။ ဒါ အလွန်ထိရောက်တဲ့ ကြော်ငြာနည်း မဟုတ်လား။ မိန်းမချင်းလက်တို့ပြီး တော့ ပြောကြရအောင်ကို လိမ်းပေးနေတာ။ အဲဒါ အိမိုးဆွေလက်ရာ၊ အဲဒါ မိတ်ကပ် အိမိုးဆွေ လက်ထွက်တဲ့နဲ့။ ကျွန်မက စိမ်းလဲ့အောင်ကို စိတ်ရှည်လက်ရှည် သပ်သပ်ရပ်ရပ် လိမ်းပေးနေတာကို လာကြည့်နေတဲ့ အထဲမှာ မုံရွာသူတစ်ယောက်လည်းပါတယ်။ 'မသီရိကျော့' တဲ့ နောက် တော့ သူနဲ့ မိတ်ဆွေဖြစ်ကြရော။ သူက ပိုက်ဆံရှိတဲ့ အသိုင်းအဝိုင်းထဲက အသွင်အပြင်မျိုး၊ ဥပဓိရုပ်ကောင်းကောင်း၊ ရွှေနည်းနည်း စိန်နည်းနည်း ဆင်ထားတယ်။ ဝတ်စားထားတာလည်း ဘီဘဲလ်နဲ့ ပါတိတ်အကောင်းစား နဲ့လေ။ ဆေးရေးပါတိတ်လို့ ထင်တာပဲ။ အပြာခံမှာ နီ၊ ဖြူပွင့်တွေနဲ့။

စိမ်းလဲ့အောင် ဆုရရင် ကျွန်မပါ နာမည်ကြီးဦးမှာ မဟုတ်လား၊ ဒီတော့ အစွမ်းကုန်ကြဲရတော့တာပေါ့။ ငါ့ညီမ၊ တကယ်တန်း တရားမျှမျှ ရွေးချယ်ရင် ညီမ ပထမဆုရမှာ အသေချာပဲလို့ ပြောတော့ စိမ်းလဲ့အောင် ကရော သူ့ဆွေမျိုးတွေက တကယ်လား၊ အဟုတ်လားနဲ့ အားတက် သရော မေးလာကြတယ်။ အေး ညီမလေး ပထမဆု မရရင် ဒုတိယဆုပဲ၊ ဒီနှစ်ဆုမှ မရရင် အစ်မက ညီမလေးရဲ့ပိုက်ဆံ ပြန်အမ်းမယ်၊ မိတ်ဖြစ် ဆွေဖြစ် မေတ္တာနဲ့ ပြင်ပေးတယ်လို့သာ အောက်မေ့လိုက်တော့၊ တကယ် လို့ ဆုရရင် – စကားတောင်မဆုံးသေးပါဘူး၊ စိမ်းလဲ့အောင်က ဟာ အစ်မကလည်း ကျွန်မတို့က မရိုင်းပါဘူး၊ အစ်မကို ထပ်ဆုချမှာပေါ့တဲ့။ ကျွန်မကလည်း အရင်နှစ်က အတွေ့အကြုံတွေနဲ့ စိမ်းလဲ့အောင် ရုပ်ရည် နဲ့ ပေါင်းစပ်ပြီး ခပ်ရဲရဲ ပြောချလိုက်တာ။ တခြားပြိုင်ဘက်တွေက ရုပ်ရှင်မင်းသမီးလောက် ချောလည်း ဣန္ဒြေကျက်သရေကျတော့ သူက ပိုလိမ့်မယ်။ ဒီပြိုင်ပွဲကို ကျွန်မနည်းတူ ကျွန်မထက် မလျော့တဲ့ ရင်ခုန် နေတာကတော့ ခုနကပြောတဲ့ မုံရွာသူ မသီရိကျော့ပဲ။ ပြိုင်ပွဲ တကယ် ဝင်တော့လည်း ပရိသတ်တွေအားလုံးနီးပါးက စိမ်းလဲ့အောင် ပထမရမယ်၊ နံပါတ်ဖိုက်၊ နံပါတ် ငါး၊ နံပါတ်ငါးနဲ့ ပြောနေကြရတယ်။ စိမ်းလဲ့အောင်ရဲ့

နံပါတ်က ငါးလေ။ နောက်တော့ ဘယ်လိုဖြစ်သွားတယ် မသိဘူး။ ဒိုင်တွေရဲ့မျက်လုံးတွေက ထင်ရှူးပင်တွေကိုပဲ မြင်နေကြသလား၊ ကောင်းကင်က ကြယ်လေးတွေ သွားမြင်ကြသလား မပြောတတ်ပါဘူး၊ စိမ်းလဲ့အောင်လေး ဒုတိယပဲ ရသွားရှာတယ်။ ပရိသတ်ဆိုတာ ပွက်လောရိုက်လို့၊ ညံလို့။

မသီရိကျော့က စိမ်းလဲ့အောင်ကို ပြင်ပေးလိမ်းပေးလိုက်တာကို သဘောသိပ်ကျပြီး ကျွန်မတည်းနေတဲ့ အိမ်ကို မနက်အစောကြီး ပေါက်ချလာတယ်။ သူ့ကိုယ်သူ အရင်မိတ်ဆက်တယ်၊ ပြီးတော့ ညတုန်းက စိမ်းလဲ့အောင်ကို ပြင်ပေးနေတုန်း သူကြည့်နေတဲ့အကြောင်း ပြောတယ်။ စိမ်းလဲ့အောင် ပထမဆုမရတာ သူလည်း မကျေနပ်ဘူး။ ပြီးတော့မှ သူ့ကို မိတ်ကပ်လိမ်းပေးပြင်ပေးဖို့ ပြောနေတယ်။ ကျွန်မကလည်း မအားဘူး၊ 'လယ်ပို့' ဆိုတဲ့ရွာကို သွားပြင်ပေးစရာ ရှိနေတယ်။ ကျွန်မမှာ ယင်းမာပင်နယ်ကို ခြေကုတ်ယူချင်နေပါလျက်နဲ့ ပွဲကူးက ရှိနေတော့ စဉ်းစားရပြီ။ သူက မုံရွာမိတ်ကပ်သမားနဲ့ ဘာလို့မလိမ်းချင်တာတုန်း၊ မုံရွာမိတ်ကပ်သမားက အလှူ့ရှင်ကို အဓိကထားပြင်ပေးမယ်၊ သူ့ကို လက်ထောက်ကောင်းနဲ့ပဲ ပြင်ပေးမှာကို မကြိုက်လို့လား၊ နောက်ကျမှ ပြင်ပေးမှာကို စိတ်မရှည်၊ သည်းမခံနိုင်လို့လား၊ ကျွန်မ လက်ရာကို ကြိုက်လွန်းလို့ ဟုတ်ချင်မှ ဟုတ်မယ်။

"ဟာ ဒုက္ခပါပဲနော်။ ဒီလိုလုပ်လို့မရဘူးလား၊ ကျွန်မတို့ လိမ်းပေးပြီးမှ 'လယ်ပို့' ကို ကူးလို့မရဘူးလား" တဲ့ သူက။ ကျွန်မ စဉ်းစားပါရစေဦးလို့ ပြောပြီး ခဏစဉ်းစားကြည့်တယ်။ အမှန်တော့ သူ့ကို လိမ်းပေးရင် ရတယ်။ 'လယ်ပို့' ကိုလည်း လက်ထောက်တွေ လွှတ်လိုက်ပြီးသား။

"တစ်နည်းတော့ရှိတယ်၊ အခု ယင်းမာပင်မှာ ကျွန်မလူးပေးရမယ့် လူ (၁၀) ယောက်လောက် ရှာပေးနိုင်ရင် ကျွန်မက လယ်ပို့အလှူကို နောက်ကျမယ့်အကြောင်း စာရေးပြီး အပို့လွှတ်လိုက်မယ်၊ လက်ထောက်

တွေနဲ့ပဲ ပြင်နှင့်ပါပေါ့။ ဒီမှာ အရေးကြီးနေလို့ ပြီးပြီးချင်း လိုက်ခဲ့ပါ့မယ်ပေါ့။ အနည်းဆုံး (၁၀) ယောက် ပြည့်မှ ဖြစ်မှာ၊ (၁၀) ယောက်မှ မပြည့်ရင် ဟိုအလျှုလည်းအားနာစရာ မျက်နှာပျက်ခံလို့ မဖြစ်ဘူး” လို့ ပြောတော့–

“ဟာ အဲဒီလိုဆိုရင် စုမယ်၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှာမယ်” တဲ့၊ တကယ်လိုက်စုတော့ ကျွန်မနဲ့ ပြင်ချင်တဲ့သူ (၁၀) ယောက်က ခဏလေးနဲ့ ရတယ်၊ မုံရွာက မိတ်ကပ်သမားကိုလည်း ကိုယ်ချင်းစာ အားနာမိပါရဲ့။

မသီရိကျော့က မိတ်ကပ်ဆိုင်အတော်များများမှာ လူးခဲ့ဖူးတယ် ဆိုတာ သူ့စကားထဲမှာ တစ်စွန်းတစ်စ ပါလာတယ်။ ကျွန်မကလည်း သူ့ကို အကောင်းဆုံးဖြစ်အောင် ပြင်ပေးသလို ကျန်တဲ့အမျိုးသမီးတွေလည်း ဂရုတစိုက်လိမ်းပေးခြယ်ပေးတယ်။ ဒီနယ်ကို ကျွန်မက အမိဆွဲထားချင်တာ ကိုး။ တချို့ အသားညိုတာလေးတွေ ပါတော့ ရှင်လောင်းလှည့်တော့ နေပူပူမှာ ချွေးတွေထွက်ဦးမှာ ကြိုတွက်ပြီး စပ်မိတ်ကပ်ကို ပညာသားပါပါ လိမ်းပေးလိုက်တယ်။ အဲဒီတုန်းက အမျိုးသမီးလေးတွေရဲ့ အသားလေးတွေ က အဝေးကြည့်ရော အနီးကြည့်ပါ ဖွေးပြီး လှနေတော့ ကြည့်တဲ့လူတိုင်း က “ကောင်မတွေ လှချက်တော်၊ မိုက်ချက်တော်” နဲ့ ဖြစ်နေကြတာ။

ဆွေမျိုးချင်းလည်း “ဟာ – ငါတို့တော့ မုံရွာကလည်း ခေါ်ရ သေးတယ်။ လိမ်းထားတာ မစွံဘူး၊ ကြည့်စမ်းပါဦး၊ စိတ်တိုင်း မကျပါ ဘူးအေ၊ သီရိကျော့တော့အလှသား၊ ဘယ်သူလိမ်းပေးတာတဲ့တုန်း”၊ တချို့ က “ညည်းဘယ်သူလိမ်းပေးတာတုန်း၊ ဘယ်က မိတ်ကပ်လဲ” နဲ့ လာလာ မေးကြတော့ မသီရိကျော့က သဘောတွေကျလို့။ ကျွန်မနာမည်ကို တွင်တွင်ပြောနေ၊ လက်ညှိုးညွှန်ပြရတာလည်း ခဏခဏ၊ ကျွန်မ မတွေ့ လိုက် မကြားလိုက်တာတွေလည်း ရှိလိမ့်ဦးမယ်။

ပိုက်ဆံရှင်းကြတော့ အပိုမုန့်ဖိုး ဆုကြေးပေးရင်း “မုံရွာမှာ ပွဲရှိရင် ခေါ်မယ်။ မုံရွာကို ပွဲတိုးပေးမယ်” နဲ့ ထပ်တလဲလဲ ပြောနေတော့

တာ။ "ကျွန်မ မသီရိကျော့နဲ့ ပတ်သက်လာရင် မသီရိမျက်နှာနဲ့ ဈေးမများ စေရပါဘူး၊ မသီရိတို့ပေးသလောက်ပဲ ယူပါ့မယ်။ ဒီအတွက် ပညာချို၊ ပစ္စည်းလျှော့လိမ်းလိမ့်မယ်လို့တော့ မထင်လိုက်ပါနဲ့၊ ကျွန်မလည်း မုံရွာမှာ နာမည်ရချင်နေတာပါ" လို့ ပြောရတယ်။

တကယ်လည်း သူ့မောင်ရဲ့ မင်္ဂလာဆောင်မှာ ဖြီးရလိမ်းရအောင် လာခေါ်တယ်။ မုံရွာကို ပထမဆုံးအကြိမ် တိုးခွင့်ရတာလေ။ မသီရိကျော့ရဲ့ ယောက်မက သိပ်တင့်တောင့်တင့်တယ်ထဲက ဟုတ်ပုံမပေါ်ဘူး။ မသီရိကျော့ တို့သဘော သူတို့ခြယ်လှယ်သလို ဖြစ်လာရတယ်။ ညည်းကို စေတနာနဲ့ ပြောတာ၊ ငါတို့ကတော့ အိမိုးဆွေကို ရှောက်ပင်တောက ငှားလိမ်းမှာလို့ ပြောတော့ သတို့သမီးကလည်း သဘောတူရှာတယ်။ ကျွန်မက သူ့ ယောက်မကို မြင်လိုက်ကတည်းက ဘယ်လိုလိမ်းရင် လှမယ်ဆိုတာ သိပြီးသား၊ ကောင်မလေးက ဖြူဖြူချောချောလေး။ ဒါနဲ့ ဂရုတစိုက် ပြင်ပေးလိုက်တာ ရင်းနှီးသူတွေက ဟာ ဟန်ကျလိုက်တာ၊ ကြည့်စမ်းပါဦး၊ လှလိုက်တာ၊ သူများဆိုရင် ဆိုင်လည်း သွားပြင်ရသေးတယ်၊ အင်္ကျီအဝတ် အစားတွေလည်း ဂရုစိုက်ပေးကြတာ မဟုတ်ဘူး၊ အခု ခန်းမလည်းလိုက်ပြီး သပေးသေးတယ်၊ ကျွန်မက သူများဆိုင်က လိမ်းလာတဲ့ အမျိုးသမီးတချို့ ရော သတို့သမီးပါ ချွေးလေးတွေ စို့လာတဲ့အခါ တို့ပတ်ကလေးနဲ့ နည်း နည်းဖိပေး ဖို့ပေးတော့ မိတ်ဆွေသစ်တွေ တိုးတော့တာပေါ့။

'တောကသာဖြစ်တာ၊ မဆိုးဘူးအေ့၊ ခန်းမထိလည်း လိုက်တယ်၊ ကြည့်ပါလား၊ မိတ်ကပ်ဘူးနဲ့တို့ပတ် လက်က မချဘူး၊ ခြေထောက်ကအစ ဂရုစိုက်တာ၊ ငါတို့ဆို ဆိုင်ကို ကားနဲ့ သွားပြင်ရတာ ကိုယ့်မှာ ကားမရှိရင် ကားငှားခ ကုန်သေးတယ်' စတဲ့ အသံတွေ သဲ့သဲ့ပြန်ကြားရတယ်။

ကျွန်မက မသီရိကျော့ရဲ့ အဆက်အသွယ်နဲ့ မုံရွာကို တဖြည်း ဖြည်း ထိုးဖောက်လာခဲ့တယ်။ သူ့ကိုတော့ ပိုက်ဆံ လျှော့ယူတဲ့အခါယူပြီး မယူတဲ့ပွဲတွေလည်း မယူပါဘူး။ ပိုက်ဆံမယူပေမဲ့ ဂရုစိုက်တာတော့

လှော့လို့ မရဘူး။ မသီရိကျော့ဝင်တဲ့ပွဲတွေက ထိပ်ဆိုတဲ့ပွဲတွေ မဟုတ်လား၊ ညည်း ဘယ်သူနဲ့ ပြင်တာတုန်း၊ ညည်းကို ဘယ်သူလိမ်းပေးတာတုန်းနဲ့ မေးကြရလေတော့ မသီရိကျော့ဟာ ကျွန်မအတွက်တော့ အကောင်းဆုံး ကြော်ငြာပေးသူတစ်ယောက်ပဲ။ တချို့ မုံရွာသူတွေဆိုရင် ရောက်ပင်တောက မိတ်ကပ်ဆိုတာ ယုံတောင်မှ မယုံကြဘူး။ ဈေးလှော့ယူလိုက်တဲ့အတွက် ဈေးတွက်တွက်ကြည့်ရင် ကားခနဲ့ ဘာနဲ့ တွက်ချေမကိုက်ပါဘူး၊ ဒါပေမဲ့ ကိုယ်က မြို့ကို ထိုးဖောက်ချင်နေတာ မဟုတ်လား။

ရွာမှာနဲ့ ရွာပတ်ဝန်းကျင်မှာ “အိမိုးဆွေ မြို့ကို အလှပြင်သွားလို့တဲ့၊ မုံရွာသွားလို့တဲ့။ ငါ့ကံကလည်း ဆိုးပါတယ်ဟယ်၊ ငါသွားလိမ်းတဲ့နေ့မှာမှ အိမိုးဆွေက မြို့သွားအလှပြင်ပေးနေတာနဲ့ ကြုံရတယ်လို့” ပတ်ဝန်းကျင်က လူတွေက မိတ်ကပ်ဘူး ဆွဲဆွဲထွက်နေတဲ့ ကျွန်မကို မြင်နေရတာလေ။

ယင်းမာပင်နယ်ကို ထိုးဖောက်ဖို့ လှယဉ်ကျေးမယ်လေး စိမ်းလဲ့အောင်ကို ဂရုတစိုက်လိမ်းပေးရာက မိတ်ဆွေဖြစ်ရတဲ့ မသီရိကျော့နဲ့ ကျွန်မနဲ့ ညီအစ်မအရင်းတွေလို ခင်လာကြတယ်။ တစ်ရက်တော့ ကြိုပြောမထားဘဲ ဖြုန်းစားကြီး ရောက်ပင်တောကို သူရောက်ချလာတယ်။ သူတို့ရဲ့သားကြီးက ကြီးလာပြီမို့ သူ့ယောက္ခမတွေက အကုန်အကျခံပြီး ယင်းမာပင်မှာ အလှူကြီးပေးမယ်လို့တဲ့။ သူ့အလှူက တစ်ရက်တည်းကျင်းပမှာလေ။ ဖိတ်စာတွေတောင် ရိုက်ပြီးသား၊ ကျွန်မကို ပြနေတယ်။

သူ့အလှူရက်က ကျွန်မ မအားဘူး၊ ‘ဖလန်ကန်’ က အလှူကို လက်ခံပြီးသား၊ နတ်တော်လဆန်း (၁၁) ရက် အလှူရက်ချင်း တိုက်နေတယ်။

“မမိုးရယ်၊ နတ်တော်လဆန်း (၁၁) ရက် အလှူလှူ၊ ရှင်လောင်းလှည့်မှာ၊ မဖြစ်ဖြစ်အောင် ကူပါဦး”၊ “ဘယ်လိုမှ မရလို့ပါ သီရိရယ်၊ ဖလန်ကန်အလှူက ဟိုးလွန်ခဲ့တဲ့ (၃) လလောက်ကတည်းက လက်ခံပြီး

သား၊ ဟောဒီမှာ ပွဲစဉ်ကြည့်၊ ဒါလက်ခံထားတဲ့ရက်၊ သူတို့မှာ ကျွန်မနဲ့ လိမ်းချင်လို့ ကျွန်မပေးတဲ့ရက် လှူရရှာတာ”

“ဟင် မဖြစ်နိုင်ဘူးလား မမိုးရယ်”၊ သီရိမျက်နှာလေးက ပျက်သွားလိုက်တာ ဟန်မလုပ်နိုင်ဘူး၊ “ကျွန်မ ဆိုင်ကယ်နဲ့ အကြိုအပို့ စီစဉ်ပေးပါ့မယ်၊ ယင်းမာပင်ပြီးမှ ဖလန်ကန် ကူးပါ၊ ဘယ်နှနာရီလာကြိုရမလဲ၊ ဟိုက အရင်ငှားထားတာဆိုရင်လည်း ဖလန်ကန်ကပြီးတော့ ကျွန်မတို့ဆီ ကူးခဲ့ပါလား”

ကျွန်မ သူ့ကို ခင်ပါတယ်။ ဒါပေမဲ့ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ဖလန်ကန်ဒေသကိုလည်း တိုးချင်နေသေးတာ၊ ဒီအရပ်ကို တစ်ချိန်တုန်းက ဈေးအပေါဆုံးနဲ့ တိုးခဲ့ရ၊ တစ်ဝက်ကြေးနဲ့ လိုက်ခဲ့ရတဲ့ အရပ်ပါ။ သူတို့က တစ်ဝက်ကြေးနဲ့ကိုပဲ ကျွန်မကို သိပ်မကြိုက်ချင်ကြဘူး၊ ဒိပြင် မိတ်ကပ်သမားတွေကိုပဲ ခေါ်လိမ်းနေကြတာ၊ ကျွန်မကလည်း မခံချင်စိတ်နဲ့ အလကားရော ခြောက်ပြားနဲ့ရော ဝင်တိုး ဝင်နယ်ချဲ့ခဲ့ရတာ။ လက်ရာကောင်းရင် ကိုယ့်ကို လက်ခံလိမ့်မယ်၊ လူကြိုက်များတဲ့လူ စားရမှာပဲ ဆိုပြီး ပညာကုန် ဖိတိုးထားရတဲ့ဒေသ၊ အခုမှ ကြိုက်လာ၊ လက်ခံလာပြီး အိမိုးဆွေ၊ အိမိုးဆွေနဲ့ စန်းပွင့်ခါစ ရှိသေးတယ်။ အလကားလောက်နီးနီး ပြင်ပေးခဲ့ရတဲ့ရွာ၊ အခုတော့ ကျွန်မပါးစပ်က ပြောတဲ့ဈေး ဖြစ်ခါစ ရှိသေးတယ်။ ပေါက်ဈေး မဟုတ်တဲ့ အောက်ဈေးနဲ့ လိုက်ပြင်ပေးထားတဲ့ရွာက ကိုယ့်ကို အခုတော့ နေရာပေးပြီး တန်းထား ဆက်ဆံနေကြ၊ ကိုယ့်နောက် ပြန်လိုက်တဲ့ရွာ ဖြစ်လာတော့ ကိုယ်ကလည်း ပစ်ပယ်လို့ မရဘူး၊ အရင်က အနာခံထားတာလေးတွေလည်း အခုအသာပြန်စံဖို့ အချိန်ရောက်နေတုန်းလေး ကြိုးစားရမှာ မဟုတ်လား။

“သီရိကိုတော့ ပြင်ပေးချင်ပါတယ်။ ဒီလောက်ဆိုရင် ကျွန်မရဲ့ စိတ်ဓာတ်လည်း ညီမသိပြီးသားပါ၊ စိတ်မကောင်းပါဘူး၊ ဘယ်လိုလုပ်ရပ့ါ” လို့ပြောတော့၊ “ကျွန်မ ခဏပြန်လိုက်ဦးမယ်၊ ညနေအိမ်မှာရှိမှာလား” လို့ မေးပြီး ပြန်ချသွားတယ်။ ညနေကျတော့ တကယ်ကို တစ်ခေါက်

ပြန်လာတယ်။ အလှူ (၂) ရက် လုပ်မယ်ဖြစ်ကရော၊ (၁၂) ရက်နေ့ ရှင်လောင်းလှည့် လုပ်ပစ်ပြီး (၁၃) ရက်နေ့ ဧည့်ခံမယ်တဲ့၊ ရိုက်ပြီးသား ဖိတ်စာတွေထဲက အလှူရက်တွေကို ဘောလ်ပင်နဲ့လိုက်ပြင်ခိုင်းခဲ့တယ်၊ ကျွန်မနဲ့ မိတ်ကပ်လိမ်းချင်လို့ ဖြစ်ကြရတာလေ။

ဒီသတင်းက ငြိမ်မနေဘူး၊ ပြန့်သွားတယ်၊ ယင်းမာပင်မှာဆိုရင် ဟာ – ဒီလောက်တောင်ဖြစ်ရသလား၊ ဒီကောင်မ ဘာကောင်မမို့လဲ၊ ဘာမိတ်ကပ်တွေသုံးတဲ့ကောင်မမို့လဲနဲ့ မိန်းမလောကမှာ ပွက်လောညံကုန်ကြတာ။ ကျွန်မကလည်း အဲဒီလိုကြားရလေ၊ ကြိုးစားချင်စိတ် ပေါ်လေပဲ။

ယောက္ခမကလည်း ချွေးမချော စိတ်ချမ်းသာအောင် ထားတယ် ထင်တယ်၊ အမျိုးသားကလည်း သူ့ဇနီးစကားတစ်ခွန်းပဲ ထင်ပါရဲ့။ ရှောက်ပင်တောက ပြန်လာကတည်းက အလှူရက်ကို ပြောင်းချင်နေတာ ဘာလို့လဲတော့ မသိဘူးလို့ ပြောတော့၊ ယောက္ခမကြီးက 'ရှောက်ပင်တော ဘာရှိလို့တုန်းဟဲ့' တဲ့၊ ချွေးမကလည်း ရက်ပြောင်းချင်တယ်၊ ပြောင်းပေးပါလို့ ပူဆာနေတာတဲ့၊ 'အင်း – ငါ့မြေးတွေ (၂) ရက် လှူထိုက်တဲ့ကလေးတွေမို့ (၂) ရက်လှူရမှာပေါ့၊ ကဲ ပြောင်း – ပြောင်း'။

မသိရိကျော့ကို ကျွန်မက ညှိနှိုင်းရတယ်။ ရှင်လောင်းလှည့်တဲ့နေ့ ကျွန်မ ပြင်ပေးမယ်။ ပြီးရင် ကျွန်မကို ဖလန်ကန် ပြန်ပို့ပေးပါ။ ကျွန်မက အတော်ဆုံးလက်ထောက်တစ်ယောက် ထားခဲ့မယ်။ သူကလည်း သဘောတူတယ်။ ကျွန်မကလည်း မသိရိကို တစ်ပွဲနဲ့တစ်ပွဲ မတူအောင်၊ လှပြီးရင်းလှနေအောင် ဆံထုံးပုံ အမျိုးမျိုးနဲ့ ပြင်ပေးတယ်။ သူကလည်း သိပ်သဘောကျတယ်။ ဘယ်လောက်ထိအောင် ကျွန်မကို အားကိုးသလဲ ဆိုရင် သူ့အမျိုးသား တာဝန်ထမ်းနေတဲ့ ပြင်ဦးလွင်မှာလုပ်မဲ့ မင်္ဂလာဆောင်တစ်ခု ဝင်မှာကိုပဲ ကျွန်မတို့ကို စရိတ်အကုန်အကျခံပြီး ခေါ်တဲ့အထိ။ ကျွန်မလက်ထောက်နှစ်ယောက်လည်း ကျွန်မစားနည်းကား စားရတယ်။ ကျွန်မ အိပ်ရသလို စောင်တွေ ထူထူထဲထဲနဲ့။ မျက်နှာမငယ်စေရဘူး။

ကုဏ္ဍိစုက အလှူမှာ အလှူ့အမက ရှင်လောင်းရော နားထွင်းပါ (၁၄) ဦး ရှိမယ်။ အဲဒါ ဘယ်လိုနှုန်းနဲ့ မိတ်ကပ်လူးမှာတုန်းလို့ မေးတယ်။ ဒီလိုအလှူတွေ ခဏခဏကြုံတတ်တယ်လေ။ အဓိက ပြင်ရမှာက အလှူ့အမကို အဓိက ပြင်ပေးရမှာ။ အလှူဆိုတာ (၃) ကြိမ် လူးပေးရတယ်။ ရှင်လောင်းလှည့်တဲ့နေ့တစ်ခါ၊ ညှော်ခံရက်တစ်ခါနဲ့ ဘိသိက်သွင်းတဲ့အခါ တစ်ခါ ပေါင်း (၃) ခါလေ။ ဘာတွေ ညာတွေ တွက်မနေနဲ့ အလှူ့အမ၊ အဲဒီရှင်လောင်းနားထွင်း (၁၄) ပါးကို ၁၄၀ဝိ နဲ့ လူးပေးမယ်၊ နှစ်ခါပြင်ရင် ၂၈၀ဝိ ကျမယ်၊ (၃) ခါပြင်ဆိုတော့ ၄၂၀ဝိ ကျမယ်။ ဒါပေမဲ့ အလှူ့အမကို ၁၄၀ဝိ လျှော့ပေးမယ်။ ၂၈၀ဝိ ပဲပေး။ အလှူ့ရှင်က ၁၄၀ဝိ တောင် လျှော့တာဆိုတော့ ကျေနပ်သွားတာပေါ့။ ဝမ်းတွေ သာလို့။ တကယ်ပြင်တော့ ရှင်လောင်းလှည့်တဲ့နေ့ တစ်ခါ ပြင်ပေးလိုက်ရတယ်။ နောက်တစ်နေ့ ညှော်ခံမှာ ရှင်လောင်းတွေ နားထွင်းတွေ တစ်ခါပြင်ပေး ရပြန်ရော။ ညှော်ခံရက်က နေ့တာတိုတော့ ရှင်လောင်းတွေက ရေချိုးချိန် မရကြတော့ဘူး။ ဆောင်းအခါဆိုရင် ချွေးလည်း သိပ်မထွက်ဘူး၊ လက်ဝတ်လက်စားက ငှားဝတ်ထားတာမို့ ရှင်လောင်းတွေ၊ နားထွင်းတွေ ကလေးတွေကို မဆော့အောင် ထိန်းကြရတယ် မဟုတ်လား။

ဘိသိက်သွင်းချိန်ကနီးနေပြီ၊ တရားလည်း နာရဦးမှာ၊ ရပ်ဝေးက အမျိုးတွေကလည်း ပြန်ရဦးမှာ၊ လုပ်ပါဟဲ့၊ မြန်မြန်တွေဖြစ်ကုန်ကြရော။ အဲဒီကျတော့ ကျွန်မက ရှင်လောင်းတွေ၊ နားဖောက်သည်တွေ အကုန်စု ခေါ်ပြီး သူတို့ကို အပေါ်ယံလေးတင် တို့ပတ်လေးနဲ့ ဖို့ပေး သိပ်ပေးလိုက် တာလေ။ မုန့်စားထားလို့၊ အနေမတတ်လို့ နှုတ်ခမ်းဆေးဆိုးထားတာ ပျက်တဲ့မောင်ရှင်လောင်းတွေ နှုတ်ခမ်းနီ နည်းနည်း ထပ်ဆိုးပေးလိုက်ရုံပဲ၊ အလှူ့အမက ဒါတွေ ဘယ်သိမလဲ။

သူ့ကိုတော့ ရှုံးဒီဇိုင်းနည်းနည်း ပြောင်းပေးလိုက်တယ်။ ရှဲဒိုးတို့ နှုတ်ခမ်းဆေးအရောင်တို့ ပြောင်းပြီး သူ့ကို ရှုံးအပြည့် ပြင်ပေးလိုက်တာ၊ အလှူ့အမက မဏ္ဍပ်ထဲမှာ ဟန်တပြပြနဲ့ လတ်လျားလတ်လျား လုပ်နေပြီး

ဒီဘက်မှာ ဘာတွေလုပ်နေတယ်ဆိုတာ သူ မသိတော့ဘူး။ သူကတောင် "လာကြတော့လေ၊ မပြီးသေးဘူးလား၊ ဆရာတော် ကြွလာနေပြီဟဲ့" နဲ့ အော်နေလိုက်သေးတယ်။ ကျွန်မက ကလေးတွေကို ဈေးချုပ်ပြင်ပေးလိုက်တာ (၃) ခါပြင် ဖြစ်ကရော၊ သူကတော့ ရှင်လောင်းနားဖောက်သည်တွေကို အသစ်ထပ်လိမ်းပေးတယ်လို့ပဲ ထင်နေတာ။

အလှူ့အမ ဈေးတွေဘာတွေ ဆစ်မနေနဲ့၊ အလှူ့အမကို တစ်ရက် ၂၀၀ဝိ နဲ့ (၂) ရက် ၄၀၀ဝိ ပဲ ယူထားတာ။ ဒါပေမဲ့ မိတ်ဖြစ်ဆွေဖြစ် ကျွန်မဘက်က ၃၀ဝိ လျှော့ဦးမယ်။ အလှူထဲမှာ ကျွန်မကုသိုလ်ပါ ပါရအောင်လို့၊ ဒီတော့ ၃၇၀ဝိ ပဲပေး၊ မောင်ရှင်လောင်းတွေအပေါ်ကလည်း ၁၄၀ဝိ တောင် လျှော့ထားတာနော်။

"ကျွန်မက လျှော့ထားတာ အများကြီး၊ ဒီတော့ အလှူ့အမက ဒိပြင်လူ (၁၀) ယောက်တော့ ကျွန်မ လူးပေးဖို့ ရှာပေးဦး" လို့ ပြောပြီး သူ့ကို ဖမ်းဆွဲထားလိုက်တာ။

သူက "ဟာ – ညည်းဟာ (၁၀) ယောက်ဆို၊ များတာပေါ့အေ၊ ညည်း အဲဒီ (၁၀) ယောက်သာ လူးနေရင် ငါ့မလှဘဲ နေမှာပေါ့"

"အို ဘာမှ မပူနဲ့၊ ကျွန်မ လက်ထောက် (၄) ယောက်တောင် ပါတယ်။ အလှူ့အမကို လျှော့ထားတာလေးတွေ ဟိုတစ်ဖက်က ပြန်ယူရမှာ"

"ညည်းကလည်း၊ ငါပြောလို့ရပ့ါမလား"

"ဟာ – ဘာလို့ မရရမှာလဲ၊ ညည်းသား ငါ့အလှူထဲ ထည့်ထားတာ မိတ်ကပ် ငါပြင်တဲ့ဆီ ပြင်၊ ဒီတစ်ခွန်းပြောရုံပဲ"

တကယ်လည်း ရှင်လောင်းတို့ နားထွင်းတို့ရဲ့အမေတွေက အလှူ့အမဩဇာကို လွန်ဆန်နိုင်ခဲတယ်။

"ကျွန်မဘက်က လျှော့ထားတာလေးတွေ စရိတ်ကလေးတွေကာမိအောင်လို့ပါ" လို့ ပြောတော့ "စိတ်ချနေ" တဲ့။

မလူးဘဲ ဘေးက ခွစာတွေကလည်း ရှိသေးတယ်။ မြို့လည်းမကျ၊ တောလည်းမက၊ ပညာလည်းမတတ်နဲ့၊ စကောစကကြားကျနေတဲ့

လူတွေ၊ သိပ်ခက်တယ်။ မတတ်ဘူးဆိုရင်လည်း ငုတ်တုတ်ထိုင်နေမှာ၊ တတ်တဲ့ကျွမ်းတဲ့လူဆိုရင်လည်း သူ့မှင်လေးနဲ့ သူနေဦးမှာ၊ အဲဒီ ဟိုမရောက် ဒီမရောက်လူက သိပ်လူတွင်ကျယ်လုပ်တတ်တာ။

မိတ်ကပ်မှ လူးနေပြီဆိုရင် ဆိုးဆတ်နဲ့ တက်ချလာတယ်။ ပြီးတော့ လျှောက်စပ်စုတယ်။ ဥပမာပေါ့လေ၊ "မိတ်ကပ်လူးတာ တစ်ယောက် ၅၀ဝိ ဟုတ်လား၊ များတာပေါ့၊ သူကလည်း မလူးပဲနဲ့။ ဟိုဘက်မှာ သူများတွေ လူးနေကြတာ၊ ရိုးရိုး ၂၀ဝိ၊ ရှယ်က ၂၅ဝိ တဲ့။ ၃၀ဝိ ကြီး များတောင် ကွာတာ၊ ညည်းတို့ ပေါင်းထိုးတော့ တစ်နေကုန်မှ ၇ဝိ ရတာ၊ အခု မိတ်ကပ် ၅၀ဝိ ပေးလူးတာ၊ ငါဖြင့် အံ့ပါရဲ့အေ"

ကျွန်မ ဖြီးလိမ်းပေးနေပေမယ့် ပြင်ရင်းတန်းလန်း ကြားနေရတော့ ပါးစပ်က မနေဘူး၊ လက်ကတော့ ပြင်လျက် ခြယ်လျက်ပါပဲ။

'အစ်မ များတယ်လို့ မအောက်မေ့နဲ့၊ ဒီလို ဘူးမျိုးက မြင်တဲ့ လူတိုင်း သုံးဖူးတဲ့လူတိုင်း သိတယ်၊ တစ်ဘူး ၄၀ဝိ ကျော်တယ်၊ အစ်မတို့ မြင်ဖူးရင် ဒီတစ်မျိုးဘဲ မြင်ဖူးမယ်၊ ကျန်တာတွေက အဲဒီဘူးထက် ဈေးကြီး တာတွေချည်းပဲ။ အင်္ဂလိပ်စာတွေနဲ့ချည်းပဲ၊ ဖတ်တတ်ရင် မှတ်သွားဦး၊ အစ်မကိုတော့ ဖတ်မပြအားဘူး၊ မြို့ရောက်တော့ ခင်တဲ့ မင်တဲ့ဆိုင်ရှိရင် ဈေးမေးကြည့်ဦး၊ နှုတ်ခမ်းဆိုးဆေးချည်း ဘူးအစိတ်ကျော်ပါတယ်။ အစ်မ ဘာရောင်ဆိုးချင်သလဲ၊ ဟေမာနေဝင်းဆိုးတဲ့ဆေး၊ လှအဥ္ဇလီတင့်၊ နန္ဒာလှိုင်၊ ထက်ထက်မိုးဦး၊ စမိုင်းလ်၊ ဆုပန်ထွာ၊ ခိုင်သင်းကြည်တို့ ဆိုးတဲ့ဆေးတွေ အရောင်တွေ အကုန်ပါတယ်။ အလုပ်ကို တန်ကြေးရှိ အောင် လုပ်နေတာ၊ ငွေကို ကြေးနဲ့တိုင်းတာ၊ လိမ်ညာယူနေတာ မဟုတ် ဘူး၊ အစ်မလူးချင်သလား၊ ပိုက်ဆံမပါရင် အလကား လူးပေးလိုက်မယ်၊ ကျွန်မတို့က မေတ္တာလည်းပါတယ်၊ စေတနာလည်း ပါတယ်၊ ငွေရပေါက် ချည်း လုပ်နေတာ မဟုတ်ဘူး၊ သူများစီးပွား ပျက်ရာပျက်ကြောင်း လာမပြောနဲ့၊ အစ်မပိုက်ဆံမပါရင် ငါတော့ မိတ်ကပ် လူးချင်လိုက်တာ

အေ၊ မိတ်ကပ်ဖို့ မတတ်နိုင်လို့သာပြော၊ ဟိုမှာ အသာငုတ်တုတ်ထိုင်နေ အားလုံးပြီးရင် ကျွန်မတပည့်တွေ အစ်မကို လာလူးပေးလိမ့်မယ်” လို့ ပိတ်ပြောရတယ်။

အဲဒီလိုလူမျိုးရှိသလို တချို့က ၅၀ဝိ ဟုတ်လား၊ အမလေး ဟိုဘက် ၁၀ဝိ တောင် ရသေးတယ်၊ ဘယ်လို ဘယ်ညာနဲ့ ပြောပြီး “တို့ပတ်ကလေး ခဏလောက် မမိုးရေ၊ နှုတ်ခမ်းနီ ခပ်ရင့်ရင့်ကလေး” ပြောတဲ့စကားမှ မဆုံးသေးဘူး၊ လက်က ဆတ်ဆို ကောက်ကိုင်လိုက်ပြီ။ “အစ်မ ... အစ်မ၊ မထိနဲ့ ပြန်ချထား၊ ခင်ဗျားလှချင်ရင် လူးပေးမယ်၊ သည်းခံစောင့်၊ အလကားလူးချင်ပြီး ကိုယ်ထိလက်ရောက် အတိုင်းအဆမရှိ လုပ်ချင်တာ မရဘူး”။ ပိုက်ဆံပေးလူးတဲ့လူက ပစ္စည်းမကိုင်ရဘူး၊ အဲဒီလိုလူက သိပ်အတင့်ရဲတာ၊ ပြီးတော့ သူတို့နောက်က လူပို ဘက်စမင်းတွေ၊ စက္ကတေရီတွေ ပါချင်သေးတယ်။ “အစ်မကြီး အဲဒီနှုတ်ခမ်းနီဘူး ပြန်ချထားလိုက်၊ ပစ္စည်းပျောက်မှာစိုးလို့ မဟုတ်ဘူးနော်၊ အစ်မကို ယုံတယ်၊ အလကားလူးချင်ရင် ခဏစောင့်၊ ပိုက်ဆံပေးတဲ့လူ အရင် လူးပေးလိုက်ဦးမယ်”၊ ၅၀ဝိ ပေးတဲ့လူက ကိုယ့်ဘာအမျိုးအစားနဲ့ လူးပေးနေမှန်း သိရသေးတာမဟုတ်ဘူး၊ သူတို့က စကားရောဖောသောနဲ့ ကောက်တဲ့ ကောက်တဲ့ပြီး လုပ်လိုက်ချင်တာ၊ ကျွန်မက အဲဒါမျိုး အလုပ်မခံဘူး၊ အဲဒါကြောင့် အိမ်မိုးဆွေကို ဆက်ဆံရေးကျဲတယ် ပြောကြတာ၊ ပြောလည်း မတတ်နိုင်ဘူး၊ ကျွန်မလည်း ဒီပညာတွေ၊ ဒီအလှကုန်တွေက လမ်းမှာ ခလုတ်တိုက်ပြီး အလကားကောက်ရလာတာ မဟုတ်ဘူး၊ ကြည့်ခွင့်ပေးတာကို လွန်လှပြီ။ အခုဝိုင်းကြည့်နေကြတဲ့အထဲမှာ တစ်ချိန်ကျ ကျွန်မကို စီးပွားပြိုင်မယ့်လူ မပါဘူးလို့ ဘယ်သူပြောနိုင်မလဲ။

တချို့ကျတော့လည်း နှုတ်စ လျှာစနည်းတော့ ရှေ့နေရှေ့ရပ်တွေ ခေါ်လာတတ်တယ်၊ ငါ့ညီမ သူ့အရင် လူးပေးလိုက်စမ်းပါတဲ့။ သူ့ဦးစား ပေးရင် ပိုက်ဆံပေးလူးမယ့်သူက ထပြန်သွားမှာပေါ့၊ အဲဒီအလှူမှာ ကိုယ် တစ်ယောက်တည်း မိတ်ကပ်လူးနေတာမှ မဟုတ်ဘဲ၊ တခြားအိမ်မှာ

ဒိပြင်မိတ်ကပ်ဆရာမတွေ ရှိနိုင်တာပဲ။ ဒီတော့ ရွေးသိပ်ထားရတယ်။ ရှေ့ကလူးနှင့်နေတဲ့ လူလည်း ကျေနပ်အောင်ပေါ့။

"လူးပေးမှာပေါ့၊ ခဏလေးစောင့်နော် ညီမလေး၊ စိတ်ချ၊ သေသေချာချာ အချိန်ယူလိမ်းပေးချင်လို့ကို တမင်နောက်ချန်ထားတာ"၊ သူ့အလစ်မှာ ကိုယ်လိမ်းပေးနေတဲ့သူကို မျက်စိတစ်ဖက် မှိတ်ပြရသေးတယ်။ "ငါ့ညီမက ဒီလောက်တော့ သဘောပေါက်လိမ့်မယ် ထင်တာ" လို့ ပြောရတယ်။

တချို့ မိတ်ကပ်သမားတွေက မိတ်ကပ်တွေ လူကုန်လူးပြီးရင် ပင်ပန်းပြီး အလှူအိမ်မှာ ပက်လက်လန် ကျန်ရစ်တတ်တယ်။ ကျွန်မကတော့ အဓိကကျတဲ့မိတ်ကပ်ပစ္စည်းတွေ၊ မိတ်ကပ်ဘူးထဲထည့်၊ ငါ့နောက်ကို နှစ်ယောက် လိုက်ခဲ့ကြဦးဆိုပြီး ရှင်လောင်းလှည့်တဲ့နောက် မိတ်ကပ်ဘူးဆွဲပြီး လိုက်တော့တာပဲ။ တချို့ကျတော့ ဘုန်းကြီးကျောင်းရောက်ရင် ကျွေးတာမွေးတာတွေစား၊ ဖျော်ရည်တွေသောက်နဲ့ နှုတ်ခမ်းနီပျက်၊ မိတ်ကပ်တွေကွက်နဲ့ အဲဒါလေးတွေ လိုက်ဖာရထေးရသေးတယ်။ ဗီဒီယိုရိုက်ခါနီးအထိ အသေးစိတ် ဂရုတစိုက် ပြင်ပေးရ ဝီရိယ စိုက်ရတာလေ။

ငှားတဲ့လူတွေ ကိုယ်တိုင်က ပြောကြတယ်။ လက်ရာလည်းကောင်းတယ်၊ စိတ်လည်းရှည်တယ်၊ ရှင်လောင်းလှည့်လည်း လိုက်ပြင်ပေးတယ်။ ဘုန်းကြီးကျောင်းအထိလည်း လိုက်လာတယ်၊ ဒါကြောင့် တို့ကတော့ အိမိုးဆွေကိုပဲ ငှားတာတဲ့။ ဒီလိုမလုပ်လို့လည်း မရဘူး၊ ရွာမှာ မိတ်ကပ်ဆိုင်က ခုနစ်ဆိုင်တောင် ရှိနေတာလေ၊ ဈေးကျတော့လည်း ကျွန်မက အမြင့်ဆုံး၊ ပွဲကျတော့လည်း ကျွန်မက အစိပ်ဆုံး၊ ပညာရယ်၊ လုံ့လရယ်၊ စေတနာ၊ မေတ္တာတွေရယ်က အကျိုးပေးနေတာ။

မိတ်ကပ်လူးဖို့ လာငှားတဲ့သူကို ကျွန်မက ဓာတ်ပုံအယ်လ်ဘမ် ထုတ်ပြလိုက်တယ်၊ ကျွန်မပြင်ဆင် ဖြီးလိမ်းပေးထားတဲ့ သတို့သမီးပုံ လှပေ့ဆိုတဲ့ပုံ၊ ဒီဘက်နယ်က မျက်နှာကြီးတွေရဲ့အလှူ မင်္ဂလာဆောင်ပုံတွေ၊

မသီရိကျော့တို့၊ လှယဉ်ကျေးမယ်ပြိုင်ပွဲဝင်တဲ့ စိမ်းလဲ့အောင်တို့ပုံတွေ၊ ဒီနယ်တရိုးမှာ ကြီးပါပေ့ဆိုတဲ့ ရောမအလျှကြီးရဲ့ မောင်ရှင်လောင်းပုံတွေ၊ နားဖောက်သည့်ပုံတွေ အယ်လ်ဘမ်ဘုတ်အုပ်တွေနဲ့ လေးငါးခြောက်အုပ် ရှိတာ။ အဲဒီအထဲကမှ သူတို့ကြိုက်တဲ့ လက်ဝတ်လက်စားကို ကျွန်မက လူစိုက်ပြီး တစ်ဆင့်ငှားပေးလိုက်သေးတယ်။ မုံရွာက လက်ဝတ်လက်စား ငှားတဲ့ဆိုင်တွေရော၊ ရွာက ဆိုင်တွေကပါ ကျွန်မဆိုရင် ယုံယုံကြည်ကြည် ငှားကြတယ်။ ဆွဲကြိုးလော့ကက်သီးလှလှနဲ့ဆိုရင် ၁၇၅ ပေးရတာ၊ ကျွန်မက ၂၅၀ နဲ့ တစ်ဆင့်ပြန်ငှားတယ်၊ ဒီတော့ ဆွဲကြိုးတစ်ကုံး ပေါ်က ကျွန်မက ၇၅ ရတယ်။ ဒီလိုပဲ နားကပ်၊ လက်ကောက်၊ ဆံထိုး၊ အစုံငှားတာ။ ပိုက်ဆံ သိပ်မတတ်နိုင်ပါဘူးဆိုတဲ့လူက ဆွဲကြိုး ၃–၄ ကုံး တော့ ငှားသေးတာပဲ။ ကျွန်မက ဟင်းဘက်အိတ်၊ စလင်းဘက်အိတ် တွေတော့ ကိုယ်တိုင်ဝယ်ထားပြီး ငှားစားတယ်။ ကျွန်မလည်း အိတ်လဲနဲ့ လွယ်တာပဲ။ ဒီအိတ်တွေပေါ်က ငွေကြေး သိပ်မယူပါဘူး။ သာတယ် နာတယ် တွက်မနေပါဘူး၊ ကျွန်မကိုက စလင်းဘက်တွေကို လွယ်ချင်တဲ့ ဝါသနာရှိတာကိုး၊ ဒီတော့ ကျွန်မဆီမှာ အရောင်မျိုးစုံ၊ အရွယ်မျိုးစုံ ရှိနေတော့ ငှားဖို့မဟုတ်ဘဲ၊ သုံးဖို့ မှန်ဗီရိုထဲ ထည့်သိမ်းထားတာကိုပဲ မိတ်ကပ်လာငှားတဲ့သူတွေက ဇွတ်အငှားခိုင်းနေကြတာလေ။ ဒါနဲ့ ငှားဖြစ် သွားတာ။

ရွာက လက်ဝတ်လက်စားငှားတဲ့လူက တစ်ခါငှားရင် (၂)ရက် ပဲ အချိန်ပေးတယ်၊ မုံရွာက မမသိန်းတို့က (၄) ရက်ပေးတယ်၊ ဒီနေ့ ယူတယ်၊ မနက်ဖြန် ညော့ခံတစ်ရက်၊ သန်ဘက်ခါ ရှင်လောင်းလှည့် တစ်ရက်၊ ဖိန်းနွဲခါမှ ပြန်အပ်လို့ရတယ်။ ကျွန်မက တစ်ရက်တည်း လုပ်မယ့်အလျှတွေရော၊ (၂) ရက်ကျင်းပမယ့်အလျှတွေရော ရက်တွေက ဆက်နေတော့ ကိုယ်တွက်တတ် ချက်တတ်ရင် ကိုယ့်ဖို့ချည်းပဲလေ။ ဗီဒီယိုဆရာက ဆိုင်ကယ်နဲ့ပြန်ကြမှာ သူတို့နဲ့ အကြံပါးလိုက်တာပဲ။ မအိမိုးဆွေကတော့ မနေ့ကတည်းက ပေးလိုက်တာပဲ။ ကျွန်တော်တို့က

အခုမှ အလုပ်ကအားလို့ လာပေးရတာ၊ ဗီဒီယိုသမားနဲ့ပေါင်းပြီး တစ်ရက်ရအောင် ယူလိုက်သေးတယ်။ ဗီဒီယိုဆရာတွေကလည်း ကိုယ့်ဘော်ဒါတွေ မဟုတ်လား၊ ငှားတဲ့ပိုင်ရှင်ကလည်း (၁) ရက် ပိုတယ်လို့ တွက်မနေသာတော့ဘူး။

တစ်ခါတလေလည်း လက်ဝတ်လက်စား ငှားတာ ဗီဒီယိုသမားကိုပဲ အငှားခိုင်းလိုက်ရတာ။ ခရီးစရိတ် အပွန်းခံ မနေတော့ဘူး၊ ကျွန်မကသာ ဒီရွာက ဟိုရွာကူး၊ ဒီပွဲက ဟိုပွဲဆက်လုပ်နေတာ ပစ္စည်းရှင်က တစ်ပွဲပဲ မှတ်နေရှာတာ။ ဗီဒီယိုသမားနဲ့ ပစ္စည်းမှာတာကိုပဲ မမသိန်းတို့ အန်တီချောတို့က ကျွန်မမှာလိုက်တာဆိုရင် အတိအကျပဲ၊ ပစ္စည်းတစ်မျိုး မလွဲစေရဘူး၊ ကျွန်မငှားတဲ့လက်ကောက်က သူများဦးသွားရင် သူ့ဆီမှာ ၅ ဆိုတဲ့လက်ကောက်ကို သူများဆီမှာ ၁၀ ဖြစ်နေပေ့စေ အိတ်စိုက် အနာခံပြီး မရရအောင် စီမံပေးလိုက်တာပဲ။ ဒီပြင်ဆိုင်ကို ကျွန်မ အရောက်မခံတော့ဘူး။ ကျွန်မက ပွဲသိပ်စိပ်တာကိုး၊ တစ်နှစ်တစ်ရာသီကို မမသိန်းတို့၊ အန်တီချောတို့ကို ကျွန်မတစ်ယောက်တည်းက ငွေခြောက်သောင်း၊ ခုနစ်သောင်း ရှာပေးနေတာ။ နှစ်ကုန်သွားရင် သူတို့က လက်ဆောင်ပေးတတ်သေးတယ်၊ ဝမ်းဆက်နှစ်စဉ် ချုပ်ပေးတယ်။ အပေါ်အပဲထဲက မဟုတ်ဘူး။ ဇာဆိုရင်လည်း ဈေးကြီးပေ့ဆိုတဲ့ဇာမျိုး။ သူတို့ရဲ့ ပစ္စည်းတွေက ရွှေဘီး၊ ရွှေခါးပတ်၊ ရွှေခြေချင်း အစုံအစုံပဲ၊ ပစ္စည်းတွေက ရက်ရက်စက်စက်ကို လှတာ၊ တကယ့်အစစ်တွေနဲ့ တော်ရုံလူ ခွဲမရဘူး။

ခုလောလောဆယ် ဝါဆိုလဆန်း (၁၃) ရက်က မင်္ဂလာဆောင်တစ်ခု လိမ်းခဲ့ရတယ်။ ကျွန်မညီမလေးရဲ့ သူငယ်ချင်း၊ မူယာနွဲ့တဲ့။ ကောင်မလေးက ချောတယ်၊ မြို့မှာဆိုရင် ဘဏ်တိုက်တွေတို့၊ ကုမ္ပဏီကြီးတွေမှာတို့ ဧည့်ကြိုတို့ အတွင်းရေးမှူးတို့ဖြစ်နိုင်တဲ့ ရုပ်ရည်မျိုး။ သူတို့က ပိုက်ဆံတတ်နိုင်တယ်။ ကျွန်မဆိုတဲ့ဈေးကို တစ်ကျပ်အလျှော့မခိုင်းဘူး၊ ဒါပေမဲ့ ကျွန်မက တော်တော်ပင်ပန်းခဲ့တယ်။

မူယာနွဲ့က သူ့မင်္ဂလာဆောင်မှာဝတ်ဖို့ အဝတ်အစား ဝယ်ရအောင် ခေါ်လို့ မုံရွာကို သုံးခေါက်ကျတယ်။ လက်ထပ်တဲ့နေ့ ဝတ်ဖို့တဲ့၊ ညေ့ခံပွဲနေ့ဝတ်ဖို့တဲ့။ ဒေါက်မြင့်ဖိနပ်နဲ့ ပဝါနဲ့ ပန်းရှာတာကိုက တစ်ခေါက်။ သူ့ခမျာ ဘယ်လိုအင်္ကျီစဝယ်လို့ ဘယ်ထဘီမျိုးချုပ်ရမှာမှန်း မသိဘူး။ ဒါနဲ့ ကျွန်မအကူညီတောင်းရော၊ ဝယ်တာလည်း တကယ့်ကို ထိပ်ဆိုတဲ့ အင်္ကျီစမှ ဝယ်တာ၊ ပစ္စည်းမှန် ဈေးမှန်တဲ့ဆိုင်ကို ခေါ်သွားပြီး ဖက်ရှင်ကျကျ စမတ်ကျတဲ့ဆိုင်မှာ အချုပ်အပ်ခဲ့တယ်။ သူ့မင်္ဂလာဆောင်မှာ ဖိးဖို့လိမ့်ဖို့ရော၊ ဗီဒီယိုရော၊ ဓာတ်ပုံရော အကုန် ကျွန်မ လွှဲထားတာလေ။ ဒါပေမဲ့ ဒီမင်္ဂလာဆောင်မှာ သတို့သမီးတစ်ယောက်တည်း လိမ်းပေးရရင် သိပ်တွက်ချေမကိုက်ဘူး၊ မုံရွာသွားတဲ့သုံးခေါက်စလုံး မူယာနွဲ့က စရိတ်ခံတယ်ဆိုပေမယ့် အလုပ်ပျက်ပြီး လစ်ဟာထားတာတွေကလည်း ရှိတယ်မဟုတ်လား၊ ဒီတော့ ဉာဏ်ကူရတာပေါ့။

လူဆိုတာ ပကာသနလုပ်ပြီဆိုရင် သူများထက် သာချင်ကြတဲ့ သဘောရှိတယ်ဟုတ်လား။

“မူယာနွဲ့ ညည်း ဒီလောက်တောင် အကုန်အကျခံပြီး မင်္ဂလာဆောင်မှတော့ မိန်းမဆိုတာ တစ်သက်မှာ တစ်မင်္ဂလာတည်းရှိတာ၊ လုပ်မယ့်လုပ်တော့ သူများမင်္ဂလာဆောင်ထက်သာအောင် လုပ်အေ၊ ညည်းတို့ တတ်နိုင်သားပဲ” ဆိုတော့ –

“ဟာ – ဘယ်လိုလုပ်ရမှာတုန်း မမရဲ့” တဲ့။

“ရှေ့ကနေ ပန်းကြဲဖို့ နှစ်ယောက်ရှာထားဦး”

“ဟုတ်ကဲ့ ရှိပါတယ်”

သတို့သားဘက်က မြေက သုံးတင်းကျ၊ ရွှေက သုံးကျပ်သား၊ ငွေသားချည်း (၃) သိန်း တင်တောင်းထားတာလေ။ သုံးတင်းကျ မြေကချည်း ဆယ့်လေးငါးသိန်း ပြေးမလွတ်ဘူး။ မူယာနွဲ့တို့ကလည်း ဆိုင်ကယ်နဲ့ ယာနဲ့၊ ဟာလာနဲ့။

“ညည်း ရွှေသုံးကျပ်သား ဘယ်လိုစီစဉ်ထားသတုံး”

"ရွှေကို လင်ပန်းနဲ့ထည့် သယ်ခဲ့မှာ"

"ဟာ – အောက်တာအေ၊ ရွှေတင်ရအောင် ရွှေကလပ် ငှား ရောပေါ့"

"မမက ငှားပေးမှာလား"

"ငှားတာ အလွယ်လေး၊ မမတာဝန်ထား"

"အဲဒီ ကလပ်ကိုင်မယ့် ကောင်မလေးက ညီမထက် အရပ် မမြင့်စေနဲ့၊ တော်ကြာ ခာတ်ပုံထဲ ဗီဒီယိုထဲကျ ကွယ်နေလိမ့်မယ်"

"ငွေကော – ငွေ (၃) သိန်းကရော"

"အဲဒါလည်း လင်ပန်းနဲ့ စိတ်ကူးထားတယ်"

"လာပြန်ပြီ ဒီလင်ပန်းကြီးက၊ မင်္ဂလာဆောင်မှာ လင်ပန်းကို အတတ်နိုင်ဆုံး ရှောင်ရတယ်၊ မင်္ဂလာဦးမှာ နိမိတ်မကောင်းဘူး၊ ညည်း အမျိုးသား တစ်သက်လုံး ပင်ပင်ပန်းပန်း ရှာနေရလိမ့်မယ်၊ အဲဒါလည်း ကလပ်နဲ့တင်အေ၊ ငွေသုံးသိန်းအထဲမှာ မပါရင်နေပစေ၊ ဂျပ်ဘူးကြီးကြီး၊ ငွေသုံးသိန်းဆံ့လောက်တဲ့အရွယ် ရှာထား၊ ကိုင်းပါအေ ငါပဲ ရှာပါ့မယ်၊ ပက်ကင်စက္ကူကောင်းကောင်းနဲ့ပတ်ပြီး အပေါ်ကနေ စက္ကူတစ်ရွက်ပေါ်မှာ လက်ရေးဝိုင်းဝိုင်းနဲ့ ကျပ်သုံးသိန်းလို့ရေး၊ ကြီးကြီးရေးနော်၊ သူများလုပ်တာ ညည်းရုပ်မြင်သံကြားမှာ တွေ့ဖူးမှာပါ"

"အဲဒါတွေကိုင်ဖို့ လူက ရှာနေရဦးမှာ"

"အံမယ်အေ၊ ညည်းတို့ရွာမှာ အပျို ဒီလောက်တောင်ရှားသလား ဆွေထဲမျိုးထဲလည်း ရုပ်ရည်သန့်ပြန့်တာတွေ ရှိမှာပါအေ"

"ရှိပါတယ်"

"ရွှေကလပ်ကိုင်ဖို့ သတို့သားဘက်က အပျိုတစ်ယောက်၊ ငွေကလပ်ကိုင်ဖို့က တစ်ယောက်၊ သူတို့က လာပို့တဲ့အခါ မှူယာတို့ဆီ ကျတော့ ဆီးပြီး လက်ခံဖို့ အပျိုနှစ်ယောက်ရှာထား၊ ပန်းကြဲဖို့လည်း နှစ်ယောက် ရှာထား။ ရန်ကုန်တို့၊ မန္တလေးတို့မှာ ပန်းကုံးစွပ်တာတွေ ခေတ်စားနေတယ်၊ ငါတို့ဆီမှာ ဘယ်သူမှ မလုပ်သေးဘူး၊ ညည်းစပြီး ထွင်လိုက်၊ ငါမြင်ဖူးတယ်၊ ပန်းကုံးအပြန်အလှန် စွပ်ကြတာ သိပ်

ကျက်သရေရှိတာ၊ ပန်းကုံးစွပ်ခါနီး အံမယ်လေး ... ရင်ခုန်စရာ သိပ်ကောင်းတာ”

“ဟုတ်တယ် ဟုတ်တယ် လုပ်ပါမမရယ်၊ ကောင်းသားပဲ’

“သူတို့ဘက်က ပန်းကုံးကြိုဖို့နှစ်ယောက်တော့ ရှိမှာပါ၊ အပျိုဖြစ်ပစေနော်”

တကယ်တော့ သတို့သမီး၊ သတို့သမီးအရန်နဲ့ ရွှေကလပ်၊ ငွေကလပ်၊ ပန်းကြဲ၊ ပန်းကုံးသယ်ဖို့ကိုင်မယ့်သူတွေ သတို့သားဘက်၊ သတို့သမီးဘက် နှစ်ဖက်ရှိတော့ ကျွန်မ မိတ်ကပ်လူးပေးရမယ့်သူက (၁၀) ယောက်လောက် ဖြစ်လာရော၊ တကယ်လက်တွေ့ကျတော့ ဒီအလုပ်တွေလုပ်ချင်၊ ဗီဒီယိုထဲ ပါချင်တဲ့ မိန်းကလေးတွေ အများကြီးခေါ်လာလို့ ကျွန်မက ရုပ်ချောချော ရှုပါသန့်သန့်လေးတွေချည်း ရွေးလိုက်တယ်၊ သတို့သမီးလည်း မရွေးမဖြစ်တဲ့လူပါရင် ပြထားဦးလို့ မှာထားရတယ်။

မင်္ဂလာဆောင် ကျင်းပတဲ့နေ့ကျတော့ ရွှေကလပ် ငွေကလပ် အကြိုအပို့၊ ပန်းကုံးအသယ်အပို့နဲ့ ပန်းကုံးစွပ်ကြတာ၊ အစီအစဉ်မတည့်မှာစိုးလို့ ဂရုစိုက်ရတာ၊ ပန်းကြဲတာ ဟန်မကျလို့ သင်ရတာနဲ့။ ဖိနပ်က နိုင်ငံခြားကလာတဲ့ ဒေါက်ဖိနပ်သေးသေးလေး၊ မူယာခြေထောက်က အပြားကြီးနေတော့ စီးရတာ အဆင်မပြေဘူး။ ဒီတော့ ကတ္တီပါဖိနပ်ဝယ်ချေ၊ ငါကျောက်အစီခိုင်းပေးမယ်။ တစ်ရန်မှ ၂၀ဝိ တည်း ကျမှာ၊ အင်္ကျီမှာ ကျောက်စီချင်သေးတာ၊ ပေး ငါအစီခိုင်းပေးမယ်၊ အင်္ကျီ ကျောက်စီတာ ၅၀ဝိ ကျမယ်၊ နှစ်ခုပေါင်း ၇၀ဝိ၊ ဘယ် ဒီ ၇၀ဝိ ကို သူများဘယ်ပေးလိမ့်မလဲ၊ ဒီအလုပ်တွေအားလုံး ကျွန်မလုပ်တတ်တယ်၊ လုပ်တတ်အောင်လို့လည်း သင်ထား လေ့လာထားတာ။

ဓာတ်ပုံက ဘယ်နှလိပ်ရိုက်မှာတုန်းဆိုတော့ မမတို့ ထုံးစံရှိတဲ့အတိုင်း ရိုက်သင့်တဲ့ဓာတ်ပုံတွေတော့ ပါအောင် ရိုက်ပေးပါတဲ့။

“ညည်း ဓာတ်ပုံအယ်လ်ဘမ်တွေ ရောက်လာတော့ တွေ့ရပါ လိမ့်မယ်၊ အဓိပ္ပာယ်မဲ့တဲ့ဓာတ်ပုံ တစ်ပုံမှ မပါစေရဘူး၊ ဗီဒီယိုခွေနဲ့ မမဓာတ်ပုံ အယ်လ်ဘမ်ကြည့်မိတဲ့သူတိုင်းက ကြည့်စမ်းပါဦး၊ မင်္ဂလာဆောင် က ဘယ်သူ့မင်္ဂလာဆောင်နဲ့မှ မတူဘူး၊ အပျံစားပဲဟေ့နဲ့ ပြောနေစေရ မယ်”

ဓာတ်ပုံလုပ်ငန်းက လုပ်တတ်ကိုင်တတ်ရင် ဖလင်တစ်လိပ်ပေါ် က ငွေ ၁၀၀၀ဝ လောက် မြတ်တယ်။ ဒီကြားထဲ ပုံကြီးချဲ့တာတွေကလည်း ရှိသေးတယ်။ ပုံကြီးတစ်ပုံပေါ်က မြတ်ပုံတော့ ပါးစပ်ကပြောထွက်ရင် ထွက်သလိုပါပဲ။ မိဘနှစ်ပါးကန်တော့နေပုံရိုက်၊ ပန်းကြဲတဲ့ပုံလည်းရိုက်၊ ရွှေကလပ် ငွေကလပ် သယ်တာရိုက်၊ ရွှေကလပ် ငွေကလပ် တင်တာ၊ လွှဲပြောင်းနေတဲ့ပုံလည်း ရိုက်၊ သတို့သား သတို့သမီးအရန်တွေလည်းရိုက်၊ သူတို့က နောက်ထပ် ဓာတ်ပုံအကူးခိုင်းတတ်တယ်၊ ပန်းကုံး အပြန်အလှန် စွပ်ကြပုံတွေရော၊ ဂုဏ်သရေရှိ နှစ်ဘက်ဆွေမျိုးဉာတကာတွေရဲ့ ဓာတ်ပုံ တွေရော၊ ဓာတ်ပုံဆရာကလည်း ပုံများများထွက်အောင် ရိုက်တတ်နေပါပြီ။ အရင်က ဒီလို မရိုက်တတ်ပါဘူး၊ ကျွန်မက သင်ရတာ။ သင်ဆို ဓာတ်ပုံ ဆရာက ကျွန်မခင်ပွန်းလေ။

ကျွန်မတစ်ယောက်တည်း စီးပွားရှာတာထက် နှစ်ယောက်ရှာမှ၊ ကျွန်မတို့မှာ ကလေးတွေကလည်း ရှိသေးတယ် မဟုတ်လား။ သူတို့ကို တော့ စာတတ်အောင် ကျောင်းထားရဦးမယ်၊ ပြီးတော့ မတ်တတ်စာ အပြင် တုံးလုံးစာပါ ရှာရမှာလေ။

တီဗီတွေ၊ ဗီဒီယိုတွေ ဗီစီဒီတွေကနေ သရုပ်ဆောင်တွေက အဝတ်အစား သစ်တွေ၊ စိန်တွေ ရွှေတွေ လက်ဝတ်လက်စားတွေ အမျိုးမျိုး ဝတ်စား သရုပ်ဆောင်ကြလေ ကျွန်မတို့က အလုပ်ဖြစ်လေပါပဲ။

မြားနတ်မောင် မင်္ဂလာမဂ္ဂဇင်း ၂၀၀၁ ခု၊ ဧပြီနဲ့ မေ




အပြောင်မြောက်ဆုံး
လက်ရာ

# အပြောင်မြောက်ဆုံးလက်ရာ

"မင်းဆက်ရေးထားလိုက်ကွာ" လို့ ပြောရင်း ကိုလှပိုင်က သူ့လက်ထဲက စုတ်တံကို ကျွန်တော့်လက်လွှဲပေးခဲ့တယ်။ သူဘာလုပ်သွားတယ်ဆိုတာ နားမလည်တော့ စုတ်တံကို ကိုင်ထားပြီး ကြောင်ကြည့်နေမိတယ်။

"ဟိုမယ် မယ်မြင့်လာခေါ်နေပြီ" တဲ့။

သူ့မိန်းမ မမြင့်ခင်က ခေါင်းမဖြီး ဘာမဖြီးနဲ့ ရောက်ချလာတယ်။ စုတ်တံကို ယူထားလိုက်တာ မှန်သလား၊ မှားသလား ဝေခွဲလို့ မရဘူး။

"ကိုပိုင် အိမ်မှာ နိပါတ်တော်ကား အပ်မယ့်သူတွေ ရောက်နေပြီ"

ကိုလှပိုင်က ခပ်လှမ်းလှမ်းမှာ ရှိနေတဲ့ ဆပ်ကပ်ဆရာကို ဘာတွေသွားပြောနေတယ် မသိဘူး။ ရယ်လို့ မောလို့ လက်ဟန်ခြေဟန်တွေနဲ့၊ ကျွန်တော့်ကိုလည်း လက်ညှိုး ထိုးပြလိုက်သေးတယ်။

ဒီဆပ်ကပ်အဖွဲ့ထဲကို ကျွန်တော်ရောက်လာတာဟာ ကြိုတင်ပြင်ဆင် စဉ်းစားဆုံးဖြတ်ပြီးမှ ရောက်လာခဲ့တာ မဟုတ်ဘူး။ မတော်တဆ ရောက်လာတာပါ။ ကိုလှပိုင်နဲ့ ကျွန်တော်တို့ဆိုတာ ညီအစ်ကိုလို ချစ်ခင်ကြတာ မဟုတ်လား။ ဆရာဦးအောင်သိန်းဆီမှာ ပန်းချီအတူသင်ဖက်တွေ

ပေါ့။ သူက ကျွန်တော့်ထက် အသက်နည်းနည်းကြီးတယ်။ အခုတော့ သူလည်း မြို့တောင်ဘက်အပိုင်းမှာ ပန်းချီလှပိုင် ဆိုပြီး နာမည်ရစပြုနေပြီ။ ဆရာဦးအောင်သိန်းရဲ့ လက်ရာတွေကတော့ အငြိမ့်တိုင်း ဇာတ်တိုင်းမှာ လိုလို ပါနေတော့ လူအတော်များများက မြင်ဖူးပြီးသားပါ။ ကိုလှပိုင်က ဆရာ့ခြေရာ နင်းနိုင်တယ်။

သူတို့ လင်မယား ထွက်သွားတော့မှ ကျွန်တော် ဆက်ရေးရမယ့် ပန်းချီကားကို ထပ်ပြီး သေသေချာချာ ကြည့်မိတယ်။ ကိုလှပိုင် ရေးနေတာ ဇာတ်ရဲ့နောက်ခံကား သုံးဖို့ "တောကား" တစ်ကားကို ရေးနေတာပါ ကလား။ တချို့နေရာတွေက အောက်လိုင်းပဲ ကောက်ထားရသေးတယ်။ တချို့နေရာတွေက ဆေးရောင်နဲ့တို့ပြီး အရောင်ပြထားတယ်။ နေရာတော် တော်များများက ဆေးခြယ်ပြီးသား။ အောက်ခံအရောင် ခြယ်ထားတာ။ ကျွန်တော်က 'တုန်း' (Tone) အနုအရင့်လေးတွေ ကစားပေးရမယ်။ အနုစိတ်မှုန်းရမယ့် နေရာလေးတွေလည်း မြင်မိတယ်။ သူ့အောက်လိုင်းတွေကို ကျွန်တော်က လိုက်ဖက်တဲ့အရောင် သွင်းပေးရမယ်။

အစကတော့ ပန်းချီသိပ်ရေးချင်နေတဲ့ အကောင်။ အခုလို ဆေး၊ စုတ်၊ ပိတ်စ အဆင်သင့်ဆိုတော့ ဘာပြောကောင်းမလဲ။ စူဠလိပ် ရေထဲချလိုက်သလိုလို့ အောက်မေ့မိတာ။ နောက်တော့မှ တဖြည်းဖြည်း ဇာတ်ရည်လည်လာတယ်။ ကိုလှပိုင်က ပိုင်လည်းပိုင်ပါပေတယ်။

ကောင်းကင်ပြာကြီးနောက်ခံပေါ်မှာ တိမ်စိုင်တိမ်လိပ်တွေကို စုတ်ပြားကြီးနဲ့ ရေးပစ်လိုက်တယ်။ တိမ်တွေကို ရေးရာမှာ အနီးကတိမ်တွေက တိမ်ဖြူတွေ၊ အဝေးက တိမ်တွေကိုတော့ ဆွတ်ဆွတ်ဖြူ မဟုတ်ဘဲ အပြာနုလေး မသိမသာစွက်ပြီး စုတ်ပြားလေးနဲ့ လိုက်ခတ်လိုက်တယ်။ ဒီနောက် ပြာတစ်ကွက် စိမ်းတစ်ကွက်၊ ကတ္တီပါရောင်ထနေတဲ့ တောင်တန်းကြီးတစ်ခုက ပိတ်ကားရဲ့ တစ်ဝက်မရှိတရှိလောက်မှာ နေရာယူထားတယ်။ သူ့ရှေ့မှာ သစ်ပင်တောတန်းလေး၊ ထန်းပင်စုစုလေးတွေပါ စိမ်းပြာပြာ၊ စိမ်းညိုညို အရောင်တွေနဲ့ ပွတ်သပ်ရေးလိုက်တယ်။

ပြီးတော့မှ ရွှာထဲဝင်တဲ့ လမ်းကွေးကွေးလေး။ နီးရာက ဝေးရာကို တဖြည်းဖြည်း ဆွဲခေါ်သွားတဲ့ မြေဖုန်ဖုန် လမ်းကလေး၊ ဝေးတော့ အရောင်ကို တဖြည်းဖြည်း လျှော့ချရေးလိုက်တယ်။ လမ်းရဲ့တစ်ဘက်တစ်ချက်မှာမှ စပါးခင်းတွေ။ လယ်ပြင်ကျယ်ကြီးကို စိမ်းဝါဝါအရောင်နဲ့ ရေးတယ်။ တချို့နေရာက စပါးတွေ မှည့်စပြုနေပြီ၊ ရွှေဝါရောင်ပေါ့။

ကျွန်တော် လက်စသတ်ရေးနေတဲ့ မန်ကျည်းပင်ရိပ်ကို ဆပ်ကပ်ဆရာရောက်လာတယ်။ ပုဆိုးကွက်ထောက်ကြီးကို ဒူးဆစ်ပေါ်အောင် စည်းထားလို့။ ကြောင်ကျားကျား ရုပ်လက်တိုကို ကြယ်သီးတစ်လုံးမှ မတပ်ဘဲ ရင်ဘတ်ဟောင်းလောင်းနဲ့။ လူကမည်းမည်းဝဝ၊ ထောင်ထောင်မောင်းမောင်း၊ ရင်ဘတ်မှာလည်း အမွေးတွေ ဗရပွနဲ့။

ဒီလူကို တစ်ချက်ကြည့်လိုက်မိတာ ကျွန်တော့်အမှားပဲ။ သူ့မျက်နှာကို တွေ့လိုက်ရတာ စိတ်အနှောင့်အယှက် တော်တော်ဖြစ်သွားတယ်။ ကျွန်တော် ပန်းချီဆက်မရေးချင်တော့ဘူး။ အာရုံနောက်သွားပြီး ဖြစ်နိုင်ရင် ထွက်တောင်မှ ပြေးချင်စိတ်ပေါက်တယ်။ ကြောက်တာရွံ့တာမျိုးလည်း မဟုတ်ဘူး။ ဘယ်လိုပြောရမလဲ စက်ဆုပ်စရာကောင်းတဲ့ မျက်နှာမျိုးကြီး။ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ မေးစေ့၊ နားရွက် တစ်ကွက်မှ တစ်စက်ကလေးမှ ကြည့်ပျော်ရှုပျော် မရှိဘူး။ နှလုံးနာစရာကောင်းတဲ့မျက်နှာထက် ဆိုးတယ်။ သူ့မျက်ခွက်နဲ့ လိုက်ဖက်တဲ့ စကားလုံး မတွေ့မိဘူး။ ပြုံးခြင်း ရယ်ခြင်းလည်း မရှိ။ ကျွန်တော့်ကို ကြည့်တဲ့အကြည့်က မိတ်ဆွေဖြစ်လိုဟန် မပေါ်ဘူး။ ဖော်ရွေမှုဆိုတာ ဒီလူ့အသိဉာဏ်မှာ ရှိပုံမရဘူး။ မိတ္တာဗလဆိုတာ ဗလကြီးတဲ့သူတွေ နေ့ရာသီမှာ မိတ်တွေအများကြီး ထွက်တာကို ပြောတာလားလို့ မေးမယ့် လူမျိုး။

ကျွန်တော့်စိတ်တွေကို ပြန်ထိန်းရင်း ပြန်စုစည်းယူရတယ်။ လက်ကတော့ နောက်ခံကားကြီးကို တော်တော်နဲ့ ပြန်မရေးဖြစ်ဘူး။ သူ့ကြည့်ရတာ ကျွန်တော့်လက်ရာကို အဝေးက ကြည့်နေရင်း ဟုတ်မှ

ဟုတ်ပါ့မလား၊ ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့ သံသယစိတ်နဲ့ အနီးကပ် လာစူးစမ်း စစ်ဆေးတဲ့ပုံပဲ။ ကျွန်တော် ထင်နေတာတစ်ခုရှိတယ်။ ဆပ်ကပ်ဆရာလို ဥပဓိရုပ်မျိုးက ပန်းချီအနုပညာကို ဘာမှ နကန်းတစ်လုံးမှ နားလည်လိမ့်မယ် မဟုတ်ဘူးဆိုတာပါပဲ။ လွဲချင်ရင်လည်း လွဲလိမ့်မယ်။

စိတ်ကို ပြန်စုစည်းရင်း နောက်ကိုလည်း နည်းနည်းဆုတ်ပြီး မန်ကျည်းရိပ်အစပ်ကနေ ပန်းချီကားကြီးကို ခွာကြည့်မိတယ်။ ဘာများလိုနေသေးသလဲ။ ရုပ်လုံးတော့ အတော်ပေါ်နေပါပြီ။ အရောင်နုသင့် ဖျော့သင့်တာလေးတွေ စိတ်နဲ့ မှတ်လိုက်တယ်။ စိတ်ကူးထဲက ရေးချက်လေးတွေ အရောင်လေးတွေ လက်က လိုက်ရေးနိုင်ဖို့ပါပဲ။

ကျွန်တော် ပြန်ရေးတာကို ခဏတစ်ဖြုတ်ကြည့်ပြီး ဆပ်ကပ်ဆရာ ပြန်လှည့်ထွက်သွားတယ်။ ဘာမှတ်ချက်မှ ပြောမသွားဘူး။ ပန်းချီကားကြီးကို ရေးရင်း ကိုလှပိုင်ကို စောင့်ရင်းနဲ့ ကားလိပ်ကြီးသာ ရေးပြီးသွားပါလေရော၊ မောင်မင်းကြီးသားက ပေါ်မလာတော့ဘူး။ စုတ်တံတွေကို ကျကျနနဆေး၊ ဆေးခွက်တွေနဲ့ ဆေးစပ်ပြားကို သပ်သပ်ရပ်ရပ် ပြန်စီထားလိုက်တယ်။ ပန်းချီကားကြီးကို ငေးကြည့်နေတုန်း မျှော်နေတာက ကိုလှပိုင်၊ ရောက်လာတာက "ကိုဖိုးချွန်" ဆိုတဲ့ လူ။ ကိုဖိုးချွန်က ဆပ်ကပ်ဆရာရဲ့ ညီဝမ်းကွဲတော်သတဲ့။ ဒီလူက ဟိုလူ့ပုံနဲ့ ပြောင်းပြန်။ မျက်နှာချိုချို၊ ရုပ်ရည်ကသန့်သန့်၊ ဝတ်ပုံစားပုံက သပ်သပ်ရပ်ရပ်။ မင်းသားရုပ်နဲ့။ ကြည့်ရတာတစ်ဝမ်းကွဲတောင် မကလောက်ပါဘူး။

ကျွန်တော် လက်စသတ်ထားတဲ့ နောက်ခံပန်းချီကားကြီးကို ချီးမွမ်းလိုက်တာ ကိုဖိုးချွန်ပြောမှ ပန်းချီကားက ပိုကောင်းနေသလိုပဲ။ နောက်ထပ် ရေးစရာကားတွေပါ ဆက်ရေးပေးဖို့ ကမ်းလှမ်းနေတယ်။ ဆံပင်ကို ဆီရွှဲရွှဲ လူးထားပြီး မီးပူကျ အင်္ကျီလက်ရှည်နဲ့ ပလေကပ်ပုဆိုး အညိုကွက်စိပ်လေးဆင်လို့၊ သူ့ကိုတော့ မြင်မြင်ချင်း ခင်မိတယ်။ စကားပြော အလွန်ကောင်းတဲ့သူဆိုတာ ကြာလာတော့ သိသိလာတယ်။

ကျွန်တော် ဆပ်ကပ်ထဲရောက်လာတာ နံပါတ်တစ်တရားခံက ပန်းချီ ကိုလှပိုင်၊ နံပါတ်နှစ်တရားခံက စည်းရုံးရေးကောင်းတဲ့ မန်နေဂျာ ကိုဖိုးချွန်တို့ကြောင့်ပဲ။

နောက်တစ်နေ့ နောက်ခံကားကြီး အသစ်တစ်ချပ်ရေးဖို့ ပြင်ဆင်ရတယ်။ ဒီတစ်ခါရေးရမှာက "မြို့ကား" ရေးရမှာ။ ကိုဖိုးချွန်က တစ်နေ့တည်း အပြီးရေးနိုင်ရင် အပြီးရေးပေးပါတဲ့ ဆပ်ကပ်က မနက်ဖြန်၊ သန်ဘက် နယ်ထွက်တော့မှာလို့ ပြောတယ်။ ဒါနဲ့ လိုအပ်တဲ့ဆေးရောင်တွေ ထပ်ဖြည့်ပြီး မြို့ကားတစ်ကားကို အမြန်ရေးရတယ်။ တစ်လက်မစုတ်နဲ့ အောက်လိုင်း အရင်ကောက်တာပေါ့။ အစအဆုံး ကိုယ့်တာဝန်ဆိုတော့ အောက်လိုင်းကောက်ရာမှာကိုပဲ နောက်ကို ခဏခဏ ဆုတ်ကြည့်ခွာကြည့်နဲ့။ တိုက်တွေ၊ လမ်းတွေက အချိုးအစားကျဖို့ လိုတယ် မဟုတ်လား။ ဒီဇိုင်းဆန်းဆန်း ခေတ်မီမီတိုက်တွေ တန်းစီရေးပြီး ကတ္တရာလမ်းပေါ်မှာ ဆလွန်းကားတစ်စီး၊ ပစ်ကပ်တစ်စီး၊ ဦးတည်ရာမတူအောင် လမ်းရဲ့တစ်ဘက်တစ်ချက် ယာဉ်ကြောတစ်ခုစီယူရေးထားတယ်။ စူပါကပ်မော်တော်ဆိုင်ကယ် ဘဲခေါင်းစိမ်းရောင်ကလေးတစ်စီးလည်း ပါရတာပေါ့။ မာကျူရီမီးလုံး၊ လျှပ်စစ်ဓာတ်အားလိုင်းအတွက် ဓာတ်တိုင်တွေ၊ အဝါနဲ့ အနက်ကြား ပလက်ဖောင်းအတုံးတွေရော၊ တီဗီအင်တင်နာလည်း နှစ်ခုလောက် ပါလိုက်သေး။ ဒီကားလိပ်က ဆပ်ကပ်ခွင်ရဲ့အကြား စတိတ်ရှိုးတို့ တေးသရုပ်ဖော်တို့ ကက်ဆက်ဇာတ်လမ်းတို့ကို သရုပ်ဖော်ဇာတ်က,တဲ့နေရာ မှာ သုံးဖို့တဲ့။

ကျွန်တော် ပန်းချီရေးနေတုန်းမှာ ကိုဖိုးချွန်က လက်ဖက်ရည်အချိုချိန်တန် အချို၊ ပေါက်စီကလည်း ပူပူနွေးနွေး၊ ယင်ကောင် မနားစေရဘူး၊ လက်ဖက်ရည်အကြမ်း ဓာတ်ဘူးက လျော့တယ်လို့ မရှိစေရဘူး။ ကျွန်တော် မြို့ကား ရေးနေတာကို ဆပ်ကပ်အဖွဲ့ဝင်တွေ ခပ်လှမ်းလှမ်းကရော၊ နီးနီးကပါ လာကြည့်ကြ၊ ဝေဖန်ကြတယ်။ တချို့က ခပ်တိုးတိုး၊ တချို့က မကြားတကြားလေး။ ကိုယ်ဝါသနာပါတာကို အခုလို လွတ်လွတ်

လပ်လပ် ရေးခွင့်ရတော့ ပျော်တာပေါ့။ ကျွန်တော့်ပန်းချီကားကို ကိုဖိုးချွန် သဘောကျတယ်ဆိုတာ သူ့ပါးစပ်က ဖွင့်မပြောခင် ထိုင်ကြည့်နေရင်း သူ ဒူးနန့်နေတာကြည့်ရုံနဲ့ သိသာတယ်။

ကိုဖိုးချွန်က ကျွန်တော့်ကို နာမည်တပ်မခေါ်ဘူး၊ ပန်းချီဆရာလို့ ခေါ်တယ်။ သူကစပြီး ပန်းချီဆရာလို့ ခေါ်လိုက်တာ၊ နောက်လူတွေပါ 'ပန်းချီဆရာ'၊ 'ဆရာ' တွေ ဖြစ်ကုန်ရော၊ သူတို့ဆပ်ကပ်ထဲမှာ ဆရာတွေ က အများသား။ ဘားဆရာ၊ ဓားဆရာ၊ မီးဆရာ၊ စက်ဆရာ စုံလို့။

"နောက်ထပ် ပြဇာတ်အသစ်တွေ တင်စရာရှိသေးတယ် ကျွန်တော်တို့နဲ့လိုက်ခဲ့ ပန်းချီဆရာ"၊ အခုရေးတဲ့ မြို့ကားနဲ့ ကိုလှပိုင် ရေးတဲ့ တောကားကို လက်စသတ်ပေးတဲ့အတွက်ဆိုပြီး ပိုက်ဆံအရွက်ကြီး တွေ အတော်များတယ်၊ ကျွန်တော့်လက်ထဲ ထည့်နေတယ်။

ဘယ်ရွှေ့ ဘယ်မျှရမှလို့ အောက်မေ့နေတဲ့အချိန် မဟုတ်လေ တော့ ကျွန်တော်က အားနာမိတယ်။ ပန်းချီရေးနေရတာကိုပဲ ကျေနပ်နေ တဲ့အချိန် မဟုတ်လား။ ပန်းချီဆရာ ကျွန်တော်တို့နဲ့ လိုက်လာတဲ့အခါ အိမ်မှာကျန်ရစ်တဲ့ မိသားစုအတွက် ဈေးသုံးဆိုပြီး အင်္ကျီအိတ်ထောင်ထဲ ငွေစက္ကူတချို့ ထပ်ထည့်ပေးပြန်တယ်။ ကျွန်တော် ရေတွက်မနေပါဘူး။ အမေ့လက်ထဲ အကုန်ထည့်ပေးခဲ့တယ်။ အမေက မင့်အတွက် လက်ဖက် ရည်ဖိုး၊ ဆေးလိပ်ဖိုးလေး ထည့်သွားဦးဆိုပြီး ပိုက်ဆံနည်းနည်း ထည့်ပေး လိုက်တယ်။ ကျွန်တော်က ဘယ်လောက်လို့ ရေမနေပါဘူး။

လက်ဆွဲအိတ်ကိုဆွဲပြီး ဆပ်ကပ်အဖွဲ့တည်းရာ ဝင်းကြီးထဲရောက် သွားတော့ ဆပ်ကပ်အဖွဲ့သား တော်တော်များများက ကျွန်တော့်ကို ဝိုင်း ကြည့်နေကြတယ်။ ငါတို့အဖွဲ့အတွက် ပန်းချီဆရာပါလာပြီဟေ့၊ ကားပေါ် တော့ လူကြပ်တော့မှာပဲ၊ လူများ လေများ ချေးများတော့မှာပဲ၊ သူငယ်ချင်း ဆင်းရဲလှ ချဉ်ရည်တစ်ဇွန်း ကူသောက်မယ့်သူတစ်ယောက် တိုးလာပြီ ဆိုတဲ့ အကြည့်တွေ ဖြစ်ကြမှာပေါ့။

ဆပ်ကပ်ပစ္စည်းတွေ သေတ္တာတွေ အိပ်ရာလိပ်တွေ ကုန်ကားကြီးတွေပေါ် တင်နေကြပြီ။ တချို့ ဆပ်ကပ်သမားတွေတောင် နေရာဦးပြီးကုန်ကြပြီ။ ကိုဖိုးချွန်က ကျွန်တော့်ကို ဆပ်ကပ်ဆရာစီးမယ့် ရှေ့ကားပေါ်မှာ နေရာချထားပေးနေလို့ အသာကပ်ပြီး ခပ်တိုးတိုး ပြောရတယ်။ အဲဒီကားတော့ မစီးပါရစေနဲ့။ နောက်ကားပေါ်ကပဲ လိုက်ချင်တယ်။ ဒါကိုပဲနောက်ကားရဲ့ခေါင်းခန်းထဲက လိုက်ခဲ့ပါလို့ ပြောနေသေးတယ်။ ကျွန်တော်က ဆပ်ကပ်သမားတွေနဲ့ မိတ်ဆွေဖွဲ့ချင်တာလေ၊ မန်နေဂျာပေးတဲ့ နေရာက မစီးဘဲ နောက်က ဆပ်ကပ်သေတ္တာတွေပေါ်မှာပဲ ထိုင်လိုက်လာတယ်။ ကားနှစ်စင်း ထွက်ကာနီးတော့ အိမ်မှာကျန်ရစ်တဲ့ မိသားစုတွေက လိုက်ပို့ကြ၊ နှုတ်ဆက်ကြနဲ့ လွမ်းစရာမရှိတဲ့ ကျွန်တော်တောင် နည်းနည်းလွမ်းချင်သလိုလို ဖြစ်လာတယ်။ ကြည့်ရတာ အခုလို အိမ်ကထွက်ပြီဆိုရင်အိမ်ကို တော်တော်နဲ့ ပြန်ရောက်ကြပုံ မပေါ်ဘူး။

ကားဆရာက ကားလက်ကိုင်ဘီးအပေါ်ကနေပြီး လက်အုပ်ချီပြီးဘုရားရှိခိုးနေတယ်။ ကျွန်တော် ပန်းချီကားကြီးတွေ ရေးနေတုန်း တစ်ခါတစ်ခါ လာပြီး ကူညီလုပ်ကိုင်ပေးတဲ့ "ကိုစိန်ခို" ဆိုတဲ့ လူနဲ့ ကားပေါ်မှာစပြီး မိတ်ဆွေ ဖြစ်ရတယ်။ ကားစထွက်တော့ ကလေးတစ်အုပ် အော်ဟစ်ပြီး ကားနောက်ကို ပြေးလိုက်လာကြသေးတယ်။ ဆပ်ကပ်ဝင်းကြီးထဲက ကားတွေထွက်သွားမှ ကလေးတွေနေရစ်ခဲ့ကြတာ။ ကားပေါ်မှာ ပါလာကြသူတွေထဲက အသက်နည်းနည်းကြီးတဲ့သူတွေပဲ ခပ်ကြာကြာ ငေးငေးငိုင်ငိုင်ဖြစ်ကြတာပါ။ အိမ်ကိုလွမ်းတာထင်ပါရဲ့။ ပျိုရွယ်သူတွေကတော့ ခဏမှ တကယ်ခဏပါပဲ။ အပြုံးတွေ အပျော်တွေနဲ့ ဖြစ်ကုန်ကြရော။

ကိုစိန်ခို စကားအရဆိုရင် ဒီဆပ်ကပ်အဖွဲ့ဝင် အများစုက "ဝမ်းပြည့်" နယ်သားတွေ၊ ဆွေမကင်း မျိုးမကင်းတွေချည်းမို့ မိသားစုဆပ်ကပ်လို့တောင် ပြောရမလိုပဲ။ မီးဆရာ ဘယ်သူနဲ့ ကျွမ်းဆရာဘယ်သူနဲ့က ညီအစ်ကို၊ ဓားဆရာနဲ့ ရွှဲဆရာနဲ့က တူဝရီး၊ မန်နေဂျာနဲ့

ဆပ်ကပ်ဆရာနဲ့က နှစ်ဝမ်းကွဲ စုံလို့ပဲ ကောင်မလေးတွေကလည်း သားချင်းတွေ တော်စပ်နေကြတာတွေချည်းပဲ။

ဆပ်ကပ်ဆရာတို့ စီးလာတဲ့ ရှေ့ကားက ကျွန်တော်တို့ကား ထက် စက်ရောဘော်ဒီပါ ပိုကောင်းပုံပေါ်တယ်။ အရောင်က ကျွန်တော် တို့ကားထက် ပိုပြီးသစ်တယ်။ ကျွန်တော်တို့ကားရဲ့ အင်ဂျင်က ငယ်သံ ပါအောင် မြည်ပြေးကာမှ သူတို့ကားဖင်ပိုင်းမြင်ရရုံပဲ၊ မီကိုမမီဘူး။ ကားက မြစ်ငယ်၊ ပလိပ်ကျော်လို့ စဥ့်ကိုင်နယ်ထဲကို ရောက်လာပြီ။ လယ်ကွင်း စိမ်းစိမ်းတွေ၊ ရှမ်းတောင်တန်း ပြာပြာကြီးတွေ၊ ထနောင်းပင် ဝါဝါတွေ၊ ကုက္ကိုပင် ညိုကိုင်းကိုင်းတွေနဲ့ ပတ်ဝန်းကျင်က လှချင်တိုင်းလှနေတယ်။ နံဘေးက တောင်တွေအပေါ်မှာရော၊ ရွာထဲက စေတီဘုရားတွေပါ မြင်ရင် ဆပ်ကပ်ထဲက ကောင်မလေးတွေက လက်အုပ်ချီပြီး ဆုတောင်းကြတယ်။ လမ်းခရီးဖြောင့်ဖြူးပါစေလို့ ဆုတောင်းသလား၊ ဆပ်ကပ်ပွဲမှာ လူစည် ပါစေလို့ ဆုတောင်းသလား၊ ရပ်ဝေးရပ်နီးက သတ္တဝါတွေ ကျန်းမာ ချမ်းသာကြဖို့ မေတ္တာပို့သတာရော လုပ်ကြလေသလားမသိ။ ကျွန်တော် တို့ကားက ‘လက်ညှိုးထိုး’ ကျော်ခဲ့ပြီ။

ပတ်ဝန်းကျင်က ရှုခင်းလှလှတွေကို ငေးနေတဲ့ ကျွန်တော့် မျက်နှာကို ရုတ်တရက် ပစ္စည်းတစ်ခု လာကပ်တော့ ဗြုန်းဆို လန့်သွား တာပေါ့၊ ရှေ့ပိုင်းက ကောင်မလေးတွေရဲ့ စူးခနဲ အော်သံတွေပါ တစ်ပြိုင် နက် ကြားလိုက်ရတယ်။ သူတို့အထဲက တစ်ယောက်ရဲ့ ခေါင်းစည်းပဝါ လေး လေတိုက်ပြီး လွင့်အကျ၊ ကျွန်တော့်မျက်နှာမှာ လာငြိနေတာကိုး။ ကံကောင်းလို့၊ နို့မို့ရင် ကားရပ်ဦး၊ ဆင်းကောက်ဦးနဲ့ အချိန်တွေကြာပြီး၊ ရှေ့ကားနဲ့ ဝေးသထက် ဝေးသွားရော့မယ်။ ကျွန်တော့်မျက်နှာမှာ အခုလို လာအုပ်မိနေတော့ ကောင်မလေးတွေအဖို့ ရယ်စရာတစ်ခုလို ဖြစ်သွားပြီး သူတို့ ရယ်ပွဲဖွဲ့လိုက်ကြတာ ဆူလို့ညံလို့။

ကျွန်တော်က ပဝါနီနီလေးကိုယူပြီး ဘယ်သူ့ပေးရမှန်း မသိတော့ သူတို့အထဲက အနီးဆုံး အသားနည်းနည်းညိုတဲ့ ကလေးမလေးကို လက်

ကမ်းလိုက်တယ်။ ကျွန်တော်က လှမ်းပေးမယ်အလုပ်မှာ တကယ့်ပိုင်ရှင် ကောင်မလေးက ကြပ်ညှပ်ထိုင်နေရာက ဇွတ်အတင်းတိုးပြီး ကျွန်တော့် လက်ထဲက ပဝါနီလေးကို လှမ်းယူလိုက်တယ်။ သူတို့အဖို့ ဒီလို ယူတာကို ပျော်စရာ၊ ရွှင်စရာ၊ နောက်စရာတစ်ခုပေါ့။ ပဝါပိုင်ရှင်လေးက တစ်တစ် ရစ်ရစ်ကလေး၊ သူ့ရဲ့ထူးခြားတဲ့ မျက်တောင်မွေးရှည် ကော့ကော့လေး တွေကို ကျွန်တော် ချက်ချင်းသတိထားမိတယ်။ သူ့နံဘေးက ကလေးမက ကျွန်တော်မကြားအောင် ဘာပြောလိုက်တယ်မသိ၊ သူတို့ ရယ်ကြပြန်ရော၊ ကျွန်တော့်ဆီက သူ့ပဝါနီလေးကို ထအယူမှာ လုံးကြီးပေါက်လှ အမျိုးသမီး တစ်ယောက်က မျက်တောင်မွေးရှည်လေးရဲ့တင်ပါးကို တစ်ချက် ခပ်စပ်စပ် “ဖျန်း” ခနဲမြည်အောင် ရိုက်လိုက်တယ်။ ဒီလိုရိုက်လိုက်တာကလည်း သူတို့အတွက် ရယ်စရာပဲ။ မျက်တောင်မွေးရှည်လေး သူ့ကိုရိုက်လို့ ယောင်လိုက်ပုံကလည်း ‘ဆရာ ရေ့’ တဲ့။ ဆရာရေ့ ဆိုပါလား၊ ဘယ်က ဆရာရေ့လဲ။

ကားဆရာက စက်ရှိန်မြှင့်လိုက်၊ လမ်းဆိုးရင် အရှိန် လျှော့ လိုက်နဲ့ ခရီးအတော်တွင်လာခဲ့ပြီ။ အနားမှာ ထိုင်လိုက်လာတဲ့ မီးဆရာ နဲ့လည်း အတော်ခင်နေပြီ။ ဒါကြောင့် သူ့ကို မိတ်ဆွေဖွဲ့ပြီး အနားက လူတွေရဲ့ နာမည်တွေ အလုပ်တွေ လျှောက်စပ်စုကြည့်တယ်။ အမှန်ပြော ရရင် ကလေးမလေးတွေအကြောင်း ပိုသိချင်တာ။ ဒါပေမဲ့ ရောက်ရောက် ချင်း ဆောက်နဲ့ထွင်းလို့ မတော်ဘူးထင်လို့ နံဘေးကလူတွေ လျှောက်ဝေ့ နေရတာလေ။

မီးဆရာက သူ့လက်ထောက်ကစလို့ အသံချဲ့စက် ဆရာတွေ ရော၊ ကျွမ်းဘားဆရာတွေပါမကျန် ကားပေါ်ပါသမျှလူတွေအကြောင်း ပေအရှည်ကြီး ပြောနေတယ်။ ကျွန်တော်ကလည်း တကယ်ကို စိတ်ဝင် စားဟန်နဲ့ပေါ့။ ပြီးမှ ကောင်းခန်းရောက်မှ ရပ်ထားပြီး မီးဆရာက ကွမ်းအစ် ထုတ်ပြီး ကွမ်းယာနေလိုက်သေးတယ်။ ကျွန်တော့်မှာ နားရောပါးစပ်ပါ ခံတွင်းချဉ်တော့တာပေါ့။ ဒီလူ အလိုက်သိတယ်။ အကုန်သိတာ မဟုတ်

ဘူး။ တစ်ဝက်ပဲ သိတာ။ ကျွန်တော့်ကို ကွမ်းတစ်ယာ ယာပေးပြီး ကွမ်းပဲ ဝါးနေတယ်။ ကောင်မလေးတွေအကြောင်း မပြောဘူး။ မနေနိုင်၊ မအောင့်နိုင်တော့ ဆက်ပါဦး မီးဆရာရဲ့လို့ လက်တို့ရတော့တာပေါ့။ သဘင်သည်တစ်ပိုင်းတွေ မဟုတ်လား၊ သူတို့က ဒါမျိုးတွေ နှောကျေနေပြီလေ။

"ပြောတာပေါ့ ပန်းချီဆရာရယ်၊ ပွဲခွင်တွေ အများကြီးကျန်သေးပါတယ်"

"ဟာ မီးဆရာကလည်း ကျွန်တော် ပွဲခင်းထဲကျတော့ လက်ဖက်ရည်တိုက်ပါ့မယ်" ဆိုတော့ သူက ရယ်တယ်။

"နောက်တာပါဆရာရယ်၊ လက်ဖက်ရည်တိုက်စရာ မလိုပါဘူး" ဆိုပြီး စပြောလိုက်တာ။

"ညိုညိုပျိုပျို ကောင်မကလေး၊ စပို့ရှပ်အပြာနုလေးနဲ့ သူက ကြိုးတန်းလျှောက်တယ်၊ ကြိုးတန်းပေါ်မှာ စက်ဘီး စီးတယ်၊ တကယ့်အသည်းယားစရာ။ ဆရာ တွေ့ပါလိမ့်မယ်၊ အဲဒီကောင်မလေး နာမည်က ဆပ်ကပ်ထဲမှာ 'ဆန်းဆန်းအေး' တဲ့။ စလုံးမဟုတ်ဘူးနော် ဆလိမ်၊ မီးဆရာက ကျွန်တော့်နား အနားကပ်ပြောတော့ ကွမ်းသွေးတွေ ပါးတို့နားတို့ နည်းနည်းစင်တာပေါ့။ ဆန်းဆန်းအေးကို ကျွန်တော်တို့ကတော့ မိသန်းလို့ပဲ ခေါ်တယ်၊ အိမ်မှာ သူ့နာမည်က 'ခင်သန်း' ကိုး"

"ဟိုလုံးကြီးပေါက်လှ ခုနက လက်ဝါးနဲ့ ဖျန်းခနဲ ချလိုက်ပါရော၊ အဲဒီကလေးမလေးနာမည်က 'လှသိင်္ဂီ' တဲ့၊ အိမ်မှာတော့ 'သိန်းသိန်းပြည့်' လို့ ခေါ်တယ်။ သူက ကလေးတစ်ယောက်မအေ"

ကျွန်တော်က အံ့အားသင့်ပြီး မီးဆရာ မဟုတ်တရုတ်တွေ ပြောနေတာလားလို့ စူးစမ်းတဲ့အကြည့်နဲ့ ကြည့်မိတယ်။ မယုံနိုင်စရာပဲ။

"သိန်းသိန်းပြည့်က ကောင်းကင်ဘားမှာ သမ္ဘာကြီး၊ ဆရာမကြီး"

"ပြီးတော့ ထဘီနက်ပြာပြာနဲ့ သွယ်သွယ်လေး ကျစ်ဆံမြီးရှည်လေးနဲ့ သူက 'ဝါဝါခင်' သူက ပညာသင်လေး၊ ကြုံရာနေရာမှာ လူစားဝင်နိုင်အောင် ဆပ်ကပ်ဆရာက အမျိုးစုံ ကျင့်ပေးနေတာ"

“နေကာမျက်မှန်တပ်ထားတဲ့ လိမ္မော်ရောင်ဝမ်းဆက်နဲ့ ကလေးမ ကလည်း အိမ်ထောင်သည်ပဲ၊ သူ့ခင်ပွန်းက ဆက်တင်မန်နေဂျာ၊ တွေ့ပါ လိမ့်မယ် ပန်းချီဆရာကို အမျိုးစုံ နားပူမယ့်သူ၊ ကောင်မလေးနာမည်က ‘ဆွေခင်ဝင်း’ တဲ့”

ကျွန်တော်နာမည်သိချင်တဲ့ မျက်တောင်မွေးရှည်လေးရဲ့ အလှည့် က နောက်ဆုံးမှ ရောက်တော့တယ်။ ကျွန်တော်က မှင်သေသေနဲ့ နေရ တာပေါ့။ သိပ်စိတ်မဝင်စားတော့တဲ့ ဟန်နဲ့။

“ခုနက ပဝါလွှင့်သွားတဲ့ ကောင်မလေး” ဆိုကာ ရှိသေးတယ်။ ကားက ဟွန်းတွေ တတီတီနဲ့ ဆူဆူညံညံ တီးလို့ ဘာသံမှ မကြားရ တော့ဘူး။ မီးဆရာက ပြောတော့ပြောတာပဲ။ မသဲကွဲဘူး။ နွားကျောင်းသား တွေက သူတို့ရဲ့နွားတွေကို ကားလမ်းပေါ် တက်ကျောင်းနေကြလေတော့ ဒီနွားတွေ လမ်းနံဘေးဆင်းအောင်လို့ ဟွန်းကို ဆူညံနေအောင် တီးရတာနဲ့ ကားက ချိုင့်ထဲကျပြီး အမိုးကိုင်းတွေက မြည်နေတာနဲ့ ကလေးမနာမည် သဲသဲကွဲကွဲ မကြားလိုက်ရဘူး။ ကားဆရာပဲ အပြစ်တင်ရမလိုလို၊ နွား ကျောင်းသားတွေပဲ ဆဲရတော့မလိုလိုနဲ့၊ မီးဆရာက ဆက်မပြောတော့ မနေနိုင်တာနဲ့ မေးမိတယ်။

“ဗျာ၊ ဘယ်သူတဲ့၊ ခုနက မကြားလိုက်ရဘူး”

မီးဆရာက ကြွပ်ကြွပ်အိတ်လေးထဲ ကွမ်းသွေးထွေးလိုက်သေး တယ်။ ပြီးမှ “မိုးသီတာ တဲ့၊ ဘယ်သူမှ ဒီနာမည် မခေါ်ပါဘူး။ ကျွန်တော်တို့က အိမ်မှာခေါ်တဲ့နာမည်ပဲ ‘ဝိုင်းတင်’ လို့ ခေါ်ကြတယ်။ တွေ့ပါလိမ့်မယ်ဗျာ၊ ပညတ်သွားရာ ဓာတ်သက်ပါသလား၊ မပါဘူးလား ဆိုတာ၊ တင်လေးကို ဝိုင်းနေတာပဲ”

မီးဆရာက သူတို့ဘာသာဘာဝ ခပ်ရဲရဲ ပြောလိုက်ပေမယ့် ကျွန်တော့်မျက်နှာတော့ ရဲခနဲ ဖြစ်သွားတယ်ထင်တာပဲ။ ကျွန်တော်ကရော မျက်တောင်မွေးရှည်လေးရဲ့ နာမည်ကိုလည်း သိရရော ဘာဖြစ်လို့

'ဝိုင်းတင်' 'ဝိုင်းတင်' ဆိုတဲ့ နာမည်ကို လေ၊ ငါးခါ ရွတ်ကြည့်မိရတာတဲ့လဲ။

⁕ ⁕ ⁕

ဆပ်ကပ်အဖွဲ့ဟာ မြေလတ်က မြို့ပေါက်စနလေးတစ်ခုရဲ့ ဘုရားပွဲမှာလာပြီး သေတ္တာဖွင့်ကြတာပါ။ ဒီပြင် ဘယ်ဇာတ်အဖွဲ့တွေ လာကြမယ်တော့ မသိဘူး၊ လောလောဆယ်တော့ ဒီဆပ်ကပ်တစ်ဖွဲ့ပဲ အရင်ဆုံးရောက်နှင့်တာ။

ရောက်ရောက်ချင်းပဲ ရုံဆောက်တဲ့လူတွေက ရုံကို အမြန်ဆုံး ဆောက်ကြတယ်။ ထမင်းချက်တဲ့သူတွေက ချက်ကြ။ ပစ္စည်းတွေ သူ့နေရာနဲ့သူ ချကြ၊ ဘယ်သူမှ အနား မနေကြရဘူး။ ဆပ်ကပ်ဆရာရယ်၊ မန်နေဂျာ ကိုဖိုးချွန်ရယ်၊ ကျွန်တော်ရယ်ပဲ အလုပ်မရှိကြတာ၊ ကိုစိန်ခိုကတော့ လက်ညှိုးညွှန်လိုက်၊ အောက်မေးလှုပ်လိုက်နဲ့ ညွှန်ကြားနေတယ်။ ကိုဖိုးချွန်လည်း နှစ်ခွန်းသုံးခွန်းတော့ ဝင်ပြောလိုက်သေးတယ်။

ပွဲခင်းထဲမှာ လက်ဖက်ရည်ဆိုင်တွေ၊ ခေါက်ဆွဲကြော်ဆိုင်တွေ၊ အကြော်ဆိုင်တွေက အသံချဲ့စက်တွေ ဖွင့်နေကြပြီ။ လှည်းလမ်းကြောင်း တစ်လျှောက် ဖုန်လုံးကြီးတွေ တလိပ်လိပ်တက်ကာ၊ အိုဟိုဝို့ဝိုး တောင်ပေါ်သားတစ်ယောက် ဖြစ်ရတာ ဂုဏ်ယူပါတယ်ကွာ၊ ကိုယ့်အသည်း ပျားတုပ်နေ၊ ချစ်ရတာ အရသာလား၊ စဉ်းစားစဉ်းစားတွေ ညံနေပြီ။

ပစ္စည်းတွေ နေသားတကျ တော်တော်လေးဖြစ်တော့ ကိုစိန်ခိုက ကျွန်တော့်ကို လက်ဖက်ရည်သောက်ရအောင် လာခေါ်တယ်။ ကျွန်တော်က ဘာအလုပ်မှမရှိတဲ့လူ ဖြစ်နေလေတော့ ငြင်းမနေပါဘူး၊ ဆာလည်း အတော်ဆာနေပြီ။ ပွဲဈေးကို နှစ်ယောက်သား ယှဉ်လျှောက်လာရင်း –

"ပန်းချီဆရာကတော့ ကျွန်တော့်အကြောင်း ကြားဖူးရင်လည်း ကြားဖူးပြီးသားနေမှာ"

"ဆိုစမ်းပါဦးဗျ"

"တချို့က ကျွန်တော့်ကို ဆပ်ကပ်ဆရာရဲ့ မွေးစားသားလို့ အပြောင်အပြက်လိုလို၊ အတည်လိုလို ခေါ်ကြတယ်၊ မလိုတဲ့လူကတော့ ဒူးမနာသားတဲ့" ကိုစိန်ခိုက သူ့စကားကို ခဏရပ်လိုက်တယ်။

"ဟင့်အင်း မကြားဖူးဘူး၊ ဘာလို့ ဒီလိုခေါ်ကြတာတုန်း"

ကျွန်တော်အံ့သြသွားတာတော့ အမှန်ပဲ။

"ဒီလိုဗျ၊ ကျွန်တော်က သူတို့ဝမ်းပြည့်နယ်သား မဟုတ်ဘူး၊ ကျွန်တော် ဘယ်နယ်က ဘယ်သူ့သားသမီး၊ ဘာလုပ်တတ်တယ်ဆိုတာ ဆပ်ကပ်ဆရာတောင်မှ မသိဘူး။ ဒါပေမဲ့ ဆပ်ကပ်ဆရာက လူတစ်မျိုး၊ ခင်ဗျား နောက်တော့သိပါလိမ့်မယ်။ ကျွန်တော့်ကိုတော့ သူက ယုံတယ်။ သူ့အတွင်းရေးမှူးဆိုပါတော့ဗျာ။ ကျွန်တော်က သူခိုင်းတာတွေ ဖင်ပေါ့ပေါ့ လုပ်ကိုင်ပေးရင်း သူ့ဆိုးမျိုး သည်းခံရင်းနဲ့ သူ့အကြောင်း သူ့အထာ နားအလည်ဆုံး ဖြစ်လာတယ်"

"ဒီတော့ – "

"ဒီတော့ ကျွန်တော့်ဆိုရင် ဆပ်ကပ်ဆရာနဲ့ တစ်ဂိုဏ်းတည်း ထည့်ထားပြီး အဖွဲ့သားတွေက နည်းနည်းလန့်ကြ၊ ရှိန်ကြတယ်။ ကျွန်တော် အခုထိ ဘယ်သူ့ကိုမှ ဒုက္ခမပေးဖူးပါဘူး"

လက်ဖက်ရည်ဆိုင်ရောက်တော့ သူရော ကျွန်တော်ပါ 'ဖန်ဆိမ့်' သောက်ကြသူတွေ ဖြစ်နေကြတယ်။ ပလတ်စတစ်အိတ်ထဲ သွတ်ထားတဲ့ ကိတ်မုန့်တွေ၊ ပေါင်မုန့်တွေ စားပွဲထိုးလေးက အရင်လာချပေးတယ်။

"ထားပါတော့ဗျာ၊ ပြောချင်တာ ဒါမဟုတ်ပါဘူး။ သူများပြောမှ ဆရာသမားသိရပြီး ကျွန်တော့်ကို တစ်မျိုးထင်နေမှာစိုးလို့ပါ။ တစ်ခုတော့ ရှိတယ်၊ ဆပ်ကပ်ဆရာက ကိစ္စတစ်ခုခု ပြဿနာတစ်ခုခုအကြောင်း၊ ဆပ်ကပ်အဖွဲ့ရဲ့ အခြေအနေမေးရင်တော့ ကျွန်တော်က ညာမပြောဘူး၊ အမှန်အတိုင်းပဲ ပြောတယ်။ ခင်ဗျားမေးလည်း ဒီလိုပဲပြောမှာပဲ၊ ညာတာ လိမ်တာ ကျွန်တော်က လွတ်မုန်းတာ"

ကျွန်တော်က လက်ဖက်ရည်တစ်ငုံလောက် ကောက်ငုံလိုက်တယ်။ လက်ဖက်ရည်က မဆိုးဘူး၊ အရသာရော အနံ့ပါ ကောင်းတယ်။ ဒါနဲ့ ဆိုင်နာမည် မှတ်ထားရအောင် ဆိုင်းဘုတ်ရှာဖတ်ရသေးတယ်။ မြို့မကဖီး တဲ့။ ခုနက လက်ဖက်ရည်ဆိုင်ရဲ့ ကက်ဆက်ထဲမှာ အနိုင်၊ အခု လွမ်းမိုး။

“နောက် အရေးကြီးတာတစ်ခု ပြောချင်တယ်။ အဲဒါကတော့ ကျွန်တော် ပန်းချီ မတောက်တခေါက်တော့ သင်ဖူးတယ်။ စကောစက ဖြစ်နေတာ။ အဲဒါ ဆရာဆက်သင်ပေးစေချင်တယ်လေ”

“ဒါများ ကိုစိန်ခိုရယ် ဖြစ်ပါတယ်။ ခင်ဗျားသာ တကယ်လိုချင်စိတ်ရှိရင် ဖြစ်ပါတယ်”

လက်ဖက်ရည်ဖိုး ကျွန်တော်ပေးမယ်လုပ်တော့ ကိုစိန်ခိုက အပေးမခံဘူး။

လက်ဖက်ရည်ဆိုင်မှာ တစ်အောင့်ကြာထိုင်ပြီးတော့ ဆပ်ကပ်ရုံရှိရာကို ပြန်လာခဲ့ကြတယ်။ ဆပ်ကပ်ရုံနားရောက်တော့ သူနဲ့လူချင်းခွဲလိုက်တယ်။

ရုံနံဘေးနားရောက်တော့ ဆပ်ကပ်ဆရာရဲ့ အူလှိုက်သည်းလှိုက်ရယ်သံကြီး ကြားလိုက်ရလို့ လှမ်းကြည့်တော့ သူက တမာပင်ရိပ်မှာ ကုလားထိုင်နဲ့ ကျကျနနထိုင်လို့။ နေပူထဲမှာ ကလေးတစ်ယောက်။ ကလေးက ကျွမ်းတွေ တစ်ပတ်ပြီးတစ်ပတ် လှိမ့်ထိုးနေတယ်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ ခေါင်းနဲ့မြေကြီးနဲ့ ထိပြီးတော့မှ လက်နှစ်ဘက်ထောက်၊ ပြီးတော့မှ ခြေထောက်နဲ့ အားယူပြီး ရှေ့ကို ထိုးချရတာ၊ မြေကြီးပေါ်မှာထိုးရတာ ဆိုတော့ ဘယ်သက်သာလိမ့်မလဲ၊ ပြီးတော့ မျဉ်းတစ်ဖြောင့်တည်းထိုးရတာလည်း မဟုတ်ဘူး၊ စက်ဝိုင်းပုံအတိုင်း လှည့်ပြီး ကျွမ်းတစ်ပတ်ကြီးထိုးနေရတာ၊ စက်ဝိုင်းက စံချိန်မီဘောလုံးကွင်း အလယ်ခေါင်စက်ဝိုင်းလောက် ရှိမယ်။ ဆပ်ကပ်ဆရာကတော့ သဘောတွေ တအားကျပြီးရယ်လို့ပဲ နေတော့တယ်။

ကလေးခမျာ စက်ဝိုင်းကို တစ်ပတ်ပတ်မိပြန်တော့လည်း နားရသေးတာ မဟုတ်ဘူး။ ဆပ်ကပ်ဆရာဆီက ရင်ခေါင်းသံကြီးနဲ့ 'ဟော့ကောင် နောက်ကျွမ်း' တဲ့။

ချာတိတ်က နောက်ကျွမ်းကို စက်ဝိုင်းပုံရအောင် ကြိုးစား ထိုးရှာတယ်။ တစ်ခါတလေလည်း ဖင်ပူးတောင်းထောင်နေပြီး တစ်ဘက်ကို တော်တော်နဲ့မကျဘူး၊ ကျွန်တော် မရောက်ခင် ဘယ်လောက်ကြာကြာကတည်းက ဒီကလေး ဒီလိုကျွမ်းတွေ ထိုးနေရတယ်မသိဘူး။ တစ်ကိုယ်လုံးလည်း ပေရေညစ်ပတ်နေပြီ၊ သူ့ကိုယ်ပေါ်က စွပ်ကျယ်ချိုင်းပြတ်လေးက မူလက ဘာအရောင်ပါလို့ သူ့အမေတောင် မှန်အောင်ပြောနိုင်မယ် မထင်ဘူး။

ကောင်လေးက လူကို တစောင်းအနေအထားနဲ့ လှည်းဘီးတစ်ဘီးလည်သလို ကျွမ်းထိုးလိုက်တယ်။ ကျွန်တော်က အတော်လူစိတ်မရှိတဲ့ အကောင်ကြီးပဲလို့ စိတ်ထဲတင် မှတ်ချက်ချရင်း မနည်းစိတ်ထိန်းပြီး ကြည့်နေရတယ်။

ခဏနေတော့ လူတစ်ယောက်က ထမင်းတွေကို သံပန်းကန်ပြားတစ်ချပ်နဲ့ ထည့်ယူလာတာတွေ့တော့မှ စိတ်ထဲ နည်းနည်းသက်သာသွားတယ်။ ဒါပေမဲ့ ခဏပဲ၊ တကယ့်ကို ခဏပဲ။ အဲဒီထမင်းပန်းကန်ပြားကိုင်လာတဲ့လူကို ဆပ်ကပ်ဆရာက စကားခေါ်ပြောနေတဲ့အချိန်ရယ်၊ ဆပ်ကပ်ဆရာခိုင်းလိုက်လို့ ပန်းကန်ပြားချပြီး ကျွန်တော်ရှိရာကို သူလျှောက်လာတဲ့အချိန် ပြီးတော့ ကျွန်တော့်ကို –

"ပန်းချီဆရာ ထမင်းစားချင်ရင် ကျက်နေပြီ စားလို့ရပြီ" လို့ ပြောပြီး လှည့်ပြန်သွားတဲ့အချိန်လောက်ပဲ ကောင်လေး နားခွင့်ရလိုက်တယ်။

'လှည်းဘီးနောက်တစ်ပတ်' တဲ့ ရင်ခေါင်းသံကြီး ပေါ်လာပြန်တယ်။

လှည်းဘီးက အရှိန်လေးယူပြီး ထိုးရတာဆိုတော့ အပတ်ရေနည်းနေတယ်ထင်ပါရဲ့။ ဒါပေမဲ့ ကြိုးစားပြီး ထိုးနေရှာတယ်။ တစ်ပတ်

ပြည့်တော့ ဆပ်ကပ်ဆရာက ဘယ်တုန်းက ဘယ်လိုအချက်ပြလိုက်တယ် မသိဘူး၊ ဟိုလူက ထမင်းထည့်ထားတဲ့ သံပန်းကန်ပြားကိုင်ပြီး စည်းဝိုင်းပေါ် ရောက်လာတယ်။ ကလေးတော့ မောမောနဲ့ ထမင်းတွေ တအားကြုံးပြီး လွေးပြီမှတ်တာ၊ ထမင်းပန်းကန်ကလေး လက်ထဲမထည့်ဘဲ၊ ကလေးအရပ်အတိုင်းနဲ့ ကွက်တိလောက်မှာ ပန်းကန်ပြားကို မြေကြီးပေါ် ချထားတယ်။ ဆပ်ကပ်ဆရာက 'ကျားကျွမ်း' လို့ အော်လိုက်ရင်၊ ကလေးက သူရပ်နေရာက ကျားကျွမ်းထိုးရတယ်။ တစ်လက်မ မပိုစေရဘူး၊ မလိုစေရဘူး၊ ထမင်းပန်းကန်နား ကွက်တိပဲ။ ဟိုလူက သံပန်းကန်ပြားကို မြေကြီးနဲ့ တရွတ်တိုက်ဆွဲရင်း အရပ်တစ်တိုင်းမှာ တစ်ခါရပ်တယ်။ ဆပ်ကပ်ဆရာက ရှေ့ကျွမ်းလို့ အော်ရင် ရှေ့ကျွမ်းထိုး၊ ထမင်းပန်းကန်ပြား တစ်ခါရွှေ့။ လှည်းဘီးဆိုရင် လှည်းဘီး၊ ကွက်တိကျရတာ။ ကြာလာတော့ ထမင်းပန်းကန်ပြား ရုပ်တိုက်ဆွဲတဲ့အသံကို မကြားချင်တော့ဘူး။

ကောင်လေးခမျာ ဆာလှရှာ့မယ်။ မောလည်း အတော်ကို မောနေရှာပြီ။ ထမင်းပေါ်က နန္ဒင်းရောင်ထနေတဲ့ သားပွဲမ်းဟင်းထဲမှာလည်း ဖုန်တွေ မနည်းတော့ဘူး။ ကျွမ်းအပတ်ရေနဲ့အမျှ ဖုန်တွေက များလာနေပြီ၊ ကျွမ်းထိုးနေတဲ့ကလေး မပြောနဲ့ နံဘေးက ကြည့်ရတဲ့ ကျွန်တော်တောင် မူးပြီး မောလာတယ်။ ဆပ်ကပ်ဆရာ ကျေနပ်တော့မှ "တော်တော့၊ ဒီကောင့် ထမင်းကျွေးလိုက်တော့" တဲ့။

ညနေက မြင်ခဲ့ရတဲ့ ကလေးကျွမ်းပစ်နေရတဲ့ မြင်ကွင်းက အသည်းထဲကို စွဲသွားလောက်အောင်ပါပဲ။ ကျေကို မကျေနပ်ဘူး။ ဒီကိစ္စက ဆပ်ကပ်ဆရာကို ပြောမှဖြစ်တော့မယ်၊ ပြောချင်တဲ့စကားတွေက ရင်ထဲမှာ အပြည့်၊ ဒီလူနဲ့ ပြောလို့ အဆင်ပြေရင်ပြေ၊ မပြေရင်တော့ ကျွန်တော်နဲ့ သူနဲ့ ရုံးရောက်ရောက် ဂါတ်ရောက်ရောက် စာရင်းရှင်းရတော့မှာ၊ ဘယ့်နှယ်ဗျာ အတော်လူမဆန်တဲ့လူပဲ။

ဒီအကြောင်း ကိုဖိုးချွန်ကိုရော၊ ကိုစိန်ခိုကိုရော ပြောမိတယ်။ သူတို့နှစ်ယောက်စလုံးက တစ်သဘောတည်းပဲ။ တစ်နေရာစီမှာ ပြောတာ

ကိုပဲ တိုင်ပင်ထားကြသလိုပဲ။ “ခင်ဗျား ဆပ်ကပ်ဆရာအကြောင်း မသိသေးဘူး၊ သွားမပြောနဲ့ ပန်းချီဆရာ၊ ပြောလို့လည်း ဘာမှထူးမှာမဟုတ်ဘူး၊ ဒါမျိုး သူက လုပ်နေကျ၊ ဒါသူ့စီးပွားရေးလေ၊ ဒီအလုပ်က အသက်နဲ့ရင်းပြီး လုပ်ကြရတာ၊ ဒီလိုမှ မလေ့ကျင့်ရင် မိုးထဲလေထဲကျ ဒုက္ခဖြစ်သွားနိုင်တယ်လို့ သူက ကလေးအကျိုးလိုလို့ ဒီလိုလေ့ကျင့်ခိုင်းတာ” တဲ့။

သူတို့ပြောကြတဲ့စကားထဲမှာ တစ်ဖွဲ့လုံးက ဆပ်ကပ်ဆရာကို ကြောက်ပြီး ရိုသေလေးစားကြရတဲ့အကြောင်း ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဘယ်လို ခံစားနေရတယ်ဆိုတာ ဆပ်ကပ်ဆရာကလည်း ရိပ်မိပုံပေါ်တယ်။ ကျွန်တော်ကတော့ အခုလို စိတ်မချမ်းသာစရာတွေကြုံတိုင်း ကိုလှပိုင်ကိုချည်း ကျိန်ဆဲမိတော့တာပါပဲ။

သူ့အဖွဲ့မှာတော့ တကယ်ပဲ ဆပ်ကပ်ဆရာက ရှင်ဘုရင်ပါ။ သူခိုင်းတာအတွက် စောဒကမရှိစေရဘူး။ ဖြစ်တာပဲ မြင်ချင်ကြားချင်သတဲ့။ “ဟော့ ဒါကလေးကစားနေတာ မဟုတ်ဘူး၊ အသက်နဲ့ရင်းပြီး ထမင်းရှာစားနေတာ၊ ငါ့ဖို့ထက် မင်းတို့ဖို့ခိုင်းနေတာ” ဒါ ဆပ်ကပ်ဆရာရဲ့ လက်သုံးစကားတွေပဲ။

ကျားပွတ်နဲ့ အရိုက်ခံထားရတဲ့လူရွှယ်ကလည်း ဆပ်ကပ်ဆရာနဲ့ သွေးမဝေးဘူး၊ ဆွေမျိုးတော်တာပဲ။ စက်ဘီးဆရာတဲ့။ သူသင်ပေးထားတဲ့ ကလေးတွေ စက်ဘီးကို နည်းမျိုးစုံ စီးနိုင်တာ ဆပ်ကပ်ထဲမှာ အတော်များနေပြီ၊ ဆရာဆင့်လည်း ဒီလူက ချမ်းသာမပေးဘဲကိုး။ ကျားပွတ်နဲ့ ဆုံးမတာကိုပဲ ကျေးဇူးတင်နေရသေးသတဲ့။

လူရွယ်လေးကို ရိုက်ပြီးပေမယ့် သူ့ကြည့်ရတာ ဘာခံစားချက်မှ မရှိသလို ခပ်အေးအေး ခပ်တည်တည်နဲ့၊ ခုနက ကျားပွတ်နဲ့ရိုက်တာ သူမဟုတ်တဲ့အတိုင်းပဲ။ အပြုံး အရယ် အလွန်နည်းတဲ့လူ၊ ကလေးလေး ကျွမ်းတွေပစ်နေတုန်းက အော်ရယ်တာ ကံထူးလို့ ကြုံရသလို ဖြစ်နေပြီ။

ဒီလိုလူရဲ့စိတ်ကို ခန့်မှန်းရ အလွန်ခက်တယ်။ ဒီလူ့စိတ်ထဲမှာ ဘာအကြံအစည် ရှိတယ်ဆိုတာ ဘယ်လိုမှ ဘယ်သူမှ မသိနိုင်ဘူး။ သူ့အနားမှာ ဘယ်သူမှ မနေချင်တာ၊ ဒါကြောင့်ပဲ ဖြစ်မှာ၊ ကိုစိန်ခိုတစ်ယောက်က လွဲလို့ပေါ့လေ။ ဒီ ကိုစိန်ခို ဆိုတဲ့ လူကိုလည်း အံ့ဩချီးကျူးမိတယ်။

ကျွန်တော်လျှောက်လာရင်းနဲ့ တစ်နေရာမှာ ဓားပေါက် လေ့ကျင့်နေတာ လှမ်းမြင်ရတယ်။ တဖြည်းဖြည်း နီးနီးလာတော့ ဓားနဲ့ လှမ်းပေါက်နေတဲ့သူက ဓားဆရာ မဟုတ်ဘူး၊ ရွှဲဆရာ၊ ခြင်းဆရာဖြစ်နေတာကိုး။

ရုပ်က ခပ်ချောချော ဖြူဖြူသန့်သန့် ဆံပင်က လှိုင်းတွန့်လေးတွေနဲ့။ တကယ့်ဓားဆရာ အကြောင်းမညီညွတ်ရင် လူစားထိုး ဝင်ပစ်နိုင်အောင် လေ့ကျင့်နေတာတဲ့။ နောက်ခံသစ်သားပြားအဝိုင်းကြီးက လက်ပံသားလို ခပ်ပွပွ အသားပွကြီး၊ ဓားတွေကို မှန်းဆကြည့်ရတာ အလွန်ချွန်ပြီး မြည့်နေအောင် ထက်တဲ့ပုံပဲ။ သစ်သားပြားကြီးကို မစိုက်မိဘဲ 'ဒုန်း' ခနဲ မြည်ပြီး လွင့်စင်လာတဲ့ ဓားတစ်ချောင်းက ကျွန်တော်နဲ့ မနီးမဝေးမှာ လာကျတယ်။ ကျွန်တော် အတော်လန့်သွားတာပေါ့။ ရှေ့ကို နှစ်လှမ်းသုံးလှမ်း စောလှမ်းမိရင် ဒီဓားနဲ့ ကျွန်တော်နဲ့ တစ်ခုခုတော့ ဖြစ်ရတော့မယ်။ ကောက်ကိုင်ကြည့်လိုက်တော့ အသွားချည်း ခုနစ်လက်မ ကျော်လောက်ရှိတဲ့ဓား၊ ကျွန်တော် တွေးထားတာထက် ချွန်ပြီး ထင်တာထက် ထက်နေ မြည့်နေတယ်။ အလေးချိန်လည်း အတော်စီးတာပါလား။ ပထမတော့ ဆပ်ကပ်ဆရာက အကဲစမ်းတဲ့သဘောနဲ့ အသေအချာ အပစ်ခိုင်းလိုက်တယ်လို့တောင် ထင်လိုက်မိတယ်။ ကျွန်တော် ကုသိုလ်ကံကောင်းနေသေးတယ်လို့ ဆိုရမှာပဲ။

မှင်တက်မိပြီး တကယ်လန့်သွား ခြေဖျားလက်ဖျားတွေ အေးစက်သွားစေတာ ကျွန်တော့်လက်ထဲက ဓားမြှောင်ကြီးကြောင့် မဟုတ်ဘူး၊ သစ်သားပြားကြီးမှာ ခြေထောက်ကားယားခွပြီး ဓားပေါက်ခံနေတာ တခြားလူ ဟုတ်ပါရိုးလား၊ မျက်တောင်မွေးရှည်လေး။ ဒီကောင်မလေးက လက်သင်ဓားသမား ရွှဲဆရာ ဓားတစ်စင်း ပစ်ပေါက်လွှတ်လိုက်တိုင်း

မျက်နှာတစ်ချက် မပျက်ဘူး။ တကယ့် ထိမထင်တဲ့ဟန်နဲ့။ ကျွန်တော် ကသာ ကြည့်နေရင်းနဲ့ ကျောရိုးထဲက စိမ့်ခနဲဖြစ်သွားလို့ ယောင်ရမ်းပြီး မျက်စိမှိတ်လိုက်မိတာ၊ သူကတော့ ဘယ်လိုမှ ခံစားချက်မရှိတဲ့ စတိုင်နဲ့ လေ။

တကယ်တော့ လက်သင်ဓားသမားတစ်ယောက် လေ့ကျင့်နေ တာဆိုရင် ဆေးနဲ့ ရေးထားတဲ့ လူရုပ်တစ်ရုပ်ဖြစ်ဖို့ ကောင်းတယ်။ ကျွန်တော့်ရေးပေးပါဆိုရင် ဘာမှအပန်းကြီးတာမဟုတ်ဘူး။ လူတစ်ယောက် သစ်သားပြားမှာ ကားယားခွပြီး ဆေးနဲ့လိုက်ရာတာ ကိုစိန်ခိုတောင် ရေးတတ် ရာတတ်ဦးမယ်။ ဒီလိုမှ မဟုတ်ရင် ကောက်ရိုးနဲ့ လူရုပ်တစ်ရုပ် လုပ်မယ်ဗျာ၊ ဘာမှ မခက်ဘူး၊ အခုတော့ ဒီလူတွေ လူစိတ်မရှိတာ၊ ကိုယ့်သဘောကိုယ်ဆောင်နေကြတာလားဆိုတော့လည်း ကျွန်တော်နဲ့ မျက်စောင်းထိုး ခပ်လှမ်းလှမ်းမှာ ဆပ်ကပ်ဆရာ ကြည့်နေတယ်။ ဒါဆိုရင် ဒီကိစ္စ ဒီလူတရားခံပဲ။ အလိုတူ အလိုပါပဲ။

ဓားတွေကတော့ လူနဲ့ နီးလိုက်ဝေးလိုက်၊ ဓားအပြားနဲ့ သွားမှန် ပြီး မစိုက်တဲ့ ဓားချက်တွေရော၊ မျက်တောင်မွေးရှည်လေးရဲ့ လည်ပင်းနား၊ မျက်နှာနား၊ ပေါင်ခြံအနီး၊ ရင်ဘတ်အနား ဓားခြောက်ချောင်း ခုနစ်ချောင်း လောက် စိုက်နေကြတယ်။

ခြင်းဆရာ၊ ရွှဲဆရာ လက်သင်ဓားသမားက မျက်စိကို အဝတ် စည်းပြီး ပစ်ကြည့်ချင်သတဲ့။ အဲဒီလိုပြောပြီး ရွှဲဆရာက ဆပ်ကပ်ဆရာကို လှမ်းကြည့်လိုက်သေးတယ်။ မျက်လုံးနဲ့ အခွင့်တောင်းတဲ့သဘော၊ အမိန့် ခံတဲ့သဘောပါ။ တကယ့် ဓားဆရာက သူ့နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ပြီး စဉ်းစားတယ်။ ဝိုင်းတင်ကို တစ်ချက်မှ လှည့်မကြည့်သလို ထည့်စဉ်းစားပုံ လည်း မပေါ်ဘူး၊ မျက်တောင်မွေးရှည်လေးကလည်း အရုပ်မှတကယ့်အရုပ်၊ ဒီလို ဓားအပစ်ရပ်နေတုန်း စဉ်းစားနေကြတုန်း၊ သက်တောင့်သက်သာ နေသာသလို နေပါတော့လား၊ အခုတော့ ခုနကအတိုင်း ကားစင်မှာ သံမှိုနဲ့တေပြီး ကားကြက်ထားသလိုနေမြဲပဲ။

"နေပါဦးဗျာ၊ ထပ်လေ့ကျင့်ပါဦး၊ နောက်မှ မျက်စိကို အဝတ်စည်းပြီး ပစ်တာပေါ့၊ ခင်ဗျားပစ်ချက်တွေက လူနဲ့ နည်းနည်းဝေးနေသေးတယ်"

ဘုရား ဘုရား ဒါကိုပဲ လူနဲ့ ဝေးတာတဲ့လား၊ ရွှဲဆရာက သိပ်တော့ ဘဝင်ကျပုံမပေါ်ဘူး။ ကျန်တဲ့ဓားတွေနဲ့ ဆက်ပြီးပေါက်ပြန်တယ်။ သစ်သားပြားကြီးမှာ ဓားက စိုက်ရင် 'ဒုတ်' ခနဲ အသံမြည်တယ်။ သစ်သားပြားကြီးမှာ မစိုက်ဘဲ ဓားပြားနဲ့ ရိုက်မိပြီး လွင့်စင်သွားရင် 'ဒုန်း' ခနဲ မြည်ပြန်ရော။ ကျွန်တော်က ဒုတ်ခနဲပဲ မြည်မြည်၊ ဒုန်းခနဲပဲ ကြားရကြားရ၊ ကျွန်တော်ကိုယ်တိုင် ဓားနဲ့ အပေါက်ခံနေရသလိုပဲ ရင်ဘတ်ထဲမှာ စူးခနဲ စူးခနဲလာပြီး အောင့်နေတယ်။

ဓားတစ်ချောင်းက မစိုက်ဘဲ ဘေးတိုက်သွားပြီး 'ဒုန်း' ခနဲ မြည်ပြီး ဒီတစ်ခါလွင့်တော့ ဆပ်ကပ်ဆရာရှိရာဘက်ကို လွင့်သွားတယ်။ ဆပ်ကပ်ဆရာနဲ့ တော်တော်ဝေးတဲ့နေရာမှာ ဓားကစင်ပြီး ကျလာတာပါ။

"အလကားကောင်"

ဆိုတဲ့ ရင်ခေါင်းသံကြီး ဟိန်းထွက်လာတယ်။ နံဘေးမှာ ကြည့်နေကြတဲ့ လူတချို့က လှောင်ပြုံး ပြုံးကြ၊ ကျိတ်ရယ်ကြနဲ့ ရယ်သံလေးတောင် တိုးတိုးထွက်လာသေးတယ်။ ရွှဲဆရာရဲ့မျက်နှာအရောင်ပြောင်းသွားလိုက်တာ၊ မျက်နှာကြီး ချက်ချင်းနီသွားတယ်။ ဓားတစ်စင်းကို အမြန်ကောက်ယူပြီး ရက်စိတ်မှာ ဒေါသစွက်ပြီး ဓားတစ်စင်း အမြန်ပစ်ပေါက်လိုက်တယ်။ ဒီဓားချက်မှာ ဘယ်လောက်အားတွေ ပါသွားတယ်ဆိုတာ ကြည့်နေသူတွေရော ကာယကံရှင်ပါ အားလုံးသိကြတယ်။ ဆပ်ကပ်ဆရာရဲ့ မှတ်ချက်ကို ရွှဲဆရာက ရွှဲ့ပြီး တုန့်ပြန်လိုက်တဲ့ ဓားချက်ပေါ့။ ဓားကြီးက မျက်တောင်မွေးရှည်လေးရဲ့ ရင်ညွှန့်ဆီကို တန်းတန်းမတ်မတ်ကြီး၊ ကျွန်တော်ကြည့်နိုင်စွမ်း မရှိတော့ဘူး၊ လက်သီးနှစ်ဘက်အားကုန် ဆုပ်ထားပြီး မျက်လုံးကို စုံမှိတ်ထားလိုက်တယ်။ ဝိုင်းတင်ရဲ့ ငယ်သံပါအောင် အော်မယ့်အသံ ကြားရလေမလား၊ အော်ကော အော်နိုင်

ပါ့မလား။ 'ဒုန်း' ဆိုပြီး ဓားနှောင့်နဲ့ သစ်သားရိုက်သံကြီးပဲ ကြားရလေမလား။ ကျွန်တော် အသက်ရှူဖို့ မေ့နေတယ်။

'ဒုတ်'

ဆိုတဲ့အသံက ခါတိုင်း 'ဒုတ်' ထက် ပိုကျယ်လို့ မျက်စိဖွင့်ကြည့်လိုက်တော့ ဓားကြီးက မျက်တောင်မွေးရှည်လေးရဲ့ လည်ပင်းနဲ့ လက်မဝက်တောင် မကွာဘူး။ အရှိန်ပြင်းလွန်းလို့ ဓားရိုးက တဆတ်ဆတ်လှုပ်ရမ်းနေတယ်။ ရွှဲဆရာက နောက်ထပ် ဓားတစ်ချောင်းကို ကောက်ကိုင်လိုက်ပြန်တယ်။ ရက်သွေးမွှန်တဲ့ မျက်နှာနီကြီးက မပျောက်သေးဘူး။ ဒီတစ်ခါတော့ ဓားဆရာက တားလိုက်တယ်။

"ခင်ဗျား ဆက်မပေါက်ရင် ကောင်းမယ်။ ဒုက္ခတွေ ဖြစ်ကုန်လိမ့်မယ်"

ဓားဆရာရဲ့စကားက အိပ်မှုန်စုံမွှားဖြစ်နေတဲ့ ရွှဲဆရာကို ရေအေးနဲ့ ပက်နှိုးလိုက်သလိုလို၊ ချောက်နက်ကြီးထဲ ကျတော့မယ့် သူ့ရဲ့လည်ကုပ်ကို ဖမ်းဆွဲလိုက်သလိုပဲ။ ရွှဲဆရာရဲ့ လည်ပင်းမှာ စွပ်တော့မယ့် ကြိုးကွင်းကြီးကို ဓားဆရာက ဖယ်လိုက်လို့သာပေါ့။

* * *

အဲဒီမြို့ပေါက်စနလေးရဲ့ ဘုရားပွဲမှာ ဆပ်ကပ်အဖွဲ့ကို လာယှဉ်တာ မြေလတ်ဇာတ်တစ်ဇာတ်ပဲ ရှိတယ်။ ဂိတ်ရှိုး အပြင်အဆင်ရော၊ ကြော်ငြာလှည့်တာရော ဆပ်ကပ်အဖွဲ့က အစစအရာရာ သာတယ်ထင်တာပဲ၊ ဆပ်ကပ်မှာ လူစည်တာတော့ အမှန်ပဲ။

ဆပ်ကပ်ထဲရောက်တာ ဘာမှမကြာသေးပေမယ့် ကျွန်တော်လည်း ကိုယ်လိုက်လာခဲ့တဲ့ အဖွဲ့ကို လူစည်စေချင်တယ်။ လက်ခုပ်သံတွေ၊ ဩဘာသံတွေကြားချင်နေမိတယ်။ ကောင်းသတင်းတွေကို နားစွင့်နေမိတယ်။

ပထမညမှာ ကျွန်တော်က အရင်ပန်းချီဆရာတွေ ရေးခဲ့တဲ့ နောက်ခံ ကားအဟောင်းတွေထဲက အရောင်လွင့်နေတာ၊ ဆေးကွာတာ

လေးတွေ နောက်တစ်နေ့ကျရင် ဖာရ၊ ထေးရ၊ ရေးရအောင် သေသေချာချာ ဖြန့်ကြည့်မိတယ်။ အနားမှာ ကိုစိန်ခိုလည်း ရှိတယ်။ သူ့ကို အရင်ရေး ခိုင်းဖို့ပါ။ သူရေးပြီးမှ အမြီးအမောက်မတည့်ရင် ကိုယ်ကတည့်ပေး မတ်ပေးမယ်လို့ ကိုစိန်ခိုကို သင်ပေးရင်း ဘာလေးတွေ လုပ်ချင်တယ်၊ ဘယ်လိုလေးပြင်လိုက်ရင် ပိုကောင်းမယ် ဆိုတာလေးတွေ သင်ပြောပြော လိုက်တယ်၊ နောက်တစ်နေ့မနက် သူ့ကို ဒီနေရာမှာ ပန်းချီလာရေးဖို့ ချိန်းလိုက်တယ်။

ကိုစိန်ခို ထွက်သွားပြီး ခဏကြာတော့ 'ဝမ်းပြည့်သူလေး' ထဲက တစ်ယောက် ပြုံးစိစိနဲ့ ကျွန်တော့်ဆီ ရောက်လာတယ်။ လှသိင်္ဂီ ဆိုတဲ့ အမျိုးသမီးပေါ့။ ဖြီးပြီး လိမ်းပြီးသားပါ။ ကျွန်တော့်ပန်းချီဆေးထဲမှာ ပါးနီခြယ်စရာ ဘာများရှိသလဲလို့ လာမေးရှာတာ။ အမျိုးသမီးတွေရဲ့ အလှပြင်ပစ္စည်းဆိုတာ အမျိုးကောင်း အမျိုးမှန်လေ အဖိုးတန်လေ မဟုတ် လား။ သူတို့လို ဆပ်ကပ်သမလေးတွေ အကောင်းစားမပြောနဲ့ အတော် အသင့် အမျိုးကောင်းတာမျိုး မလိမ်းနိုင်ရှာကြဘူးလေ။

ကျွန်တော်က နောက်ခံပန်းချီကားလိပ်တွေ ရေးဖို့ ဝယ်လာခဲ့တဲ့ ခဲမှုန့်လို့ခေါ်တဲ့ အမှုန့်တစ်မျိုးပါလာတယ်။ အရောင်က လိမ္မော်နီလေး။ အဲဒါတွေက ဆီနဲ့လည်း ရောရေးလို့ရတယ်။ ဆီနဲ့ဖျော်ရင် သဘော်ဆေးလို ဖြစ်သွားတယ်။ ရေနဲ့ဖျော်တော့ ရေဆေးအရသာပေါ့။ ကြည့်မှန်တွေရဲ့ နောက်မှာ ဟသ်ပဒါးနဲ့ ရောသုတ်တဲ့အမှုန့်။ အဲဒီ ဆေးမှုန့်နဲ့ စိန်ပန်းပင် တွေ ပန်းရုံပန်းချုံတွေရေးရင် သိပ်လှပြီး ကြည့်လို့ အလွန်ကောင်းပေါ့။

ကျွန်တော်က လှသိင်္ဂီရဲ့ပါးလေးတွေအပေါ် ခဲမှုန့်လေးတွေ ခြယ်ပေးလိုက်တော့ သူသိပ်သဘောကျသွားတယ်လေ။ သူ့ပါးပြင်လေးက လိမ္မော်ရဲရဲလေး ဖြစ်သွားတယ်။

"ညည်း ဘယ်သူ့မှ လျှောက်ပြောမနေနဲ့ဦး၊ ဒီဆေးက အရပ် တကာဝယ်လို့ရတာ မဟုတ်ဘူး" ဆိုတော့ သူက –

"ဟုတ်ကဲ့ပါဆရာ" တဲ့။ ဒါပေမဲ့ လှသိင်္ဂီ ကျွန်တော့်အနားမှာ သူ့ပါးကို မှန်ထဲကျကျနနကြည့်ပြီး သဘောကျနေတာကို ဆန်းဆန်းအေးနဲ့ ဝါဝါခင်တို့က တွေ့ဖြစ်အောင်ကို တွေ့လိုက်ကြသေးတယ်။ သူတို့ လှသိင်္ဂီရဲ့ပါးအို့ကို ကြည့်လာပြီး ကျွန်တော့်ဆီရောက်လာကြတော့တာပါပဲ။ လှသိင်္ဂီကို လိမ်းပေးလိုက်ပြီး သူတို့မလိမ်းပေးပြန်ရင်လည်း မကောင်းဘူးမဟုတ်လား၊ ဒီတော့ လိမ်းပေးရပြန်တာပေါ့။ ကျွန်တော့်မှာ တကယ်တော့ ခဲမှုန့်က အတော်များများပါပါတယ်။ ဒါပေမဲ့ ထင်တိုင်း ကြဲပစ်လိုက်ကြမှာစိုးလို့ ထိန်းထားရတာ။ ဆန်းဆန်းအေးတို့ ဝါဝါခင်တို့လည်း သဘောတွေကျပြီး ပြန်သွားကြလေရဲ့။ ကျွန်တော်ထင်တဲ့အတိုင်းပဲ မျက်တောင်မွေးရှည်လေးပါ ရောက်လာတာပဲ။

သူရောက်လာတော့ ပွဲစတော့မလို့ ရုံတောင်ခါနေပါပြီ။ အမှန်ပြောရရင် ကျွန်တော်ကိုယ်တိုင် လိမ်းပေးချင်တာ။ ဒါပေမဲ့ စေတနာရေစီးကမ်းပြိုလိုက်တော့မှာ၊ ကိုယ့်အကြောင်းကိုယ်သိတာနဲ့ ညည်းဘာသာလိမ်း၊ သိပ်အများကြီး မလိမ်းနဲ့။ ဆေးက ရှားတယ် ဘာညာနဲ့ပြောပြီး၊ သူလိမ်းတာ အသာစောင့်ကြည့်နေလိုက်တယ်။ မျက်တောင်မွေးရှည်လေးက အစတော့ ရှက်နေသေးတယ်။ အောက်နှုတ်ခမ်းလေးကို အပေါ်သွားလေးနဲ့ ဖွဖွလေးကိုက်ထားလေတော့ ရှက်တာလို့ပဲ ထင်မိတယ်။ ဟိုကောင်မလေးတွေကျ ကျွန်တော်ကိုယ်တိုင် လိမ်းပေးလိုက်ပြီး သူ့ကျမှ လိမ်းမပေးလို့ စိတ်ကောက်နေတာလား မပြောတတ်ဘူး။ ပန်းချီရေးတဲ့ လူတစ်ယောက်အမြင်အရတော့ ဝိုင်းတင်ဝတ်ထားတဲ့ ဘော်ကြယ်အင်္ကျီနက်ပြာပြာ လက်လက်လေးနဲ့ဆိုရင် သူ့ပါးပြင်မှာ အရောင်သိပ်လွင်ဖို့ မလိုဘူး မဟုတ်လား။

ကျွန်တော်ပြောထားပါရက်နဲ့ မျက်တောင်မွေးရှည်လေးက ထူထူရဲရဲလေး လိမ်းဖြစ်အောင် လိမ်းလိုက်သေးတယ်။

"ညည်း ငါ့ပြောစကား နားမထောင်ဘူး၊ ကြည့်စမ်း ပါးကို ရဲတွတ်နေပြီ" လို့ ချစ်ခင်ဇော်နဲ့ အပြစ်တင် စောမိတယ်။

ကျွန်တော့်ကို သူ့မျက်လုံးရွဲကြီးနဲ့ ကြည့်ရင်း သရော်ပြုံးပြုံးလို့ –

“ဆရာ ဘာမှမသိပါဘူး၊ မီးရောင်အောက်ရောက်ရင် သေသေချာချာကြည့်၊ ဒီလောက်လိမ်းခါမှ တော်ကာတန်ကာ ကျလိမ့်မယ်” တဲ့။

မျက်တောင်မွေးရှည်လေးက ကျွန်တော့်ကို အသိအလိမ္မာတစ်ခုတိုးအောင် လုပ်လိုက်ပြီ။ တကယ်တော့ ကျွန်တော်ဟာ စင်တင်မိတ်ကပ်ပညာကို လုံးဝနားမလည်သူ တစ်ယောက်ဆိုတာ စင်ပေါ်မှာ သူတို့ကိုဂရုတစိုက်နဲ့ နှိုင်းယှဉ်ကြည့်တော့မှ သိရတယ်။ မျက်တောင်မွေးရှည်လေး ဝိုင်းတင်က ကျွန်တော်ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတစ်ယောက်ဖြစ်သွားပြီ။ ဆန်းဆန်းအေးတို့ ဝါဝါခင်တို့ထက် မျက်တောင်မွေးရှည်လေးက ပိုပြီး ကြည့်လို့ကောင်းတာတော့ အမှန်ပဲ။

ဝိုင်းတင်က ပြောပြောဆိုဆိုနဲ့ ခါးမှာစည်းထားတဲ့ ထဘီကိုဖြန့်ချလိုက်တော့ အထက်ဆင့်ကြားထဲက ဆေးတောင့်တစ်တောင့် ကျလာတယ်။ အဲဒါလေးကို သူ ကပျာကယာကောက်ပြီး သူ့နှုတ်ခမ်းကိုဆေးခြယ်ပေးပါဦးတဲ့။

“ဩော် လက်စသတ်တော့ တရုတ်ဆီဆေးအနီတွေ ရှားနေတာညည်းတို့လက်ချက်ကိုး”

ကျွန်တော် သူ့ရဲ့နှုတ်ခမ်းထူထူလေးနဲ့ လိုက်ဖက်မယ့် နှုတ်ခမ်းပုံလေးတစ်ခု အမြန်စိတ်ကူးပြီး စုတ်သေးသေးနဲ့ ရေးခြယ်ပေးလိုက်တယ်။ ရေးပေးရင်းနဲ့ သူ့ရှိတဲ့ဆေးနီလေးမှာ အရောင်ပိုလွင်အောင် ကျွန်တော့်ပါလာတဲ့ ဝင်ဆာနဲ့ ချူတန်ဆေး ဗာမေးလျှန်းလေး နည်းနည်းစွက်ပြီးရေးပေးလိုက်တယ်။ သူ့နှုတ်ခမ်းလေးက ထူထူလေး မဟုတ်တော့ဘူး၊ နှင်းဆီအဖူးအငုံလေးတစ်ငုံ ဖြစ်သွားပြီ။ ပြီးတော့မှ သူ့ကို မှန်အကြည့်ခိုင်းလိုက်တယ်။ မျက်တောင်မွေးရှည်လေး သူ့ပုံရိပ်သူကြည့်ပြီး ကျေနပ်ဝမ်းသာသွားလိုက်ပုံက တကယ်သဘောကျစရာပဲ၊ သူ့ပီတိတွေ ကျွန်တော့်ဆီပါကူးလာတာပေါ့။

သူ့ဆီက ကိုရာစနိုးအနံ့လား၊ သနပ်ခါးအနံ့လေးလားမသိ၊ ခပ်သင်းသင်းလေးလည်း ရမိရဲ့၊ သူ့ရဲ့ ဘော်ကြယ် အင်္ကျီနက်ပြာပြာလေးဟာ ပရိသတ်အမြင်မှာတော့ အသစ်လို သစ်သစ်လွင်လွင်လေးပေါ့၊ ကျွန်တော် အနီးကပ်ကြည့်မိမှ အင်္ကျီလေးက တော်တော်ကို ဟောင်းနေပြီပဲ။ သူနဲ့လည်း တော်တော်ကြပ်နေပြီ။ ကောက်ညှင်းဆိုင်းထုပ်လောက်သာ မဆိုးသေးတာ။ သူရဲ့ မို့မို့မောက်မောက်လေးတွေကို ပိုပြီး ထင်ရှားနေတော့တာပေါ့။

အခုလို အနားကပ်ကြည့်မိတော့မှ မျက်တောင်မွေးရှည်လေးရဲ့ လက်မောင်းပြည့်ပြည့်လေးမှာ သလဲစေ့၊ သြဇာစေ့လောက် အမာရွတ်တွေနဲ့ပါလား။

“အဲဒါတွေက ဘာဖြစ်တာလဲ”

“ဓားပေါက်ခံရတာပါဆရာ”

သူကတော့ ခပ်အေးအေးပြောလိုက်တာပါ၊ ကျွန်တော့်မှာ ခေါင်းနပန်းကြီးသွားတယ်။

“ကိုယ့်နှမလေးလို အောက်မေ့လို့ ပြောဦးမယ်၊ နောင်ကျရင် အဲဒီလို ဓားပေါက်ကျင့်တဲ့နေရာ ဝင်မပါပါနဲ့လား”

“ဆရာရယ်၊ ဒါ ကျွန်မအဖို့ အထူးအဆန်း မဟုတ်ပါဘူး၊ ကျွန်မဝင်မရပ်လည်း ဒီပြင်တစ်ယောက်ယောက် ဝင်ရပ်ပေးရမှာ၊ ဒီပြင်ကောင်မတွေက လျှောက်ဆင်ခြေကန်နေကြဦးမှာ၊ ကျွန်မက အားနေတာပဲ ဆရာရဲ့”

ဝိုင်းတင်အဖို့ ဓားပေါက်လေ့ကျင့်တဲ့နေရာမှာဝင်ပြီး မတ်တပ်ရပ်တာဟာ လယ်ထဲ ယာထဲ လက်စားလိုက်သလောက် သဘောထားနေပါလား၊ ကျွန်တော် တော်တော်အံ့သြပြီး ဝမ်းနည်းသွားတယ်။

“မျက်တောင် အဲ ဝိုင်းတင်၊ ငါ့ကိုခင်ရင် ငါ့စကား နားထောင်စမ်းပါ၊ ကြည့်စမ်း နင့်လက်မောင်းလေးတွေ အလွန်လှရမယ့်လက်မောင်းလေး၊ အခုတော့ အမာရွတ်တွေနဲ့”

ကျွန်တော်ပြောလို့သာ ပြောလိုက်တာ သူကတော့ ကျွန်တော့်ကို မနေ့တစ်နေ့ကမှ ရောက်တဲ့ “လုံးစိမ်းလေး” လို့ အောက်မေ့ချင် အောက်မေ့ပေလိမ့်မယ်။ သူပြုံးပြသွားတဲ့ အပြုံးကို ကျွန်တော် အဓိပ္ပာယ်မဖွင့်တတ်ဘူး။

အဲဒီညက ကျွန်တော်လည်း ပွဲကြည့်ပရိသတ် တစ်ယောက်ပါပဲ။ ကျွန်တော်လည်း လက်ခုပ်တွေတီး၊ လက်ခေါက်တွေ မှုတ်မိတာပေါ့။ တစ်ခါတလေလည်း ဆပ်ကပ်သမားတွေအတွက် ဒိုပြင်ပရိသတ်တွေတီးတဲ့ လက်ခုပ်သံ နားထောင်ပြီး ပီတိတွေဖြစ်လို့။ ကျွန်တော်ဟာ ဘာဖြစ်လို့ ဒီလောက်မြန်မြန်နဲ့ ဆပ်ကပ်အဖွဲ့ဝင်တစ်ယောက်လို ခံစားမိသွားရတာလဲ၊ မနက်နဲ့ ညနေက အတူစားခဲ့တာ ထမင်းမှ နှစ်နပ်ပဲရှိသေးတယ် မဟုတ်လား၊ ကိုယ့်ကိုယ်ကိုလည်း အံ့ဩနေမိတယ်။

‘စိုးမိုးမေတ္တာ’ ပြဇာတ်ကျတော့လည်း ပြဇာတ်မို့၊ ဒီလူတွေ တော်ကြပါပေတယ်။ ကောင်းကင်ဘားကစားကြတဲ့အခါ မျက်တောင်မွေး ရှည်လေးအတွက်တော့ အစိုးရိမ်ပိုမိသား။ လက်ခေါက်တွေ ခဏခဏမှုတ်နေတဲ့ ကျွန်တော့်ကို ကိုဖိုးချွန်က ဝိုင်းတင်မလေးက ကပ်စေးနည်းပြီး ပိုက်ဆံတွေ ကျိတ်ကျိတ်စုတတ်တဲ့အကြောင်း ပြောပြတယ်။ ရွာမှာ ကျန်ရစ်ခဲ့တဲ့ မောင်လေးနှစ်ယောက်ရဲ့ ကျောင်းစရိတ်တဲ့။ သူ့မောင်လေးတွေက စာတော်ကြသတဲ့။ စုတာမှ ဘာမှမဝယ်၊ ဘာမှမစားဘဲကိုစုတာတဲ့။ ကိုဖိုးချွန်က တစ်ခါတစ်ခါ အလွန်အကျွံတွေ ပြောတတ်လို့ ယုံရခက်ခက်ပဲ။ ဒါကတော့ အလွန်အကျွံတွေ ဟုတ်ပုံမရပါဘူး။

ဆပ်ကပ်သမားတွေ ညတစ်ချက်ခွဲလောက်မှ ပွဲသိမ်းပြီး အိပ်ကြရတယ်။ ကျွန်တော်လည်း သူတို့နဲ့အတူ အိပ်ရေးပျက်တာပေါ့။

အခု သူတို့အားလုံး အိပ်ရာတွေထဲကနေ စောစောစီးစီး ဝရုန်းသုန်းကား ထကြတာ ဘာဖြစ်တာလဲ၊ မီးလန့်တာလား။ ရုတ်ရုတ်သဲသဲနဲ့။ ကျွန်တော်ဖြင့် လန့်ဖျပ်သွားတာပဲ။ ရင်ထဲမှာ တလှပ်လှပ်နဲ့။

အိပ်ရာကနိုးလို့ ကမန်းကတန်း ထကြတာတဲ့။ သိပ်ပြီးအိပ်လို့ကောင်းတဲ့ မနက် (၆) နာရီမှာ ဆပ်ကပ်ဆရာက သူတို့ကို နှိုးတာတဲ့။ နှိုးပုံနှိုးနည်းက ဆိုင်းထဲက မောင်းကို ထုနှိုးတာလည်း မဟုတ်ဘူး။ အသံချဲ့စက်ဆင်ပြီး ကြည်နူးဖွယ်ဖွင့်ပြီး နိုးရင်နိုး၊ ဒါမှမဟုတ် ကြာနီကန်ဆရာတော်ရဲ့ ဓာရဏပရိတ်တရားတော်ဖွင့်ပြီး နှိုးတာမျိုးလည်း မဟုတ်။ ဘယ်သူရေထကွာ၊ မောင်ဘယ်ဝါ ထတော့နော်လို့ နီးစပ်ရာနှိုးတဲ့နှိုးနည်းကားလည်း မဟုတ်ဘူး။

ညတုန်းက ပွဲကရင်း ရထားတဲ့ အကြွေတွေ အနုပ်တွေ ရှိတယ်၊ အဲဒါတွေကို သူက လွယ်အိတ်တစ်လုံးထဲ ထည့်ထားတယ်။ တစ်ညတစ်ညဆိုရင် တောတွေမှာဆိုတော့ အကြွေတွေ အနုတ်တွေက အများကြီးရတာ။ အဲဒီငွေ အကြွေတွေကို တစ်ညလုံး ပင်ပင်ပန်းပန်းနဲ့ ကထားတဲ့ သူ့ဆပ်ကပ်အဖွဲ့သားတွေ အိပ်နေတဲ့ဆီ လှမ်းကြဲလိုက်တာ။ အိပ်ကြရတာလည်း စနစ်တကျ ညီညီစီစီလည်းမဟုတ်၊ ကိုယ့်ခင်ရာမင်ရာ ခြေခင်းလက်ခင်းသာသလို အစုအပေါင်းလေးတွေဖွဲ့ပြီး အိပ်နေကြတာ။ သူတို့ခမျာ အိပ်ရေးဝဝ၊ မဝဝ၊ အကြွေစေ့တွေ ကြဲသံကြားရင် ဝုန်းဝုန်းဆိုတဲ့အသံတွေကြားရင် ကျားစီး ဖားစီး ကမန်းကတန်း လုယက် ကောက်ကြရတာ၊ တချို့လည်း (၅) ကျပ်၊ (၆) ကျပ် ရကြ။ တချို့လည်း (၉) ကျပ် (၁၀) ရတယ်။ များများရတဲ့လူတွေက ပျော်ကြ၊ နည်းနည်းရတဲ့သူတွေက ထပ်များ ကြဲလေဦးမလားလို့ မျှော်ကြတယ်။ ဆပ်ကပ်ဆရာကတော့ သူရည်ရွယ်ထားသလောက် လက်ကုပ်နဲ့ဆုပ်ကြဲပြီးရင် စိတ်ကပြတ်တယ်။ နောက်ထပ် ငါးပြားတစ်စေ့ မကြဲတော့ဘူး။ ၃၊ ၄ ကျပ်ပါရင်ပွဲဈေးမှာ မိတ်ဆွေတစ်ယောက် နှစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်လို့ရသေးတယ်။ ခြောက်ကျပ်တန် ခေါက်ဆွဲကြော်က ကြက်ဥနဲ့ ဝက်အူချောင်းနဲ့ ကြော်ပေးတာ၊ အစားနည်းတဲ့လူဆိုရင် ခေါက်ဆွဲကြော်တစ်ပွဲကစားလို့ မကုန်ဘူး။

ပိုက်ဆံ လုယက်ကောက်ပြီးရင် ဆပ်ကပ်သမားတွေ ပိုက်ဆံကို ရေတွက်မနေအားကြဘူး။ မျက်နှာ ကပျာကယာသစ်၊ မနက်စာကို ဗိုက်ထဲ ခပ်သွက်သွက် ထည့်ပြီးရင် ဆပ်ကပ်လေ့ကျင့်ခန်းတွေ လုပ်ကြရတော့တာပဲ။

သူတို့လေ့ကျင့်ခန်းတွေ လုပ်နေချိန်မှာ ကျွန်တော်နဲ့ ကိုစိန်ခိုနဲ့ ပိတ်ကားအဟောင်းတွေ ဆေးဖာတန်ဖာ၊ ရေးသင့်သလောက် ပြင်ရေး လုပ်ကြရတယ်။ ကိုစိန်ခိုကို အရေးခိုင်းပြီး ပြင်သင့်တာလေးအပေါ်က မွမ်းမံပြင်ပေးလိုက်တာလေးတွေလည်း ရှိတယ်။ လေ့ကျင့်ခန်းလုပ်ပြီးတဲ့ သူတွေ ရေချိုးသူချိုး၊ အဝတ်လျှော်သူလျှော်၊ ထမင်းချက်တဲ့အုပ်စုကလည်း ချက်ကြနဲ့။

ဆပ်ကပ်အဖွဲ့ဝင်တွေ တစ်ကားတည်းစီး၊ တစ်ခရီးတည်းသွားပြီး အနေနီးကြတော့ သူတို့ချင်း အိမ်ထောင်ရက်သားကျကုန်ကြတာလည်း ရှိသတဲ့။ အိမ်က ထွက်သွားတုန်းက အပျိုပါပဲ၊ ဘုရားပွဲ နှစ်ပွဲက သုံးပွဲ ကပြတင်ဆက်ပြီး ကိုယ့်ဆရာသမား၊ ဆပ်ကပ်ထဲက လူကြီးတစ်ယောက်ကို မိဘနေရာထားပြီး ကန်တော့ပွဲနဲ့ တောင်းရမ်း လက်ထပ်လိုက်ကြတာပါ။ သူတို့မှာ အိမ်ထောင်ဦး ပျားရည်ဆမ်းခရီး မပြောနဲ့ ထန်းလျက်ရည်တောင် မဆမ်းနိုင်ကြရှာဘူး။ တချို့ရဲ့ မင်္ဂလာဦးညတွေဟာ ချေးပုံတက်နင်းမိတဲ့ မင်္ဂလာဦးညတွေအများကြီး။ အသက်နဲ့ရင်းပြီး ကောင်းကင်ဘားကစားကြ၊ စက်ဘီးကို ကြိုးတန်းပေါ်မှာစီး၊ ဓားအပေါက်ခံကြရနဲ့ 'အချစ်ရေ'၊ 'အသက်ရေ' တွေ ခေါ်မနေအားကြရှာပါဘူး။ အပတ်စေ့တော့ နှမ်းဖတ်ဖြစ် အောင် ကြိုးစားကြရရှာတာပါပဲ။ အလှည့်ကျ မန္တကြစတမ်းဆိုတဲ့ ဘဝတွေ မဟုတ်လား။

မောင် ကောင်းကင်ဘားကစားတာ ခြေမှ မြဲပါ့မလား၊ မယ်က စကပ်တိုတိုလေးနဲ့ ကြိုးတန်းပေါ်မှာ စက်ဘီးစီးတာ အဆင်ပြေပါ့မလားလို့ တွေးမပူအားကြဘူး၊ ဆူညံနေတဲ့ အသံချဲ့စက်သံတွေ၊ ညှော်နံ့မျိုးစုံတွေ ကြား၊ ပရိသတ်ကို သည်းထိတ်ရင်ဖို စွန့်စားခန်းတွေ စွန့်စားပြရင်း၊ ဩဘာသံတွေကို စားသောက်ကြပြီး သားသမီးလေးတွေ လစေ့တော့

မွေးတော့တာပါပဲ။ သူတို့ရဲ့ ကလေးတွေလည်း အများစုက သူတို့မိဘတွေလိုပဲ ကျောင်းပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ကြရရှာပါဘူး။ ဗဟုသုတ ခေါင်းပါးခဲ့ကြတယ်။ မျက်တောင်မွေးရှည်လေးက ကျွန်တော့်ဆီမှာရှိတဲ့ နားဖာချေးကော်တဲ့ နားကြပ်တောင်လေးကို ပန်းချီရေးတဲ့ စုတ်တံတစ်မျိုးလို့ ထင်နေရှာတယ်။ လူတစ်ယောက်က ကွမ်းယာစားကြတဲ့ ကွမ်းရွက်နဲ့ ကွမ်းသီးတွေက ကွမ်းပင်တစ်မျိုးတည်းက ခူးလို့ရတာလို့ ပြောရင် ယုံမယ့်သူတွေ ဒီဆပ်ကပ်အဖွဲ့ထဲမှာ ရှိနေတယ်။

ပြဇာတ်ကတဲ့နေရာမှာတော့ အနုပညာ အရည်အသွေး၊ အဆင့်အတန်းတွေ အထူးပြောဖို့ မလိုဘူး။ သူတို့လေးတွေဟာ ကက်ဆက်ဇာတ်လမ်းက ထွက်လာတဲ့ စကားသံအတိုင်း လိုက်သရုပ်ဆောင်ကြရတာလေ။ ကက်ဆက်ခွေက ထွက်တဲ့အသံကို သူတို့နှုတ်ကလည်း ပြောသလိုလိုဖြစ်အောင် သဏ္ဌာန်လုပ်ကြရတာ။ အသံနဲ့ ကိုယ်လက် အမူအရာနဲ့ တစ်ထပ်တည်းကျရင် သိပ်ဟုတ် သိပ်ကောင်းနေပြီပေါ့။ ဒါဟာ သူတို့အတွက် အနုပညာပဲ။ သူတို့ ကြည့်ဖူးတဲ့ ရုပ်ရှင်တွေ ပြဇာတ်တွေဟာ သူတို့အတွက် အနုပညာတက္ကသိုလ်တွေ ကျောင်းတွေပဲ။ မြတ်လေး၊ ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ဘီအိုးဒီ အောင်သိုက်၊ မြို့တော်သိန်းအောင်၊ လူငယ်ကြည်ခိုင်၊ အပယ်ခံကျည်းတန်တို့ဟာ သူတို့အနုပညာ အကယ်ဒမီကျောင်းကြီးရဲ့ ပါမောက္ခတွေ တွဲဖက်ပါမောက္ခတွေပေါ့။

အထပ်ထပ် မမောနိုင် မပန်းနိုင် လေ့ကျင့်ထားလေတော့ ကက်ဆက်ထဲက အပြောနဲ့ သူတို့လှုပ်ရှားပုံနဲ့ ကွက်တိပဲ။ အမူအရာလှုပ်ရှားဟန်တွေက ကောင်းတာထက်တောင် လွန်လွန်ပြီး အိုဗာဖြစ်ဖြစ်သွားလိုက်သေးတယ်။ နယ်ဝေးလေ ခေါင်လေ ပရိသတ်ကြိုက်လေပါပဲ။

* * *

ပွဲခွင်တွေသာ များလာရော၊ နောက်ခံကားကြီးတစ်ချပ်နဲ့ အဟောင်းအမြင်း ဖာထေးတာလောက်ပဲ ကျွန်တော်ရေးပေးရတယ်။ အလုပ်

ရယ်လို့ ဟုတ်ဟုတ်ငြားငြားမရှိတော့ ကျွန်တော် ပြန်ချင်ပြီ။ ဆပ်ကပ်ထဲမှာ ကြာတော့ မပျော်တော့ဘူး၊ ဆပ်ကပ်ဆရာစရိုက်နဲ့ ကျွန်တော့်စရိုက်က ဖီလာဆန့်ကျင်ဘက်ကြီး။ အခြေအနေပေးတိုင်း ကိုဖိုးချွန်တို့ ကိုစိန်ခိုတို့ကို ပြန်တော့မယ့်အကြောင်း ခဏခဏပြောတယ်။ သူတို့က တားနေကြတယ်၊ ကျွန်တော့်ကို ကြံဖန် အလုပ်ရှာပေးတယ်။ ကိုယ့်ဆပ်ကပ်ထဲမှာ ရေးစရာ ကားချပ်မရှိတော့ ကိုစိန်ခိုက သူများဇာတ်က ကားချပ်ကို လက်ခံလာပြီး ကျွန်တော်ပိုက်ဆံရအောင် မပျင်းအောင် မပြန်ချင်အောင် စပ်ဟပ်ပေးတယ်။

ယောနယ်ထဲမှာ ဆပ်ကပ်ပြနေရင်း တစ်ညတော့ ကျွန်တော် အကြီးအကျယ် ဖျားပါလေရော၊ ကိုစိန်ခို ယူလာတဲ့ မြေလတ်က ဇာတ် တစ်ဇာတ်ရဲ့ မြို့ကား ပိတ်ကားကြီးက ရေးလက်စ တန်းလန်းကြီး။ ဆပ်ကပ်ထဲက လူတွေပဲ ကျွန်တော့်ကို ဝိုင်းပြုစုကြတာ သူတို့ငန်းနီကျော် တွေ၊ အခိုးပွင့်ဆေးတွေ၊ အဖျားဖြတ် လျှာပွတ်ဆေးတွေ၊ ပိပ္ပလိကွန်ချာ တွေနဲ့ ကျွန်တော် အဖျားသက်သာတာ။ လက်ခံထားတဲ့ ပန်းချီကားကြီး လည်း ကိုစိန်ခိုက (၇၀) ရာခိုင်နှုန်းလောက်ရေး၊ ကျွန်တော်က နည်းနည်း သက်သာတော့ လက်စသတ်ပေး လိုက်ရတာလေ။ ဆန်းဆန်းအေးတို့ လှသီဂီတို့က နေမကောင်းတုန်း ကျွန်တော့်အဝတ်အစားတွေ လျှော်ပေးကြ တယ်။ ကပ်စေးနည်းတယ်ဆိုတဲ့ မျက်တောင်မွေးရှည်လေးက ဆန်ပြုတ် သည် မရှိတာကို ခေါက်ဆွဲကြော်ဆိုင်မှာ ကြက်သားဆန်ပြုတ်ကို ပိုက်ဆံ ပေး အပြုတ်ခိုင်းပြီး တိုက်ရှာတယ်။ ဆန်းဆန်းအေးတို့ လျှော်တဲ့ အဝတ် အစားတွေ မျက်တောင်မွေးရှည်လေးပဲ မီးပူတိုက်ပေးတာ၊ နည်းနည်း သက်သာတော့ မုန့်ကြွပ်လေး၊ တောပေါင်မုန့်လေးတွေ ဝယ်ထားပေးပြန် ရော။ ဝါဝါခင်တို့ လှသီဂီတို့ကတောင် ညည်းလင် ဘယ်လိုနေသေးလဲ၊ သက်သာပြီလား၊ ပြုစုထား ပြုစုထား တော်တော်ကြာ ကောင်မ ငယ်ငယ် ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်နေမယ်၊ ဘာညာ မကြားတကြား စကုန်ကြ၊ နောက်ကုန်ကြတယ်။

ကျွန်တော် နာလန်ထစတစ်နေ့မှာ ပရိသတ် အလွန်ပွဲတောင်းတဲ့ ဗိုလ်အောင်ဒင်ဇာတ်လမ်းကို ဝတ်စုံပြည့် ဇာတ်တိုက်နေကြတယ်။ အဲဒီလို ဇာတ်တိုက်နေတုန်းမှာ ဦးဘချစ်အဖြစ် သရုပ်ဆောင်ရတဲ့ ရွှဲသမား၊ ဟိုတစ်ခါ ဓားဝင်စမ်းပေါက်ကြည့်တဲ့ ရွှဲဆရာရဲ့တပည့်က ပုလိပ်ယူနီဖောင်းဝတ်လာတာ ကြယ်သီးပေါက်က တလွဲတပ်လာမိတယ်။ ဇာတ်စင်ရှေ့မှာ လက်ဖက်သုပ်ပန်းကန်နဲ့ ကျကျနန ထိုင်နေတဲ့ ဆပ်ကပ်ဆရာက မြင်သွားတော့ ချက်ချင်းပဲ ဟိုး ... ဟိုး ... လို့ လှမ်းအော်ပြီး ဦးဘချစ် ရဖို့ရှိတဲ့ ညကြေးထဲက ငါးကျပ်ဖြတ်လိုက်တယ်။ ကျွန်တော် အတော့်ကို စိတ်မကောင်းဖြစ်သွားတယ်။ သူတို့ရကြတာ၊ ပွဲခွင်တစ်ခွင်၊ နှစ်ည က,ချင်ကမယ်၊ သုံးည လေးည ကချင်ကမယ်။ အဲဒီသုံးလေးည တစ်ခွင်မှ ညကြေး နှစ်ဆယ် အစိတ် ရတာ၊ မနက်အိပ်ရာနိုးတော့ လုယက်ကောက်ရတဲ့ ပိုက်ဆံလေးနဲ့ ပေါင်းပြီး နေထိုင်ကြရတာ။ ဦးဘချစ်အဖို့ ငါးကျပ်ဆိုတာ ဘယ်နည်းမလဲ။ ဒါပေမဲ့ ဆပ်ကပ်ဆရာကတော့ ပြတ်တယ်။ ဒါစည်းကမ်းပဲ။ ဘယ်သူမှလည်း စောဒက တက်ခွင့်မရှိဘူး၊ သူတို့က တက်လည်း မတက်ကြဘူး။ အံ့ဩစရာဗျာ။

ကျွန်တော့်ကိုကျတော့ နောက်ခံကားရေးရင် အဲဒီကား ရေးခ သပ်သပ်ပေးတယ်။ ဖတာထေးတာတွေအတွက်တော့ မပေးဘူး။ ပွဲကတဲ့ည ဆပ်ကပ်ပြတဲ့ညတွေဆိုရင် ရုံဝင်ပေါက်မှာ လက်မှတ်ရောင်းတဲ့သူက ကျွန်တော့်ကို တစ်ည ငွေအစိတ်ပေးတယ်။ များသောအားဖြင့်တော့ မန်နေဂျာ ကိုဖိုးချွန်ပေါ့။ ဒီဆပ်ကပ်တစ်ဖွဲ့လုံး ဘယ်သူမှ အရက်မသောက်ရဘူး၊ မသောက်ကြဘူး၊ ကိုဖိုးချွန်တစ်ယောက်က လွဲလို့။ ဆပ်ကပ်ဆရာက ကိုဖိုးချွန်ကျတော့ နားလည်မှုထားတယ်။ တရားဝင်မဟုတ်ပေမယ့် မသိချင်ယောင်ဆောင်နေတယ်။ ဟိုလူကလည်း အရက်မှ သောက်ထားရင် ဆပ်ကပ်ဆရာနဲ့ မတွေ့အောင် ရှောင်နေတယ်။ မရှောင်နိုင်လို့ တွေ့ကြရင်လည်း ခပ်လှမ်းလှမ်းကပဲ နေတယ်။

ဆပ်ကပ်ဆရာရဲ့ မွေးစားသား၊ ကိုစိန်ခိုကလည်း ဆပ်ကပ်ပြတဲ့ညဆိုရင် ကျွန်တော့်တွေ့တာနဲ့ ငွေနှစ်ဆယ်၊ အစိတ်ထုတ်ပေးတော့တာပဲ။ ကိုဖိုးချွန်ဆီက ရပြီးသားပါဆိုရင်လည်း မရဘူး၊ ဇွတ်အတင်းပေးနေတော့တာပဲ။ သူတို့နဲ့ မတွေ့တဲ့ညကျတော့ တစ်ကျပ်တစ်ပြားမှ မရတဲ့ညတွေလည်း ရှိတယ်။ ပွဲမပြရင်တော့ ပိုက်ဆံမရဘူး။ ကျွန်တော့်အတွက် ပိုက်ဆံမရှားပေမယ့် ဒီအဖွဲ့မှာ မပျော်ဘူး။ ကျွန်တော့်စိတ်ကူးနဲ့ အိမ်ပြန်နေတာလည်း ခဏခဏပဲ။ ကျွန်တော်တစ်ယောက်တည်း ပြန်တာရော နည်းလမ်းကျရဲ့လား။ ကမောက်ကမနိုင်လှတဲ့ ဆပ်ကပ်အဖွဲ့၊ လူမဆန်တဲ့အချိုးတွေ ချိုးချိုးနေတဲ့ ဆပ်ကပ်အဖွဲ့မှာ ကျွန်တော် ဒီအတိုင်းထွက်လိုက်ရင် မှန်ပါ့မလား။ တော်တည့် မှန်ကန်သွားအောင် ဘယ်လိုလုပ်ရမလဲ။ ဆပ်ကပ်သမားတွေ ဒိထက် ညကြေးတွေ ပိုရသင့်တယ်။ အာမခံချက်တွေ ရှိသင့်တယ်။ ဆပ်ကပ်သမားတွေကို ကျွန်တော်ဖြစ်နိုင်သလောက်တော့ ချဉ်းကပ်ပြောပြရတာပေါ့။ ကျွန်တော်ပြောနေတုန်းတော့ သူတို့လည်း သူတို့ဘဝကို တဖြည်းဖြည်း မြင်လာ သိလာပြီး စိတ်မကောင်းဖြစ်ကြ၊ နာကြည်းကြတယ်လေ။ ဆပ်ကပ်ဆရာနဲ့ တွေ့ပြန်တော့လည်း နာကြည်းစိတ်၊ ဝမ်းနည်းစိတ်တွေ ပျောက်ပြီး အရင်တုန်းကလိုပဲ မီးဝေးချိပ်တွေ ပြန်ဖြစ်ကုန်ကြပြန်ရော။

ကြာလာတော့ ကိုစိန်ခိုက ကျွန်တော့်ကို စေတနာနဲ့ စကားတစ်ခွန်း လာပြောတယ်။ “ပန်းချီဆရာ၊ ဆရာ့ရဲ့ စိတ်စေတနာကို ကျွန်တော်နားလည်ပါတယ်။ ဆရာပြောတာတွေ ဆပ်ကပ်ဆရာနား ပေါက်သွားရင် မိုးမီးလောင်–အဲ–ဘယ်ကောင်းမလဲ။ ဆရာပြောတာ အမှန်တွေချည်းပဲ။ ဒါပေမဲ့ ဆပ်ကပ်သမားတွေရဲ့ဘဝက ခေါက်ရိုးကျိုးနေပြီ။ သူတို့ ဒီအလုပ်ကို စွန့်ပြီး ဒိပြင်အလုပ်ကို စွန့်စားပြီး မလုပ်ရဲကြဘူး။ စမ်းပြီး လုပ်ဖူးတဲ့သူတွေ ရှေ့ပြေးတွေရှိတယ်။ သူတို့လည်း အပြင်မှာ အခြေအနေ မကောင်းကြဘူး။ ဒါကြောင့်မို့ သူတို့ခမျာ ဆရာပြောသလို ချေးတွင်းထဲက ပိုးအကောင်တွေလို ဖြစ်နေရှာတာ၊ ဆပ်ကပ်ရဲ့ထမင်းစားနေ

ကြရတာ ကြာလှပြီဆရာ၊ တချို့ကိစ္စတွေ ဆရာ့ထက်ပိုပြီး ခံစားမိပြီး သိတာပေါ့”

ကိုစိန်ခိုရဲ့ စကားကို ကျွန်တော်လေးစားပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ခေါင်းမာမာပဲ။ တစ်ယောက်ပဲ ထွက်သွားသွား၊ တစ်ဖွဲ့လုံးအောင်ကြ၊ နိုင်ကြရင်တော့ အကောင်းဆုံးပေါ့။ ဒါကြောင့် ကိုယ်ပြောနိုင်သလောက်တော့ ပြောနေတာပဲ။

❊ ❊ ❊

ဘုရားပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ကူးလာရင်း မိတ်ကပ်ခြယ်တဲ့အလုပ်ကို အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုလောက် နီးနီး ကျွန်တော်တတ်ကျွမ်းလာပြီလို့တောင် ထင်မိတယ်။ ကျွန်တော့်မှာ လေ့ကျင့်စရာကွင်းတွေက ပေါတယ်မဟုတ်လား။ မျက်ခွံအရောင်တွေ အမျိုးမျိုး စမ်းဆိုးကြည့်၊ လိုင်နာဒီဇိုင်းတွေ အမျိုးမျိုးရေးကြည့်၊ ဆံပင်ပုံစံလည်း သူတို့ကိုဟိုလိုထုံးကြည့်ပါလား၊ ဒီလိုစည်းကြည့်ပါလား အမျိုးမျိုးစမ်းထုံးကြည့်နဲ့။ ပန်းချီဆရာဆိုတာ နာမည်လောက်ပဲကျန်ပြီး အလှဖန်တီးရှင်ဖြစ်လုလုပဲ။

မျက်တောင်မွေးရှည်လေးအပေါ်လည်း တစ်ပွဲပြီးတစ်ပွဲ၊ တစ်ညပြီးတစ်ည မေတ္တာသက်ဝင်လာမိတယ်။ ဝိုင်းတင်လေးကလည်း မျက်စိအောက်တင် လှသည်ထက်လှလှလာလိုက်တာ။ နောက်ဆုံး ကောက်ရိုးပုံစောင့်တဲ့အကောင်တော့ မဖြစ်စေရဘူးလို့ စဉ်းစားပြီး ဆုံးဖြတ်လိုက်တယ်။

ကျွန်တော်ချစ်တဲ့အချစ်က ဖြူစင်ရဲ့လား။ တကယ် နှစ်နှစ်ကာကာ ချစ်တာလား။ ကိုယ့်ကိုယ်ကို ခဏခဏ မေးနေမိတယ်။ အသက်နှစ်ဆယ့်ငါးနှစ်သာ ရှိနေပေမယ့် ဘယ်အမျိုးသမီးကိုမှ ဟောဒီ မျက်တောင်မွေးရှည်လေးလောက် မချစ်ခဲ့မိဘူး။ ကျွန်တော်က တော်ရုံမိန်းကလေးကိုလည်း မချစ်ချင်ဘူး၊ စိတ်မဝင်စားဘူး။ ချစ်မိပြီဆိုရင်တော့ ကျွန်တော့်ဘက်က အတည်ယူမယ့် ချစ်နည်းမျိုး။ နောက်ဆုံး ဝိုင်းတင်လေး ကျွန်တော့်မိဘ ဆွေမျိုးအသိုင်းအဝိုင်းကြား ဝင်ဆံ့ပါ့မလား၊ ဒီအထိအောင် စဉ်းစားမိတယ်။

ခက်တာက ကျွန်တော် သူ့ကို ဒီလိုချစ်နေမိတာ ဘယ်သူမှ သိသွားလို့မဖြစ်ပြန်ဘူး။ တစ်ယောက်စကား တစ်ယောက်နားနဲ့ ဒီအကြောင်းကိုစိန်ခိုတို့ ကိုဖိုးချွန်တို့နား ရောက်မယ်၊ အဲဒီကတစ်ဆင့် ဆပ်ကပ်ဆရာပါ သိသွားနိုင်တယ်။ အဲဒီလူကြီးသာ သိသွားရင် ... ကျွန်တော်ဖြစ်လာနိုင်တာတွေ လျှောက်စဉ်းစားရတယ်။

ဘာဖြစ်လဲ။ အပျိုလူပျို ချစ်ကြတာပဲ။ ဆပ်ကပ်ဆရာ သိသွားလည်း ဘာအရေးလဲ။ ကျွန်တော်နဲ့ဝိုင်းတင်နဲ့ သူ သဘောမတူစရာအကြောင်း မရှိဘူးလို့ ထင်တာပဲ။ ဒါပေမဲ့ မိုးမပြိုဘူး၊ ပြိုခဲ့သော် ...။ ဒီလူက သူသဘောမတူတာကို ပါးစပ်က ဖွင့်မပြောဘဲ ဝိုင်းတင်လေးကိုပညာသားပါပါနဲ့ ခွင်ရှာပြီး နှိပ်စက်နိုင်သေးတယ်။ ချစ်ကြောင်းဖွင့်ပြောပြီးရင် ဘယ်သူ့ကိုမှ လျှောက်ပြောမနေဖို့ ပိတ်ထားရဦးမယ်။ အခါအခွင့်သာတာကတော့ နှုတ်ခမ်းနီ ပါးနီဆိုးပေးရင်း ချစ်တဲ့အကြောင်းဖွင့်ပြောဖို့ အကောင်းဆုံးအချိန်ပဲ။

❊ ❊ ❊

ပွဲခွင်တစ်နေရာက တစ်နေရာကူးရင် ဆပ်ကပ်ဆရာ ကိုယ်တိုင်သယ်ယူလာနေကျ ပလတ်စတစ်ပုလင်းကို ကျွန်တော်စိတ်ဝင်စားမိတယ်။ တစ်နေရာကို ပြောင်းကြမလို့ ကားပေါ်ပစ္စည်းတွေတင်ပြီး ကားထွက်တော့မယ်ဆိုရင် ဆပ်ကပ်ဆရာက ဒီပလတ်စတစ်ပုလင်းကို ကိုင်ပြီး ရှေ့ခန်းမှာဝင်ထိုင်လိုက်တယ်။ လမ်းမှာ တစ်နေရာရာဝင်ပြီး လက်ဖက်ရည် ဆင်းသောက်ကြမယ်ဆိုရင် ဆပ်ကပ်ဆရာက ဒီပုလင်းကိုယူပြီး ဆင်းလာတယ်။ ပုလင်းထဲမှာ ဘာအရည်လဲတော့ မသိဘူး။ ပုလင်းနဲ့အပြည့်တော့ မဟုတ်ဘူး။ လေးပုံ သုံးပုံလောက် ရှိမယ်။

ကျွန်တော်က အဲဒီပလတ်စတစ်ပုလင်းကို စိတ်ဝင်စားတာနဲ့ မျက်တောင်မွေးရှည်လေးကို မေးကြည့်တော့ အဲဒါ 'ကျားဆီ' တွေတဲ့။ ဘာ့ကျားဆီ ဟုတ်လား၊ အံ့သြစရာပဲ။ ဝိုင်းတင်က အရင်က သူတို့

ဆပ်ကပ်ထဲမှာ ကျားတစ်ကောင်ရှိသတဲ့။ ဆပ်ကပ်ဆရာက ငယ်ငယ်ကတည်းက မွေးထားပြီး သင်ပေး၊ လေ့ကျင့်ပေးထားတာ၊ သိပ်လိမ္မာတယ်။ ကြိမ်ကွင်း၊ မီးကွင်းတွေတောင် ခုန်နိုင်တယ်။ ပါးစပ်ဖြဲပြီး ခွေးလိမ္မာလေးတွေရဲ့ဦးခေါင်းတွေ၊ လူ့လက်သီးဆုပ်တွေ သွင်းပြ၊ ထုတ်ပြလို့လည်း ရသတဲ့။ ဒီကျား အမှီပြုပြီး သူတို့ဆပ်ကပ် တော်တော်နာမည်ကြီးခဲ့ဖူးကြတယ်လေ။ ဆပ်ကပ်ဆရာက 'စိန်တိုး' လို့ နာမည်ပေးထားလေတော့ ကျားက သူ့နာမည်ခေါ်ရင်တောင် သိနားလည်တယ်တဲ့။ မင်းတုန်းနယ်က ရလာခဲ့တာတဲ့။

တစ်နေ့တော့ 'စိန်တိုး' ခမျာ မမျှော်လင့်ဘဲ သေဆုံးသွားပါရောလား။ ဒီတော့ ဒီကျားသေသွားတာနဲ့ ပတ်သက်ပြီး သတင်းတွေ အမျိုးမျိုးထွက်လာတော့တာပေါ့။ မနာလိုတဲ့ ပြိုင်ဘက်ဆပ်ကပ်၊ အဖွဲ့တစ်ခုခုကပဲ သေကြောင်းကြံသလိုလို၊ အဆိပ်တုံးမိထားတဲ့ ခွေးသားပဲ ကျွေးမိသလိုလို။ တချို့ကတော့ နေမကောင်းဖြစ်ပြီး ရောဂါတစ်ခုနဲ့ သေတာပါလို့ ပြောကြပြန်သတဲ့။ ဘာကြောင့်ပဲသေသေ 'စိန်တိုး' သေဆုံးသွားတာ ဆပ်ကပ်တစ်ဖွဲ့လုံးအတွက် နစ်နာသွားတာတော့ အမှန်ပါ။ ပရိသတ် တော်တော်ကိုနည်းသွားလို့ ဆပ်ကပ်ဆရာ နောက်ထပ် ကျားတစ်ကောင် မရရအောင် သည်းသည်းမည်းမည်း လိုက်ရှာတယ်။ မရဘူး။

စိန်တိုးသေသွားပြီးမှ ဆပ်ကပ်ဆရာရဲ့ အရိုက်အနှက် အထိုးအကြိတ်တွေ ပိုပိုကြမ်းလာတယ်။ "ကျားကို အရေခွံဆုတ်ပြီး မီးသဂြိုဟ်တုန်းက ထွက်တဲ့အဆီတွေကို စုထားတာလေ ဆရာ" မျက်တောင်မွေးရှည်လေးက ပြောရီးပြောစဉ် ပြောတာပေမယ့်။ စိတ်ဝင်စားစရာပဲ။

"ဒီကျားဆီတွေကို သူက ဘာလုပ်တာလဲ"

"ကျွန်မလည်း မသိဘူးဆရာ"

ကျွန်တော့်သိချင်စိတ်က ပိုပြင်းလာတယ်။ ကိုဖိုးချွန်တို့ ကိုစိန်ခိုတို့လည်း ဒီအကြောင်း မပြောဖူးကြဘူး။ တစ်နေ့နေ့တော့ 'စိန်တိုး' ရဲ့ အဆီအကြောင်း မေးကြည့်ရဦးမယ်လို့ စိတ်ထဲမှာ တေးထားမိတယ်။

“နွားနို့သောက်တဲ့အခါ လက်ဖက်ရည်သောက်တဲ့အခါ တစ်စက် နှစ်စက် ထည့်သောက်တယ်လို့ ဆန်းဆန်းအေးကတော့ ပြောဖူးတာပဲ ဆရာ”

ကျွန်တော့်မှာ အံ့သြပြီးရင်း အံ့သြရင်း –

“တစ်ခါတလေ ထမင်းစားတဲ့အခါ လက်ဖက်ရည်ဖျော်ဇွန်းနဲ့ တစ်ဇွန်းဆမ်းပြီး နယ်ဖတ်စားတယ်လို့ ကြားဖူးတယ်။ နောက်ပြီး ဈေးကောင်းရရင် ရောင်းမယ်လို့လည်း ကြားဖူးတယ်ဆရာ”

ကျားဆီက ဆေးဖက်ဝင်လေသလား၊ ဘာစွမ်းတာတဲ့လဲ။ ဘာပဲဖြစ်ဖြစ် ကျားဆီရဲ့ အစွမ်းသတ္တိလား၊ ပင်ကိုယ်က ပေါ့ပါးဖျတ်လတ်တာလားတော့ မသိဘူး၊ ဆပ်ကပ်ဆရာက သူ့ခန္ဓာကိုယ် အလေးချိန်ကြီးနဲ့ နှိုင်းယှဉ်ရင် အတော်ပေါ့ပါး သွက်လက်တာတော့ ငြင်းမရဘူး။ အထိုင်အထ၊ အသွားအလာ၊ အလှမ်းအပြု၊ အတက်အဆင်း လူငယ်တစ်ယောက်လို သွက်လက်တယ်။

မနေတတ် မထိုင်တတ်တာပဲလား၊ အပြောအဆို မတတ်ဘူးလို့ပဲ ပြောမလားတော့မသိဘူး။ ဝိုင်းတင်ကို ကျားဆီ မမြင်ဘူးလို့ မြင်ဖူးချင်တယ်လို့ လျှာရှောင်ပြီး ပြောလိုက်မိတယ်။ ပြောပြီး တစ်အောင့်ကြာတော့ ကျွန်တော့်စကား မှားသွားပြီ လွန်သွားပြီဆိုတာ သတိရလိုက်မိတယ်။

မျက်တောင်မွေးရှည်လေးက ဘားပလက်ပုလင်းပြားလေးနဲ့ ကျားဆီတွေ ပြည့်လုပြည့်ခင် ထည့်လာပြီး လူသူအလစ်မှာ လာပေးပါရောလား။ သူလုပ်လာပုံက ဒီကိစ္စ ဘယ်သူမှမသိအောင် လုပ်လာတဲ့ပုံစံမှန်း သိသာနေတယ်။

ပုလင်းကို ဖွင့်ပြီး အနံ့ရှုကြည့်မိတော့ ငါးကြီးဆီနံ့မျိုးလည်း မဟုတ်၊ ပဲဆီ နှမ်းဆီအနံ့မျိုးလည်း မဟုတ်ဘူး၊ ဘယ်လိုအနံ့မျိုးကြီးမှန်း မသိဘူး၊ အညှီအဟောက် အလွန်ကြိုက်တဲ့အကောင်ရဲ့အဆီက ဘာနံ့လို့ ပြောရမှန်းကို မသိဘူး။ ကျားဆီကို လက်ညှိုးနဲ့ တို့ကြည့်ပြီး လက်မနဲ့ ပွတ်ချေကြည့်တော့ ဒိပြင်ဆီတွေထက်ပိုပြီး စေးပျစ်တယ်လို့ ထင်မိတယ်။

ဝိုင်းတင်ကို ကျားဆီပုလင်းကို ပြန်ပေးတဲ့အခါ ကလေးမလေးက မယူဘူး။ ဆရာပဲ လုံလုံခြုံခြုံ သိမ်းထားလိုက်ပါတော့တဲ့။ ဘယ်သူမှ မမြင်အောင် ဝှက်ထားနော် ဆရာတဲ့။

ယူတုန်းက ဆပ်ကပ်ဆရာနဲ့ မမိဘဲ ပြန်ထားကာမှ ဒီလူနဲ့မိရင် ချမ်းသာပေးနေမှာ မဟုတ်ဘူး။ မျက်ထောက်ကြီးနီပြီး စံပြအနေနဲ့ လူပုံအလယ်မှာ ပြောပြောပြီး ဆုံးမခံရမှာ။ ကံကောင်းလို့ပါလား။ ပုဆိုးတိုတို မျက်နှာပေါက်ဆိုးဆိုး၊ ညာလက်မှာ ကျာပွတ်လက်ကိုင် ကိုင်ထားပြီး ဘယ်လက်က ကျာပွတ်အဖျားကို ကိုင်ထားတဲ့ ဆပ်ကပ်ဆရာကို မြင်ယောင်နေမိတယ်။

ကျွန်တော် လျှာချောင်မိတာ ဝိုင်းတင်လေး အဆော်အနှက်ခံရတော့မလို့ပါလား။ ကိုစိန်ခိုတို့ ကိုဖိုးချွန်တို့ကိုလည်း ကျားဆီနဲ့ပတ်သက်လို့ မေးမလို့ဟာ၊ မမေးတော့ပါဘူး။ တော်ကြာ မေးကာမှ သတိထားမိပြီး ကျားဆီတွေ လျော့တယ်ဆို ပြဿနာတွေ လျှောက်ရှာနေရင် အကုန်လုံး စိတ်အနှောင့်အယှက် ဖြစ်ကြရမှာ။

❊ ❊ ❊

'ငါ မင်းသားလုပ်မယ့်နှစ်ကျမှ သီချင်းဆန်း ပေါ်နေတယ်' ဆိုသလိုပါပဲ။ မျက်တောင်မွေးရှည်လေးကို ချစ်တဲ့အကြောင်း ပြောမယ်လို့ ဆုံးဖြတ်ပြီးကာမှ သူမ လာပြီး ဖြီးလိမ်းတယ်ဆိုရင် အနားမှာ တခြားလူ တစ်ယောက်ယောက်ကတော့ ရှိနေတော့တာချည်းပဲ။ လူမလစ်လို့ တစ်ညပြီးတစ်ည ရွှေ့ခဲ့ရတာ မြို့ထောင့်စေတီဘုရားပွဲသာ ရောက်ပါလေရော။

အလောင်းမင်းတရား ဦးအောင်ဇေယျအတွက် ငါးမည်ရ ပြည်ရွှေဘိုဟာ အောင်မြေတဲ့။ ကျွန်တော့်အတွက်လည်း မြို့ထောင့်စေတီပွဲဟာ အောင်မြေ ဖြစ်စေရမယ်။

မှတ်မှတ်ရရ အဲဒီညက ဆပ်ကပ်ပြီးရင် 'ငှရယ်၊ ပိတောက်ရယ်၊ ခေါင်ရန်းရယ်' ကကြမယ့်ညပေါ့။ မျက်တောင်မွေးရှည်လေးက သူ့ရဲ့

တင်ဝိုင်းဝိုင်းလေးကို ကျွန်တော့် လက်ဆွဲအိတ်နားမှာ ထိုင်အချ။ ကျွန်တော်ကလည်း လှိုက်လှိုက်လှဲလှဲ ပြုံးပြမိတယ်။ ရင်ထဲမှာ မျိုသိပ်အောင့်အည်းထားရတာတွေ မိုးကာလ ဇရောမရေတံခွန်ကြီးတစ်ခုလို အားရပါးရ သွန်ချတော့မယ်အလုပ်မှာ –

'ဒီည၊ ငါ နင့်ကို ...' ပဲ ရှိသေးတယ်၊ သူ့ဆရာမ လှသီဂီက ရောက်ချလာတာနဲ့ မနည်း ဘရိတ်အုပ်လိုက်ရတယ်။

"အဲဒါမှဒုက္ခပဲ၊ နင်တို့က နှစ်ယောက်၊ ငါက တစ်ယောက်ထဲ၊ လက်နှစ်ဘက်ရှိပေမယ့် ငါက ညာတစ်ဘက်နဲ့ပဲ ရေးတတ်တာ၊ ကိုင်း ပြောကြစမ်း၊ ဒီည ဘယ်သူ့အခန်းက အရင်လဲ"

တကယ်တော့ ဒီည တင်ဆက်မယ့်ခွင်တွေ အစီအစဉ်တွေကို ကိုဖိုးချွန်ဆီမှာ မေးထားပြီးသား။ လှသီဂီကို အရင်လိမ်းခြယ်ပေးလိုက်ပြီး မျက်တောင်မွေးရှည်လေးကို နောက်ဆုံးမှ လိမ်းပေးရင်း လူပျိုစကားပြောမယ်လို့ အချစ်ဗျူဟာ ဆွဲထားတာ။

"မမသီဂီက အရင်ထွက်ရမှာ ဆရာ"

"အေး ဒီလိုဆိုရင် နင်နောက်မှလာခဲ့ လာမရှုပ်နဲ့၊ နင့်ကို နောက်မှ ငါလိမ်းပေးမယ်၊ သွား၊ ငါ့သောက်ရေ ပုလင်းပါ ယူသွားပြီး ပြန်လာရင် ရေဖြည့်ခဲ့"

ကောင်မလေးက အဟုတ်မှတ်လို့ ရေပုလင်း ယူသွားလေရဲ့။

လှသီဂီကို ခပ်မြန်မြန် ရေးခြယ်ပေးရင်း ခေတ်စကားနဲ့ ပြောရရင် ချေးချုပ်ချုပ်ပေးပြီး ဝိုင်းတင်လေး ပြန်အလာကို မျှော်နေမိတယ်။ စိတ်ထဲမှာလည်း ဒီကောင်မလေးနှယ် ကြာရန်ကောလို့ အောက်မေ့မိတယ်။ မျက်တောင်မွေးရှည်လေး ရေပုလင်းကိုင်ပြီး ပြန်လာတာ လှမ်းမြင်လိုက်တော့မှ အနားမှာရှိတဲ့မှန်ကို လှသီဂီထောင်ပြရင်း –

"ကောင်မလေး သေချာကြည့်ဦး၊ ဘာလိုသေးလဲ"

လှသီဂီက မှန်ကို အနေအထားအမျိုးမျိုးပြောင်း၊ သူ့ကိုယ်ဟန်ကို အမျိုးမျိုးရွေ့ရင်း အပြုံးရှုံးလောက်တဲ့ ကလေးအမေက –

"မျက်ခွံလေး အရောင်နည်းနည်းရင့်ပေးပါဦးဆရာ" တဲ့။ မျက်ခွံဆေးနည်းနည်း တင်ပေးပြီးပြန်တော့လည်း အနားမှာရောက်နေတဲ့ ဝိုင်းတင်ကို အကူအညီ လှမ်းတောင်းလိုက်တယ်။

"ညီမလေးရေ သေသေချာချာ ကြည့်ပါဦး၊ ဒီည ကိုကို လာပြီး အားပေးမှာတဲ့"

ကျွန်တော့်မှာ အရင်တုန်းက ဒီလို စကားမျိုး အပြောမျိုးတွေကို အဟုတ်ထင်ခဲ့ဖူးတာကို ပြန်သတိရမိပြီး ပြုံးမိတယ်။

"မမသီဂီ နှုတ်ခမ်းထောင့်နှစ်ဘက်ညီအောင် ညှိပြီးရင် ရပါပြီ၊ မမက လှပြီးသားပဲဥစ္စာ"

အရေးထဲ မျက်တောင်မွေးရှည်လေးက မကြာကြာအောင် ပေရှည်နေလိုက်သေးတယ်။

"ဆရာရေ နှုတ်ခမ်းထောင့်စွန်းလေးတွေပဲ ညှိပေးပါတော့"

မှန်တာပြောရရင် ရှစ်ည ကိုးညရှိနေပြီ၊ မျက်တောင်မွေးရှည်လေးကလွဲပြီး တခြားလူတွေ သိပ်ရေးပေးချင်တာ မဟုတ်ဘူး။ တော်တော်သည်းညည်းခံနေရတာ။ စိတ်ရှည်လက်စနဲ့ လှသီဂီရဲ့ နှုတ်ခမ်းထောင့်စွန်းလေးတွေ ညီအောင် ညှိပေးလိုက်တယ်။

လှသီဂီ ထသွားတော့မှ မျက်တောင်မွေးရှည်လေးအတွက် စပယ်ရှယ် သိမ်းထားတဲ့ ဘယ်သူ့မှ ရေးမပေးတဲ့ အရောင်တွေ ဆေးတွေ ဗက်ထားရာက ထုတ်လိုက်တယ်။ ပါးစပ်ကတော့ ပြောချင်လှပြီ၊ ဘယ်က စပြောရမှန်း မသိဘူး။ ခေါင်းကုတ်မိတာလည်း ခဏခဏ။ ဝိုင်းတင်ခပ်လာတဲ့ ရေပုလင်းကို ငုံ့ပြီး တစ်ခွက်အပြည့် သောက်ချလိုက်တယ်။ ဒီကောင်မလေး ခပ်ပေးတဲ့ရေက ပိုအေးသလိုပဲ။ ဗက်ထားရာက ထုတ်လာတဲ့ ပန်းချီဆေးတွေကို သူမြင်အောင်ပြရင်း –

"ဝိုင်းတင်လေး"

"ရှင် – ဆရာ"

“ဒီဆေးတွေက နိုင်ငံခြားကလာတဲ့ဆေးတွေ၊ ဘယ်သူ့မှ ငါ လိမ်းခြယ်ပေးတာ မဟုတ်ဘူးနော်၊ နင်သိပါတယ်”

ကောင်မလေးက သူရဲ့ပင်ကိုယ်က ရှည်ပြီး ကော့နေတဲ့ မျက်တောင်မွေးတွေကို အသာပင့်ပြီး မျက်လုံးပြူးလေးနဲ့ ပြူးကြောင်ကြောင် ကြည့်နေတယ်။ ခဏနေမှ ခေါင်းကို အသာညိတ်တယ်။ ကျွန်တော့်ဆီက စကားအထူးအဆန်းတွေ ထွက်လာလို့ အံ့သြနေတာလည်း ဖြစ်နိုင်တယ်။

သူ အဲဒီလိုကြည့်ပြီး အဲဒီလို ခေါင်းညိတ်လိုက်တာလေးကိုက ချစ်စရာကောင်းနေတယ်။

“ဟဲ့ ဘယ်တော့မှ ခေါင်းမညိတ်ရဘူး၊ ခေါင်းညိတ်တယ်ဆိုတာ ရိုင်းတယ်၊ အထူးသဖြင့် ကိုယ့်ထက်အသက်ကြီးတဲ့ လူကြီးသူမတွေနဲ့ စကားပြောတဲ့အခါပေါ့၊ ကြားလား၊ မှတ်ထားနော်” လို့ ဆုံးမခဲ့ဖူးတာတွေ လည်း ကျွန်တော်လည်းမေ့ သူလည်းသတိမရတော့ဘူး။

“ဘာလို့ ဒီဆေးတွေကို ဝှက်ဝှက်ထားရတာလဲ နင် သိသလား”

မသိပါဘူးရှင့်၊ မသိဘူးရှင့်လို့ ဖြေလိမ့်မယ်လို့ မျှော်လင့်ထားတာ –

“နှမြောတတ်လို့နေမှာပေါ့” တဲ့။

ကောင်းကြရော။ ဒါနဲ့ ရောင်းသူ ဝယ်သူ အသံတူ သံယောင် လိုက်ရတော့တာပေါ့။

“အေးဟုတ်တယ်၊ ငါက နှမြောတတ်တယ်၊ ငါရဲ့ အဖိုးတန် ဆေးတွေကို နင်ကလွဲပြီး ဘယ်သူ့မှ ရေးခြယ်မပေးချင်ဘူး၊ ဒီဆပ်ကပ်အဖွဲ့ ထဲမှာ နင်အလှဆုံး ဖြစ်နေအောင်လို့”

ဝိုင်းတင်လေးက ကျွန်တော့်စကားကို အံ့အားသင့်နေရှာတယ်။ မျက်လုံးပြူးလေးနဲ့ မျက်တောင်မွေးရှည်လေးတွေကို ပုတ်ခတ်ပုတ်ခတ် လုပ်နေရှာတယ်။

“ဆရာ ဘာကိုဆိုလိုတာလဲ ဆရာ”

ကျွန်တော်က အဆုတ်ထဲကို လေတွေ တစ်ဝရှူသွင်းလိုက်တယ်။

"ငါ နင့်ကိုချစ်လို့ ရည်းစားစကားပြောမလို့"

မျက်တောင်မွေးရှည်လေးက ခေါင်းကလေးငုံ့၊ ဇက်ကလေးပုပြီး တစ်ဘက်လှည့်သွားတယ်။ အကြာကြီးပဲ ငြိမ်ကျသွားတယ်။ သူ့ကျောပြင်လေး ကြည့်မိတော့ တသိမ့်သိမ့်နဲ့ လှုပ်နေတယ်။ ကျွန်တော် အပြောမှားလို့၊ အပြောလောဘကြီးလို့ ခများလေး ရှက်သွား၊ ဝမ်းနည်းသွားပြီး တသိမ့်သိမ့်နဲ့ ရှိုက်ငိုနေရှာပြီလို့ ထင်မိတယ်။ ခဏကြာတော့ –

"ဆရာက ကျွန်မကို ချစ်လို့ဟုတ်လား"

ငိုသံပါလေးနဲ့၊ ကျွန်တော့်မျက်နှာကို သူမကြည့်ဘူး။ မကြည့်ရဲဘူး။ ကျောပေးထားတယ်။

"ဟုတ်တယ်"

ဝိုင်းတင်က မျက်နှာကို နီရဲအောင် မျက်ရည်ကျထားတာလား၊ ကျွန်တော့်စကားကြောင့် မျက်နှာလေး ရဲသွားတာလားတော့ မသိဘူး၊ မျက်နှာရဲလေးနဲ့။

ကျွန်တော်က လေးနက်သလောက် သူက ပေါ့တန်နေတာလား။

"ငါမပြောတတ်လို့ဟ၊ နေဦး၊ ငါ့မှာပြောစရာတွေ တပုံကြီး ရှိသေးတယ်"

ဆပ်ကပ်ရဲ့ အသံချဲ့စက်ဆရာက "သံသာလေကမ်းတိုင်" သီချင်းကို အထစ်ကုန်ဖွင့်နေလို့ သူပြောတာ သဲသဲကွဲကွဲ မကြားလိုက်ရဘူး။

"ဘယ်နှယ့်လဲ နင့်သဘောက၊ ငါ့ကို ပြန်ပြီး ချစ်နိုင်ပါ့မလား"

ဒါမှမဟုတ် ကောင်မလေးက ကျွန်တော့်အချစ်ကို ရင်မခုန်တာလား။ ရင်ခုန်ပြီး တောပြော တောင်ပြောတွေ ပြောနေတာလား။ တစ်ချက်တွေတွေကလေး ငြိမ်သွားပြီးမှ –

"ကျွန်မက ဆပ်ကပ် ကစားတာကလွဲလို့ ဘာမှ လုပ်ကိုင်စားတတ်တာ မဟုတ်ဘူး၊ စိတ်ကူးမယဉ်ချင်ပါနဲ့ ဆရာရယ်"

ကောင်မလေးကို ဆပ်ကပ်က ထွက်ပြီး အပြင်ထွက် စီးပွားရှာစားမယ်လို့လည်း မပြောရသေးဘဲနဲ့။ ကောင်မလေးက ဘာလို့ ဒီစကား

မျိုးပြောရတာလဲ။ တစ်နေ့နေ့ ကျွန်တော့်ဆီက ဒီစကားမျိုးလာမယ်ဆိုတာ သူကြိုတင် တွက်ထားမိလို့လား၊ ဒါမှမဟုတ် လန့်ဖျပ်ပြီး အမြီးအမောက် မတည့်တာတွေ ကယောင်ကတမ်း ပြောနေတာတွေလား။ မိန်းမမာယာနဲ့ အရူးအမူးဖြစ်နေတဲ့ငနဲကို ပိုပြီး ရောဂါသက်ရင့်လာအောင် ကြိုးရှည်ရှည်နဲ့ လှန်ထားတာလား။ ကျွန်တော့်ပန်းချီပညာနဲ့တော့ အိမ်ထောင်တစ်ခု မထူထောင်နိုင်ပါဘူး။ ကျွန်မကပါ တစ်ခုခု လုပ်ကိုင်စားရမှာလို့ ပြောလေသလား။ ဒါဆိုရင် ပန်းချီရေးနေတဲ့ ကျွန်တော့်လက်က အိမ်ထောင်တစ်ခုရဲ့ မီးဖိုချောင်က မီးခိုးထွက်ဖို့ မမြင်ဘူးလို့ ဆိုလိုလိုက်တာလေလား။

ကျွန်တော် သူရဲ့မျက်နှာလေးကို အလှဆုံးဖြစ်အောင် ဆေးရေးခြယ်ပေးရင်း စဉ်းစားစရာတွေ များလာတယ်။ သူ့နှုတ်ခမ်းထူတွဲတွဲလေးကို စိတ်တိုင်းကျ ဆေးခြယ်ပေးရင်း လက်တွေမတုန်အောင် တော်တော် ဂရုစိုက်နေရတယ်။ ဟိမဝန္တာ တောကြီး တောင်ကြီးတွေ၊ ဆင်တွေ ကျားတွေ၊ ကြံ့တွေ၊ ခြင်္သေ့တွေ၊ ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခတွေကို ရေးခဲ့ဖူးတဲ့ ဒီလက်က ကောင်မလေးတစ်ယောက်ရဲ့ နှုတ်ခမ်းလေးကျမှ တုန်ရင်နေလိုက်သေးတယ်။

“ဘာပဲဖြစ်ဖြစ်၊ ငါ နင့်ကို စဉ်းစားဖို့ တစ်ရက်အချိန်ပေးမယ်ဟာ၊ မနက်ဖြန်ညကျတော့ အဖြူအမည်း တစ်ခုခုတော့ အဖြေပေးရလိမ့်မယ်။ မြွေမသေ တုတ်မကျိုး၊ အဖြူလည်းမဟုတ် အမည်းလည်းမဟုတ်၊ မီးခိုးရောင်တော့ မလုပ်နဲ့နော် နှမလေး”

ကောင်မလေးကို စိတ်တိုင်းကျ လိမ်းခြယ် စည်းနှောင်ပေးလိုက်တာ တော်တော်လေးကို လှတဲ့ ကျွမ်းဘားမယ်လေး ဖြစ်သွားပြီ။ ဒီလိုလှပြန်တော့ ဒိပြင်လူတွေက ချစ်ရေးဆိုကြမှာတွေကို တွေးပူမိပြန်ရော။

“မပြီးသေးဘူးလားဆရာ” ကောင်မလေးက မှန်ကို ယူကြည့်ရင်း မေးလိုက်တယ်။

“အေး ပြီးလုပါပြီ၊ ခဏလေး၊ မျက်ခုံးမွေးတွေ ဆေးတင်ပေးလိုက်ဦးမယ်”

နဂိုကတည်းက သန်ပြီး မည်းမှောင်နေတဲ့ မျက်ခုံးမွေးတွေကို ကျွန်တော်က နီးနီးကပ်ကပ် ကြာကြာကြည့်နေချင်တာနဲ့ စေတနာတွေပိုပြီး ဆေးအကုန်ခံနေမိတယ်။ အခုနေသာ မိတ်ဆွေ ကာတွန်းဆရာတစ်ယောက်ယောက်က ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ကာရိကေးချားဆွဲရင် ကျွန်တော့်ပါးစပ်က 'ဘွတ်အဲ' ဒါမှမဟုတ် 'ဝတ်ထရိန်း' ဆိုတဲ့ အသံ ထည့်ပြီး ရေးကြလိမ့်မယ်။ ဒါမှမဟုတ်ရင် ကျွန်တော့်ပုံရဲ့ ချိုစောင်းမှာ ချိုတပ်ပေးကြလိမ့်မယ်။

ရေးခြယ်ပြီးတော့ ကောင်မလေးက အပေါင်းလွန်ပြီး ဆွေးစပြုနေတဲ့ ဘော်ကြယ်တွေနဲ့ ပြည့်နေတဲ့ ကိုယ်ကြပ်အင်္ကျီ နက်ပြာပြာလေးကို ခါးနားအထိ ဆွဲချရင်း ခပ်သွက်သွက်ထွက်သွားတယ်။ သူထွက်သွားမှ သူ့ကျောပြင်နဲ့ ခါးကျဉ်းကျဉ်းလေးကိုကြည့်ရင်း အရေးကြီးတဲ့စကား တစ်ခွန်း ကျန်သွားတာ သတိရပြီး လှမ်းအော်ပြောရတယ်။

"နင် ဒီည ကောင်းကင်ဘားကစားရင် ကောင်းကောင်း ဂရုစိုက်နော်၊ သတိလက်လွတ် မဖြစ်စေနဲ့"

ခေါင်းမညိတ်ပါနဲ့ ဆိုတဲ့ကြားက မျက်တောင်မွေးရှည်လေးက လည်ပြန်လှည့်ကြည့်ပြီး ခေါင်းညိတ်သွားလိုက်သေးတယ်။ ကျွန်တော်သာ ကောင်းကင်ဘားသမားဆိုရင် ဒီည လွဲချော်မှုတစ်ခုခုတော့ ဖြစ်တော့မှာ သေချာတယ်။ အောက်ခံထားတဲ့ ပိုက်တွေက ခိုင်မှခိုင်ပါလေရဲ့လား။

"ဝိုင်းတင်–ဝိုင်းတင် လာဦး၊ ပြန်လာခဲ့ဦး၊ အရေးကြီးဆုံးစကား ပြောဖို့ မေ့သွားတယ်၊ ငါ့နှယ်နော်"

ရှစ်လှမ်း ကိုးလှမ်းရောက်ကာမှ ကောင်မလေး ပြန်လာရတယ်။

"နင့်ကို ငါက ရည်းစားစကားပြောတဲ့အကြောင်း သူများတွေကို ပြောမနေနဲ့ဦး၊ ဘယ်သူ့မှ မပြောနဲ့နော်"

ကောင်မလေးက ရဲနေတဲ့ မျက်နှာလေးနဲ့ ခေါင်းကို စိတ်မပါ လက်မပါ ညိတ်သွားလေရဲ့။

* * *

အဲဒီညကတော့ ကျွန်တော် ရုံထဲမှာ မနေချင်ဘူး။ ဝိုင်းတင် တစ်ခုခုဖြစ်မှာ စိုးနေတယ်။ သူ တစ်ခုခုဖြစ်တာ ကြားလည်း မကြားချင်ဘူး၊ မြင်လည်း မမြင်ချင်ဘူး။ မကြားရဲ၊ မမြင်ရဲတာလို့ပြောရင် ပိုမှန်မယ်။ ရုံအပြင်ဘက် ပွဲဈေးတန်းလျှောက်၊ ဘုရားဆီသွားပြီး ပန်းချီရေးလို့ ဖြစ်မယ်ထင်တဲ့ ပုံကြမ်းတွေ လျှောက်ခြစ်နေလိုက်တယ်။

ကျွန်တော့်ပုံကြမ်းစာအုပ်ထဲမှာ ဘုရားစေတီတွေရဲ့ ပုံတွေ၊ အိုးသည်တွေ အိုးဈေးတန်းပုံကြမ်းတွေ၊ အကြော်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်တွေ၊ ဆေးမင်ကြောင်ထိုးဆရာနဲ့ ဆေးမင်ကြောင် အထိုးခံနေတဲ့သူတွေရဲ့ပုံတွေ အတော်စုမိနေပြီ။ ဒီညတော့ ဘုရားရင်ပြင်မှာရှိတဲ့ အလှူခံသေတ္တာ၊ ဘုရားပန်းအိုး ဆွမ်းတော်ကြီးပွဲတွေနဲ့ ဖယောင်းတိုင်မီးပူဇော်ထားပုံတွေ ရေးခြစ်နေမိတယ်။

ဆပ်ကပ်အဖွဲ့ထဲကလူတွေ၊ လေ့ကျင့်နေပုံ၊ အနားယူနေကြပုံ၊ သူတောင်းစားမိသားစုတွေရဲ့ပုံတွေက စာအုပ်ရဲ့ ကျောဘက်ကနေ ပြန်ရေးထားတယ်။ တချို့ပုံတွေက ခဲနဲ့ရေးထားတယ်။ တချို့ပုံတွေက မင်ခြစ်တွေ၊ တချို့ပုံတွေကိုတော့ ဖယောင်းတောင့်တွေနဲ့ ရေးခြစ်ထားတာတွေ။

ဆပ်ကပ်ထဲမှာ အခုအချိန်ဆိုရင် ကလေးတွေရဲ့ ကျွမ်းအစီအစဉ်ပြနေလောက်ပြီ။ ကလေးတွေက ငယ်စဉ်ကြီးလိုက် အရွယ်အမျိုးမျိုး၊ အစွမ်းတွေအမျိုးစုံပြနေကြမှာ။ ကျွန်တော် ရောက်ကာစက မြေကြီးပေါ်မှာ ပုံလဲနေအောင် ကျွမ်းထိုးရရှာတဲ့ 'သိန်းငွေအောင်' ဆိုတာ ကလေးတွေထဲမှာ အသက်အငယ်ဆုံး။ သူ့အင်္ကျီမှာ ဆုချခံရတဲ့ ပိုက်ဆံတွေ ညတိုင်း တစ်သီကြီးပေါ့။ အပ်ချိတ်တွေနဲ့ တွယ်ထားရတာ။

အသံချဲ့စက်ကလည်း "တကယ့်ဘား၊ အမယ့်ဘား၊ ငါ့သားလေးဖြင့် ခိုင်းမစားရက်ပါဘူး၊ ငါ့သမီးလေးဖြင့် ခိုင်းမစားရက်ပါဘူးဟဲ့"

"ဟိုက်ရှော့ – ဟိုင်းရှော့ – နှစ်ထပ်ကျော့တဲ့ ပဒတ်ကော့လေးပါလား" ဆိုတဲ့ အသံတွေက ညံလို့။

ရုံထဲကို တော်တော်မိုးချုပ်မှ ပြန်ဝင်လာခဲ့တယ်။ အိပ်ရာထဲမှာ တော်တော်နဲ့ အိပ်မပျော်ဘူး။ အိပ်ပျော်ပြန်တော့လည်း ပျော်တစ်ဝက် နိုးတစ်ဝက်နဲ့။ ထောင်ကလွတ်မယ့်သူ နောက်တစ်နေ့ကို အမြန်ရောက် ချင်သလိုမျိုး၊ ကျွန်တော့်အတွက်တော့ ညတာက ရှည်လွန်းတယ်လို့ ထင်မိတယ်။

မျှော်လင့်တဲ့ နောက်တစ်နေ့ရောက်ပြန်တော့လည်း မျက်တောင် မွေးရှည်လေးနဲ့ ဆုံကြဖို့က မလွယ်ဘူး။ တွေ့ပြန်တော့လည်း အနားမှာ လူတစ်ယောက်နှစ်ယောက် အမြဲလိုလို ရှိနေတာနဲ့ စကားပြောဖို့ အခြေ အနေ မပေးဘူးလေ။ ကောင်မလေးကတော့ မှင်သေသေပဲ။ မနေ့ညက ကျွန်တော်ပြောလိုက်တဲ့စကားတွေဟာ သူ့ဘဝအတွက်တော့ ဘာမှ မဟုတ် သလိုလို၊ ထမင်းစားရေသောက်ကိစ္စတစ်ခုလို့တောင် သဘောထားပုံမရဘူး။ ကက်ဆက်ဇာတ်လမ်းကို သရုပ်ဆောင်တာထက်တောင် မျက်တောင် မွေးရှည်လေး နေထိုင်ပုံလေးက ပိုပြီးပီပြင်သေးတယ်။ ကောင်မလေးက ဒီလို မှင်သေလေ ကျွန်တော်က မနေတတ် မထိုင်တတ်လေပါပဲ။ သူ့ သူငယ်ချင်းတွေပြောတဲ့ ကိုဖိုးချွန်တို့ပြောတဲ့ ရည်းစား တစ်ခါမှမထားဖူး ဘူးဆိုတာ ဟုတ်မှဟုတ်ရဲ့လား။

ညပိုင်း မိတ်ကပ်လိမ်းကြတဲ့အချိန်ကို ရောက်ချင်လှပြီ။ အဲဒီ နေ့က မနက်စာရော ညစာပါ ဘာဟင်းနဲ့ ဘယ်လိုစားလိုက်မိမှန်းတောင် မသိလိုက်ဘူး။ စားလို့လည်း မကောင်းဘူး။ ရင်ပြည့်ရင်ကယ်နေသလိုပဲ။

ဆန်းဆန်းအေးတို့ လှသိင်္ဂီတို့ ဝါဝါခင်တို့ကို လိမ်းပေးပြီးမှ ဝိုင်းတင်ကို မနေ့ညကလိုပဲ နောက်ဆုံးမှ လိမ်းပေးရတယ်။ ဒါကို ကိုဖိုးချွန်က တောစကား တောင်စကားတွေ လာပြီးပြောရင်း လေကန်နေ တာ အကြာကြီး။ မော်မော်မြင့် လိမ်းပေးတော့မှ ရုံဝင်လက်မှတ်သိမ်း ရအောင် ထသွားလို့ –

ကျွန်တော့်အနား ဝိုင်းတင်ရောက်လာတော့ သရုပ်မဆောင်နိုင် တော့ဘူးထင်တာပဲ။ ဟန်မလုပ်နိုင်ရှာတာ ထင်ပါရဲ့။ မျက်နှာသိပ်မကောင်း

ရှာဘူး။ ကျွန်တော်က သူ့အတွက် သပ်သပ်သိမ်းထားတဲ့ ဆေးဘူးတွေ ထုတ်ရင်း သူ့ဘက်မကြည့်ဘဲ –

"မနေ့က ငါမေးထားတာလေး အဖြေပေးပါဦး"

လို့ မျက်နှာပူပူနဲ့ မေးမိတယ်။ ဝိုင်းတင်ဆီက ဘာစကား၊ ဘာသံမှ ထွက်မလာဘူး။ ကျွန်တော် သူ့ဘက်လှည့်လိုက်တော့ သူ့မျက်လုံးမှာ မျက်ရည်တွေနဲ့။ ပါးပြင်ပေါ်မှာ တချို့။ အတော်ကြာမှ သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်သံ ကြားလိုက်ရတယ်။

"ဆရာရယ်၊ ကျွန်မကို မချစ်ပါနဲ့တော့၊ ကျွန်မ သတ္တိမရှိဘူး ဆရာ၊ ကျွန်မတို့နှစ်ယောက်က ဘဝအလှမ်း ကွာလွန်းပါတယ်"

သူ့ကိုခြယ်ပေးဖို့ကိုင်ထားတဲ့စုတ်တံ လွတ်ကျတော့မလို့။

"ဝိုင်းတင် သေသေချာချာနားထောင်နော်၊ နင်တို့ဘဝက သူများတွေနဲ့ မတူဘူး၊ အသက်နဲ့ရင်းပြီး လုပ်ကိုင်စားရတာ၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဆရာ"

"လောကမှာ လူ့အသက်လောက် အဖိုးတန်တာ ဘာမှမရှိဘူး။ ဒီလောက်အဖိုးတန်တဲ့ အသက်နဲ့ရင်းပြီး ဆပ်ကပ်ကပြရတာ နင်တို့ရတဲ့ ညကြေးက ဘယ်လောက်ရလို့လဲ။ နောက်ပြီးတော့ လူလိုသူလိုရတာ မဟုတ်ဘူးနော်၊ တောင်းစားတဲ့လူတွေထက် ဆိုးသေးတယ်။ တောင်းစားတဲ့ လူတွေကမှ အိပ်ရေးဝကြေလိမ့်ဦးမယ်၊ နင်တို့ကျတော့ အိပ်ရေး မဝဘဲနဲ့ တောင်းစားတဲ့လူတွေလို ပိုက်ဆံ အကြွေအနုပ်တွေကို တိုးဝှေ့ လုယက် ကောက်ကြရတာ၊ နင်တို့အားလုံးအတွက် ငါစိတ်မကောင်းဘူး။ အားလုံးရဲ့ဘဝကို ဒီထက် လုံခြုံမှုရှိပြီး ဖူလုံစေချင်တယ် နှမလေး။ ငါလည်း တတ်နိုင်သလောက်တော့ သူတို့ကို ပြောပြတာပဲ၊ ဒါပေမဲ့ ငါပြောတာက ပါးစပ်၊ ဆပ်ကပ်ဆရာပေးတာ ကျွေးတာက လက်တွေ့ဘဝ။ နီးစပ်တဲ့ လူတွေကို ရှင်းပြပေမယ့် သူတို့က ဒီလောကမှာ ခေါက်ရိုးကျိုးနေပြီ၊ ငါပြောတာတွေကို သဘောပေါက်ပေမယ့် ဒီဆပ်ကပ်အဖွဲ့ထဲကနေ စွန့်စွန့်စားစား ထွက်သွားပြီး အပြင်မှာ ဘာမှ လုပ်ကိုင်မစားတတ်ဘူး။ ငါက

လည်း အလုပ်မပေးနိုင်ဘူး။ တစ်ဖွဲ့လုံးအတွက် တာဝန်မယူနိုင်ပေမယ့် နှမလေး ဝိုင်းတင်၊ နင်တစ်ယောက်အတွက်တော့ ငါ တာဝန်ယူနိုင်တယ်။ နင့်ကို ဒီဘဝမှာ အရိုးမထုတ်စေချင်ဘူး။ နင်ကမွေးတဲ့ နင့်ကလေးတွေ ဒီဆပ်ကပ်ထဲမှာပဲ ကျင်လည်နေကြပြီး စာမတတ် ဘာမတတ်နဲ့ ကျွမ်းထိုးမှ ထမင်းစားရတဲ့ကလေးတွေ မဖြစ်ကြစေချင်ဘူး"

ဝိုင်းတင်ရဲ့ မျက်တောင်မွေးရှည်လေးတွေက သူ့မျက်ရည်တွေကို ထိန်းနိုင်စွမ်း မရှိကြတော့ဘူး။

ကောင်မလေးက ခေါင်းကို တွင်တွင်သာရမ်းနေတော့တာပါပဲ။

"နင်သာလိုက်မယ်ဆိုရင် မနက်ပွဲပြီးပြီးချင်း မန္တလေးကို ပြန်ကြမယ်၊ ဒီဘဝမှာ အနစ်မွန်းမခံစေချင်ဘူး"

"မဖြစ်ပါဘူးဆရာ၊ ဆရာ့ကို ကျွန်မ အစ်ကိုတစ်ယောက်လိုပဲ ချစ်–အဲ–ခင်ပါရစေ၊ အစ်ကိုတစ်ယောက်လို အောက်မေ့ပါတယ်"

"သေသေချာချာစဉ်းစားပြီး ပြောနေတာလား နှမလေး"

သူခေါင်းညိတ်တယ်။

"သေချာတယ်နော်"

ကောင်မလေးက ခေါင်းပဲညိတ်ပြန်တယ်။

အနားမှာရှိတဲ့ ပုံကြမ်းစာအုပ်ကို လှန်ပြီး စာရွက်လွတ်တစ်ခုမှာ ကျွန်တော့်လိပ်စာကို ခပ်သွက်သွက်ရေးလိုက်တယ်။

"ဟောဒီမှာ ငါ့လိပ်စာ၊ နင်တစ်ယောက်တည်းဆိုရင် ဘယ်အချိန်မဆို ငါ့ဆီလာခဲ့၊ နင့်အတွက် ငါ တံခါးအမြဲဖွင့်ထားမယ်"

ကျွန်တော်လည်း ကက်ဆက်ဇာတ်တွေကြည့်ပြီး ပြဇာတ်ဟန်ပေါက်နေသလား မသိဘူး။

အဲဒီညက ကျွန်တော် သူ့ကို အလှဆုံးဖြစ်အောင် အစွမ်းကုန်ရေးခြယ် လိမ်းခြယ်ပေးလိုက်တယ်။ မျက်တောင်မွေးရှည်လေးဟာ အလှနတ်သမီးလေးတစ်ပါး ဖြစ်သွားပြီ။ သူ့အဖော်တွေက သူ့ကို လှတဲ့အကြောင်း ထုတ်ဖော်ပြောယူရလောက်အောင် လိမ်းပေးမယ်လို့ပြောရင်း

တကယ်ကို အလှဆုံးဖြစ်အောင် လိမ်းခြယ်ပေးလိုက်တယ်။ ဝိုင်းတင်ရဲ့ မျက်နှာလှလှလေးအပေါ်မှာ ကျွန်တော်ရဲ့နောက်ဆုံးလက်ရာပါပဲ။ ဒီ လက်ရာမှာ စေတနာပါတယ်၊ မေတ္တာပါတယ်၊ ပြီးတော့ အလွမ်းဓာတ် ပါတယ်။

လိပ်စာ စာရွက်ကို သေးသေးဖြစ်အောင် ကိုင်ထား ဆုပ်ထားရင်း မှန်ကို ကောက်ကြည့်လိုက်တော့ ညှိုးငယ်နေရာက ဝိုင်းတင်မျက်နှာလေး ဝင်းပပျော်ရွှင်သွားလိုက်ပုံ။ ဒါပေမဲ့ အူလှိုက်သည်းလှိုက် ပျော်တာလည်း မဟုတ်ဘူး။ ဝမ်းနည်းဟန်တစ်ဝက်နဲ့၊ ဒီမျက်နှာလေး မျက်စိထဲကကို မထွက်ဘူး။ ပျော်ရွှင်နေတဲ့ မျက်နှာလေးက ခဏပါပဲ။ နောက်တော့ ဝမ်းနည်းအားငယ်တဲ့ မျက်နှာပိုင်ရှင်လေး ပြန်ဖြစ်သွားတယ်လေ။

"ဝိုင်းတင် နှမလေး၊ နောက်ညတွေ မင်း မိတ်ကပ်လိမ်းရင် ငါ့ကို အမြဲသတိရနေအောင်လို့ အလှဆုံးဖြစ်အောင် ခြယ်ပေးလိုက်တာ"

သူ့ခမျာ ဘာမှ ပြန်မပြောနိုင်ရှာဘူး။ အလွမ်းမျက်နှာလေးနဲ့ ငေးရီနေရှာတယ်။

"ဒီပြင်အချိန် သတိမရ ရှိရမယ်၊ ဆပ်ကပ်ပြဖို့ လိမ်းရင် ခြယ်ရင်တော့ သတိရနေလိမ့်မယ်ထင်တယ်"

လေးကန်တဲ့ခြေလှမ်းတွေနဲ့ မျက်တောင်မွေးရှည်လေး ထွက်သွားတော့ သူ့နောက်ကျောပြင်လေးနဲ့ တင်ဝိုင်းဝိုင်းလေးကို မကြည့်ဖြစ်အောင် တစ်ဘက်လှည့်ပြီး တောင်အီအီ မြောက်အီအီတွေလုပ်၊ ဆေးဘူးတွေ အဖုံးပြန်ပိတ်၊ စုတ်တံတွေ ဆေး၊ လျှောက်လုပ်နေလိုက်တယ်။

ဆပ်ကပ်နှစ်ခန်းပြီးလို့ တတိယအခန်းလည်းစရော ကျွန်တော့်ကို ဖိုးချွန်ကို ရုံအပြင်ဘက် အသာခေါ်လာပြီး လက်ဖက်ရည်ဆိုင် ထိုင်ကြ တယ်။ ဖန်ဆိမ့်နှစ်ခွက် မှာလိုက်ပြီး –

"နေ့လယ်က မန္တလေးကမိတ်ဆွေတစ်ယောက် လိုက်လာတယ် ကိုဖိုးချွန်၊ ပန်းချီကိုလှပိုင်က ဒီရက် ကျွန်တော် ရွှေဘိုမှာ ရှိမယ်ဆိုလို့ လိုက်လာတာတဲ့၊ အမေ နေသိပ်မကောင်းလို့ ကျွန်တော့်ကို လိုက်ခေါ်

တာတဲ့၊ မနက်ဖြန် မန္တလေးဖြတ်သွားတော့ ကျွန်တော်ဆင်းနေရစ်ခဲ့မယ်၊ အမေသက်သာတော့ မတ္တရာကို လိုက်လာခဲ့မယ်”

ကိုဖိုးချွန်က ပြောသမျှ သေသေချာချာ နားထောင်ပြီး အတည်ပြောနေတာလားလို့ တစ်ချက်လှမ်းပြီး အကဲခတ်တယ်။

“သက်သာရင်တော့ ဆက်ဆက်လိုက်ခဲ့ဗျာ၊ ခဏနေဦး၊ အမေ့ဖို့ ဓာတ်စာဖိုး ဆေးဖိုးယူဦး၊ ဆရာလည်း သုံးစရာ ရှိရင်သုံးရအောင် အသုံးယူထားလိုက်ဗျာ”

ကိုဖိုးချွန်က သူ့အိတ်ထဲက ပိုက်ဆံတွေ အထပ်လိုက် ပေးလိုက်တယ်။ ကျွန်တော်က အဲဒီပိုက်ဆံနဲ့ လက်ဖက်ရည်ဖိုး ရှင်းမယ်လုပ်တော့ သူက အရှင်းမခံဘူး၊ လက်ဖက်ရည်ဖိုး သူကပဲ ရှင်းလိုက်တယ်။

အိပ်ရာထဲရောက်တော့ စိတ်ထဲကနေ ခင်မင်တဲ့ လုပ်ဖော်ကိုင်ဖက်တွေကို တစ်ယောက်ချင်း နှုတ်ဆက်နေမိတယ်။

အဲဒီညကတော့ လုံးဝအိပ်မပျော်တဲ့ညပါပဲ။

* * *

ကားဆရာကို ကျိတ်မှာထားတဲ့အတိုင်း မန္တလေးအဝင် ကျောက်ဆစ်တန်းမှာ ကားကို ခဏရပ်ပေးတယ်။ ရပြီ ဒီနေရာက နေအိမ်ကို ခြေကျင်လျှောက်ပြန်ရုံပဲ။ ကားလည်းရပ်ရော အနားမှာရှိတဲ့ မိတ်ဆွေတွေအားလုံးကို နှုတ်ဆက်လိုက်တယ်။ ကျွန်တော်ဆင်းနေရစ်မှာကို သူတို့က ကြိုမသိကြပဲကိုး။ ဒီတော့ အံ့သြကုန်ကြတာပေါ့။ နှုတ်ဆက်သံတွေက စည်စည် ညံနေတော့ နံဘေးအိမ်တွေ၊ ပလက်ဖောင်းပေါ်က လူတွေပါ ဝိုင်းကြည့်ကုန်တာပေါ့။ ဆပ်ကပ်သမားတွေ ကျွန်တော့်အပေါ်မှာ စေတနာ မေတ္တာ ဘယ်လောက်တောင်ထားကြတယ်။ အတိုင်းအတာတစ်ခုအထိ သံယောဇဉ် ရှိကြတယ်ဆိုတာ အခုလို ခွဲရခါနီးလို့ နှုတ်ဆက်ကြတော့ ပိုသိလာရတယ်လေ။

မျက်တောင်မွေးရှည်လေးကတော့ အပီအပြင် သရုပ်ဆောင်နေတယ်။ မှင်သေဖို့ သူကြိုးစားနေရှာတယ်။ ကျွန်တော် သူ့ကို မကြည့်ဘဲ မနေနိုင်ဘူး။ ခမျာလေးလည်း တံတွေးတစ်ချက် မျိုချနေတာ တွေ့လိုက်ရတယ်။ မျက်တောင်မွေးရှည်ကြီးတွေ နှစ်ချက် သုံးချက် ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး တစ်ဘက်ကို ဇွတ်လှည့်သွားတယ်။ အဲဒါ ကျွန်တော် နောက်ဆုံး မြင်လိုက်ရတဲ့သူ့မျက်နှာလေးပါ။ တစ်ဘက်လှည့်ပြီး ဝိုင်းတင်ရဲ့ မျက်တောင်မွေးရှည်လေးတွေက ဘာတာဝန်တွေ ထမ်းဆောင်နေတယ်ဆိုတာ သူ့အနားထိုင်နေကြတဲ့ ဆန်းဆန်းအေးတို့ မော်မော်မြင့်တို့မှ သိမယ်။

ဆပ်ကပ်ကားပေါ်ကလူတွေ အားလုံး၊ အားလုံးဆိုပေမယ့် ဟို ကောင်မလေးတစ်ယောက်ကလွဲလို့ အားလုံးက ကျွန်တော့်ကို လက်ပြနှုတ်ဆက်ကြရင်း မတ္တရာဘက် ခရီးဆက်သွားကြပြီ။ လမ်းနံဘေးမှာ ကျွန်တော်တစ်ယောက်တည်း မတ်တတ်ရပ်ကျန်ရစ်တယ်။ ဆပ်ကပ်ကား မြင်ကွင်းထဲက ပျောက်မှ ခြေလှမ်းစရွေ့တယ်။ နေရာက တစ်ဖဝါးရွေ့ဖို့ အတော်အားစိုက်ရတာပါလား။

❊ ❊ ❊

အိမ်ပြန်ရောက်ပြီးစ တစ်ရက်နှစ်ရက်မှာ နေသားမကျသေးဘူး၊ သုံးလေးရက်ရှိမှ နည်းနည်းနေသားတကျ ဖြစ်လာတယ်။ အိမ်ရောက်လို့ အဝတ်ဟောင်းတွေ လျှော်စရာရှိတာတွေထုတ်၊ သိမ်းစရာရှိတာတွေသိမ်းဖို့ လက်ဆွဲအိတ်ကို ရှင်းတော့ စာအိတ်တစ်လုံးပါလား။ ဘားပြာစက္ကူနဲ့ လုပ်ထားတဲ့ ရောင်းတမ်းပေးစာအိတ်လေး၊ စာအိတ်ပေါ်မှာ ဘာမှ ရေးမထားဘူး။ စာအိတ်က ကော်နဲ့ ပိတ်ထားပေမယ့် စာအိတ်မှာပါတဲ့ ကော်က ကပ်တဲ့နေရာက နည်းနည်း၊ မကပ်တဲ့ နေရာက များနေတယ်။ ဒါနဲ့ အလိုက်သင့် ဖွင့်လိုက်တော့ ဓာတ်ပုံလေးတစ်ပုံ။ ဝိုင်းတင်ရဲ့ဓာတ်ပုံ။ ဒီကောင်မလေး ဘယ်အချိန်က ဒီလက်ဆွဲအိတ်ထဲ လာထည့်သွားပါလိမ့်။ စဉ်းစားမရဘူး။

နယ်လှည့်ဓာတ်ပုံဆိုင်တစ်ဆိုင်မှာ ရိုက်ထားတဲ့ ဓာတ်ပုံလေး၊ ကြည့်ရတာ ကျွန်တော်က အောင်မြေလို့ ကြွေးကြော်ခဲ့တဲ့ မြို့ထောင့် စေတီပွဲမှာပဲ ရိုက်လိုက်ပုံပေါ်တယ်။ ရှေးဦး ဆူပါကပ် ၅၀ စီစီ ဆိုင်ကယ် အနီလေးပေါ်မှာ မျက်တောင်မွေးရှည်လေးက သူ့ဆီမှာရှိတဲ့ အကောင်းဆုံး အဝတ်အစား၊ ဒါမှမဟုတ် သူ့လုပ်ဖော်ကိုင်ဖက်တွေမှာရှိတဲ့အထဲက သူအကြိုက်ဆုံး အဝတ်အစားတွေ ဆင်ယင်ပြီး ရိုက်ထားတယ်ထင်ရဲ့။ တီရှပ်စိမ်းပြာလေးနဲ့ ထဘီက အဝါခံမှာ အနီပွင့်တွေနဲ့။

ဓာတ်ပုံရဲ့ နောက်ခံပန်းချီကားက ပင်လယ်ပြင်နောက်ခံနဲ့ သဲသောင်ပြင်မှာ ဆိုင်ကယ်ရပ်ထားတဲ့စတိုင်။ အုန်းပင်တွေ တန်းစီလို့၊ ထိန်နေတဲ့နေလုံးကြီးနဲ့၊ လှိုင်းခေါင်းဖြူ သေးသေးလေးတွေ ကမ်းကို ဦးတည်လာနေတဲ့ပုံပါ။ မျက်တောင်မွေးရှည်လေးက သူ့ရဲ့ လှပတဲ့ လက်မောင်းအစုံက ဆိုင်ကယ်လက်ကိုင်ကို ကိုင်ထားရင်း ကင်မရာဘက် လှည့်ကြည့်နေတဲ့ပုံ။ ဆံထုံးက သူနဲ့လိုက်ဖက်တယ်လို့ ကျွန်တော် ပြောဖူးတဲ့ ဆံထုံးပုံစံလေးနဲ့။ အပြုံးကတော့ ကြိုးစားပြုံးနေတဲ့အပြုံး၊ ပင်ကိုယ် အပြုံးမဟုတ်ဘူး၊ ကင်မရာကို ကြောက်လို့ ဟက်ဟက်ပက်ပက် မပြုံးနိုင်တာလား၊ ဒါမှမဟုတ် စိတ်ထဲမှာ ဖိစီးမှုတစ်ခုခုရှိရှော့လေသလား မသိ။ အံမယ် နောက်ကျောမှာလည်း ပဲပင်ပေါက်ကွေး လက်ရေးနဲ့ စာရေးလိုက်သေးတယ်။

"မလှပေမယ့် ဆရာ့တွက် ထာရဝ၊ ဝိုင်းတင်မ" တဲ့။

ကောင်မလေးက 'ထာဝရ' လို့ ရေးချင်ပေမယ့် တကယ် ရေးတော့ 'ထာရဝ' တဲ့။ နောက်ပြီး ဆိုင်ကထည့်ပေးလိုက်တဲ့ နဂ္ဂတစ်ပါ ကျွန်တော့်ကို ပေးလိုက်ရှာတယ်။ ကောင်မလေးရေ ညည်းသိပ်အတာပဲ။ ဒီနဂ္ဂတစ်က ငါ့ကိုပေးစရာမလိုဘူး။ နင်သိမ်းထားရမှာ၊ နောင် ဓာတ်ပုံ ကူးချင်ရင် ဒီနဂ္ဂတစ်နဲ့ ထပ်ပြီးကူးလို့ရတယ်။ ဒီလို 'အ' လို့ ငါ နင့်ကို လိုက်ခဲ့ဖို့ခေါ်ခဲ့တာပဲ မျက်တောင်မွေးရှည်လေးရေ။

* * *

နေသားကျတယ်ဆိုပေမယ့်လည်း စိတ်ကတော့ မတ္တရာကိုချည်း ရောက်နေတော့တယ်။ ပန်းချီကားရေးဖို့ ပြင်ဆင်ရင်လည်း သတိရမိတယ်။ ပုံကြမ်းစာအုပ်ကို လျှောက်လှန်လှောကြည့်မိတယ်။ ပုံကြမ်းစာအုပ်ထဲက ပုံတွေကို ရေးချင်စိတ်မပေါ်ဘူး။ ဒါနဲ့ စာရွက်အလွတ်တွေပေါ်မှာ မျက်တောင်မွေးရှည်လေးရဲ့ပုံတွေ ရေးပစ်လိုက်တယ်။ ပုံတွေက ကောင်းလိုက်တာ၊ တူလိုက်သမှ ကောင်မလေးနဲ့ တစ်ထေရာတည်း။ နောက်ဆုံးည အလှဆုံးမျက်နှာလေးတောင်မှ ပါလိုက်သေးတယ်။ ဒီပုံကောင်းတွေ အနားပတ်ပတ်လည် ချထားပြီး ကင်းဗတ်ပေါ်မှာ မီးသွေးချောင်းနဲ့ ပုံကြမ်းတစ်ပုံ ရေးလိုက်တယ်။ ရေးရင်း ခြစ်ရင်းနဲ့ ကြက်သီးတွေ ထလာမိတယ်။ ဟုတ်တယ်၊ ဒီပုံပဲ၊ ကျွန်တော့် အာရုံထဲမှာ စွဲနေတာ ဒီမျက်နှာလေး ဒီအာရုံကို အမိအရ ဆေးရောင်သွင်းမှ။

ပြည့်ဖြိုးဖြိုး လက်မောင်းအလှပိုင်ရှင်ရဲ့ လက်မောင်းကနေ တံထောင်ဆစ်နားထိ ရေးခြစ်လိုက်တယ်။ လက်မောင်းပေါ်က ဓားဒဏ်ရာတွေတော့ မပါစေရဘူး။ မျက်နှာက တည်တည်ကြည်ကြည် ရဲရင့်တဲ့ မျက်နှာလေး၊ လူစားဝင်ပြီး ဓားအပေါက်ခံနေတုန်းက မျက်နှာ။ ပုံကြမ်းရေးတုန်းက မရဘဲ ကင်းဗတ်ပေါ်ကျမှ ဒီမျက်နှာကို ရတယ်။ ဖြောင့်စင်းတဲ့ နှာတံလေး။ ရှည်ပြီးကော့နေတဲ့ မျက်တောင်မွေးတွေ။ ထူထဲတဲ့ နက်မှောင်တဲ့ မျက်ခုံးမွေးတစ်စုံ။ သူ့ချစ်စရာနှုတ်ခမ်းထူတွဲတွဲလေးကို ကျွန်တော်က အလွတ်ရနေပြီလေ။ ပါးအိုးဖောင်းဖောင်းလေး၊ နက်မှောင်နေတဲ့ ဆံစတွေက လေပြင်းတိုက်နေတဲ့ဘက် မျက်နှာမူထားသလို။ တချို့ဆံစတွေက လေထဲမှာလွင့်လို့။ ဘော်ကြယ်တွေနဲ့ ဝင်းလက်နေတဲ့ သူ့ကိုယ်ကြပ်အင်္ကျီလေး ဝတ်လို့။

ဆေးရောင်သွင်းဖို့ အရောင်တွေလည်း စိတ်ကူးပေါ်ပြီးကာမှ ငါးကြီးဆီလည်း မရှိ၊ လင်းစေ့ဆီလည်းမရှိပြန်ဘူး။ ခက်တာပဲ။ တာပင်တိုင်တစ်မျိုးတည်း ရှိတယ်။ ရေးချင်စိတ်ကလည်း အတော်ကို ပြင်းပြနေပြီ။

ကိုင်း မတတ်နိုင်ပါဘူး၊ ဖြစ်ချင်ရာဖြစ်ပစေကွာ၊ မျက်တောင်မွေးရှည်လေး ထည့်ပေးလိုက်တဲ့ ကျားဆီနဲ့ တာပင်တိုင်နဲ့ပဲ ပန်းချီကားကို ရေးပစ်လိုက်တယ်။ ဆီဆေးတောင့် အနီအုပ်စုကို မြင်တော့လည်း သူ့ကို သတိရမိပြန်ရော။

စိတ်ပါလက်ပါရေး၊ စိတ်ဝင်တစား ခြယ်လိုက်တော့ မျက်တောင်မွေးရှည်လေးရဲ့ ပုံတူက ဘာကြာလိုက်လို့လဲ။ သုံးနာရီ ကျော်ကျော်လောက်ပဲ ထင်တယ်။ ဟိုးအရင်က ရေးဖူးတဲ့ ပုံတူပန်းချီကားတွေထက် ဒီပုံက မြန်တယ်လေ။ ကျွန်တော်ရေးဖူးသမျှ ပန်းချီကားတွေထဲမှာ ဒီကားလောက် အသက်ပါပြီး၊ ရေးရတာအရသာရှိတဲ့ကားမျိုး မကြုံဖူးဘူး။ ကြည့်လို့ မဝတဲ့ကား။ စိတ်တိုင်းအကျဆုံးပန်းချီကား။ ရေးပြီးတော့ ပီတိတွေ တစ်လှေကြီး ခံစားရတဲ့ပန်းချီကား။ ဒီပီတိမျိုးကလည်း ရခဲမှု။ ကျွန်တော်ရဲ့ အပြောင်မြောက်ဆုံးလက်ရာပဲ ဆိုပါတော့။ ဒီပန်းချီကား ရေးပြီးတော့ နောက်ထပ်ပန်းချီကားတွေ တော်တော်နဲ့ မရေးချင်တော့ဘူး။

❊ ❊ ❊

တစ်မနက်တော့ ပန်းချီဆရာ ဆရာညိုနဲ့ ဆရာ ပေါ်ဦးသက်တို့ နှစ်ယောက်တွဲပြီး အိမ်ကို မလာစဖူး အလာထူးကြတယ်။ ဆရာညိုက သူလက်ခံထားတဲ့အလုပ်တွေ မနိုင်မနင်းဖြစ်နေရင် ကျွန်တော့်ဆီ ပေါက်ချလာတတ်တယ်။ အခုလည်း ဘာများခိုင်းစရာ ရှိတယ်မသိဘူး။ ဆရာပေါ်ဦးသက်ကတော့ သူရေးတဲ့စာအုပ်အဖုံးမှာ စာလုံးရေးစရာရှိရင် လာခိုင်းတတ်တယ်။ ကျွန်တော့်ဆီကအပြန်မှာ သူတို့နှစ်ယောက် အမရပူရ တောင်လေးလုံးဆရာတော် ဦးပညာဇောတကို သွားကန်တော့ကြမလို့တဲ့။

ဆရာပေါ်က စားပွဲပေါ်တင်ထားတဲ့ မျက်တောင်မွေး ရှည်လေးရဲ့ ပုံတူကို မြင်တော့ သေသေချာချာ ကြည့်နေတယ်။ ဆရာညိုကလည်း ပါးစပ်ကသာ ကျွန်တော်နဲ့ အလုပ်စကားပြောနေတာ မျက်စိက ပန်းချီကားဆီ ခဏခဏ ရောက်နေတယ်။

"ခင်ဗျား ရေးတာလား"

"ဟုတ်ပါတယ်ဆရာပေါ်"

"တယ်ကောင်းပါလား၊ ဘယ်ကကောင်မလေးလဲ၊ ကောင်မလေး ကြည့်ရတာ ကျားပျို့မလေး တစ်ကောင်လိုပဲ"

"ကျွန်တော်လည်း သတ္တိခဲမလေး၊ အာဂချာတိတ်မလေး တစ်ယောက်လို ခံစားမိတယ်"

ဆရာညိုက ထင်မြင်ချက် ဝင်ပေးပြန်တယ်။ သူတို့စကားတွေ ကြားရတော့ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးတွေထလို့ –

"ဒီပန်းချီကားကို ကျားဆီနဲ့ ရေးထားတာ ဆရာပေါ်"

"ဗျာ ကျားဆီ ဟုတ်လား၊ ကြံကြံဖန်ဖန်၊ ကြက်သီးထလိုက်တာဗျာ"

ဆရာနှစ်ယောက်ရဲ့မျက်နှာတွေက တည်ကြည်ဝင်းပတဲ့ အပြုံးကိုယ်စီနဲ့ ကျွန်တော့်ကို ကြည့်နေကြတယ်။

ကျွန်တော့်ခေါင်းပေါ်မှာ ဆရာညိုနဲ့ ဆရာပေါ်ဦးသက်တို့ ချီးမြှင့်တဲ့ သံလွင်ခက်သရဖူတစ်ခု ရှိနေသလို ခံစားနေရတယ်။

ရွှေအမြုတေမဂ္ဂဇင်းမှာ ၂၀၀၀ ပြည့်၊ ဇူလိုင်၊ ဩဂုတ်နဲ့ စက်တင်ဘာ




ဟူးကောင်းည
သက်ငြိမ်ရေဆေး

# ဟူးကောင်းည သက်ငြိမ်ရေဆေး

ဘိုး စ,လိုမ့်လိုက်ကတည်းက အိမ်ကိုလွမ်းတဲ့စိတ်က မော်တော်ကားဘီးနဲ့အတူ ကပ်ပါလာတယ်။ သွားရမယ့်ခရီးက ဘယ်နှမိုင်ဝေးလို့ဝေးမှန်းမသိ။ တစ်ခါမှ မရောက်ဖူးတဲ့ဒေသ၊ ကြားတောင်မှ မကြားဖူးပါဘူး။

၆၀၀၀ိ/– … ၆၀၀၀ိ/– … ၆၀၀၀ိ/–၊ ငွေ ၆၀၀၀ိ/– က သံပတ်တင်းတင်းပေးထားတဲ့ တိုင်ကပ်နာရီတစ်လုံးရဲ့ ချိန်သီးလို ငါ့ရင်ဘတ်ထဲမှာ လွဲနေတယ်။ ရွာက အတူထွက်လာကြတဲ့ အကောင်နှစ်ကောင်ရဲ့ မျက်နှာတွေကရော။ ဝတုတ်မျက်နှာက ငေးရီရီနဲ့။ ထွေးမောင်ကတော့ သူသိပ်ချစ်တဲ့ အမေ့ကို သတိရနေပုံပဲ။

အဲဒီငွေ ၆၀၀၀ိ/– သာ မယူခဲ့မိရင် ဘယ်လောက်ပဲ ဝေးပါစေ ချက်ချင်းခုန်ဆင်းနေရစ်ပြီး ငါလှည့်ပြန်မိမှာပဲ။ ဩော် ဒီငွေဟာ အိမ်ကကောင်မကြီးနဲ့ ငါနဲ့ တစ်ကွဲစီဖြစ်အောင်လုပ်ပြီး ငါ့ကို ဒီတောတွေထဲ တွန်းပို့နိုင်တဲ့အင်အား ရှိနေတာပါလား။ အိမ်ကကောင်မကြီးကို၃၀၀၀ိ/– ပေးခဲ့၊ ငါက ၃၀၀၀ိ/– အိတ်ထဲထည့်ခဲ့မိပါပေါ့။ မော်တော်ကား တစ်ခါမှ မစီးဖူးတဲ့ငါ့မှာ ကားမမူးပဲ ငွေမူးနေတာလား။ ခုချိန်မှာ ငါတို့အတွက် ဒီငွေဟာ ကောက်ရိုးတစ်မျှင်လား၊ ဖုတ်သွင်းရထားလား။

ဟောဒီလမ်းကို လီဒိုလမ်းလို့ ဘာလို့ခေါ်တာလဲ၊ ငါမသိဘူး။ ငါသိတာ ဒီလိုလမ်းတစ်ဘက်တစ်ချက်ဟာ ရန်သူတော်ငှက်ဖျားရောဂါရဲ့ မဟာမိတ်ဒေသ ဆိုတာပဲ ငါသိတယ်။ စိမ်းညို့နေတဲ့ သစ်တောထူထူ သစ်ရွက်ခြောက် သစ်ရွက်ဆွေးတွေအပေါ်က ပယင်းညို မိုးရေတွေ၊ ဝါးရွက်ခြောက်နဲ့ သစ်ကိုင်းခြောက် သစ်ပင်ဆွေးတွေကြားမှာ အဆိပ်ပြင်းပြင်း မှိုတွေက ပွင့်နေလိုက်သေးတယ်။ တကျီကျီ တကျာကျာနဲ့ ငှက်တွေက အော်လိုအော်နဲ့။ ပတ်ဝန်းကျင်ကြည့်ရတာနဲ့ကို အဖျားတက်ချင်စရာ။

ဟ – မော်တော်ကားက ဘာလို့ အရမ်းမောင်းနေရတာတဲ့လဲ။ ဟ – သူ့အမေလူ ... လို့ ချိုင့်ထဲချမောင်းရတာလား။ အူတွေ ပြုတ်ထွက်တော့မယ်။ ကားကို မြန်မြန်မောင်းလေ ငါ့အိမ်နဲ့ ဝေးဝေးသွားလေပါလား။ သစ်ပင် ဝါးပင်တွေက ရိပ်ခနဲ ရိပ်ခနဲ နောက်မှာကျန်ခဲ့တယ်။ ရှေ့က သစ်ပင်စောက်ကြီးတွေကလည်း အရှိန်နဲ့ ပြေးပြေးလာနေကြတယ်လေ။

ရမထာ၊ ခတင်၊ ပြန့်၊ ရေကြိမ်တွေ ခုတ်ရမယ်။ ဒီကြိမ်တွေ ခုတ်ရင် ငွေတွေရမယ်။ ငွေတွေက ရလိုက်သမှ တစ်ရက်ကို ၂၀၀၀ိ/–၊ နှစ်ရက်ဆို ၄၀၀၀ိ/–၊ သုံးရက်ဆိုရင် ၆၀၀၀ိ/–၊ လေးရက်ဆိုရင် ... အင်း လေးရက်ဆိုရင် 'ဟေ့ကောင် ထွေးမောင် လေးရက်ဆိုရင် ဘယ်လောက်လဲ'၊ အရေးထဲ အမေ့လွမ်းနေတဲ့ ထွေးမောင်က မဖြေနိုင်ပြန်ဘူး။ အလကားကောင်။

ဟော လိမ္မော်ပင်တွေ၊ ဟိုမှာ တညင်းပင်တွေ၊ ကျွဲတွေပါလား၊ ဟော လက်ဝါးကပ်တိုင်၊ ခြေတံရှည်တဲလေးတွေနဲ့ ရွာတစ်ရွာပါလား။ ဟိုမှာ ဆိုင်းဘုတ်၊ ဘာတဲ့ ဟာ – ကားဆရာ ရွာနာမည်မှ ဖတ်လို့မပြီးသေးဘူး။ ကားကို ဒီလောက်အမြန်မောင်းရသလား။

သြော် ရွာကလေးကလည်း တိတ်လို့ ဆိတ်လို့ပါလား။ လူသူနည်းတာတော့ မဖြစ်နိုင်ဘူး။ တောင်ယာထဲ ဆင်းနေကြသလား။ ရွှေမှော်တွေထဲပဲ ရောက်ကုန်ကြသလား။ ဒါမှမဟုတ် မိုးအေးအေးနဲ့ ချိုးကွေးကွေး

နေကြလေသလား။ မဟုတ်မှလွဲရော ကြိမ်ခုတ်လို့ရတဲ့ ပိုက်ဆံတွေ လင်မယားနှစ်ယောက် အိမ်ထဲမှာ ခေါင်းချင်းဆိုင်ပြီး ရေနေကြရော့သလား။

ငါတို့လင်မယားတော့ ကြိမ်ခုတ်လို့ရတဲ့ ပိုက်ဆံတွေရရင် ရွာပြင် ထွက်ရေရကောင်းမလား၊ ချောင်းဖျားသွားရေရကောင်းမလား၊ ဟိုဘက် တဲက ကောင်မ တွေ့သွားသိသွားလို့ မဖြစ်ဘူး။ ဒီကောင်မက စိတ်ရင်းက ခပ်ပုပ်ပုပ်ရယ်။ ချေးထား၊ ငှားထားတဲ့သူတွေဆီ မိုးရွာနေရင် ထီးဆောင်းပြီး သွားပြောမယ့်ကောင်မမျိုး။ အခုလို ကြိမ်ခုတ်ပြီး ပြန်လာတယ်လို့များ ကြားလိုက်ရလို့ကတော့ ဘာပြောကောင်းမလဲ။ ဖြဲစပ် ဖြဲစပ်နဲ့ အိမ်ကို လာလည်ဦးမှာ မြင်ယောင်သေးတယ်။ ဒီအရေးတွေမြင်လို့ အိမ်က ကောင်မကြီး ပါးစပ်အပေါက်ကြီး အပိတ်ခိုင်းပြီး တိတ်တိတ် ထွက်ခဲ့ရ တာ။

အောင်မယ်လေး တံတားတွေကလည်း ခနော်ခနဲ့တွေပါလား။ တကျွိကျွိ တလှုပ်လှုပ်နဲ့ အခန့်မသင့်လို့ မော်တော်ကားပါ ထိုးကျသွားမှဖြင့်၊ ဟိုအကောင် ထွေးမောင်က ငိုက်နေပြီ၊ ကြည့်၊ ဘာမှ အကြောက်အလန့် မရှိတဲ့ အကောင်။ ကားခကလည်း တစ်ယောက်ကို ငွေ ၁၀၀၀ိ/– တဲ့။ လူတိုင်း ထုတ်ပေးလိုက်ကြတယ်လေ။ ဟ–ဒါဆိုရင် ဒီကားပေါ်က ခရီးသည်တွေ အားလုံးက ကြိမ်သွားခုတ်ကြမယ့်သူတွေပေါ့။

ဓားခေါင်းက 'ရှင်ဗွေယန်' ရွာကနေ စောင့်နေမယ်လို့ ပြောတာ ပဲ။ ဓားခေါင်းနာမည်က ဟိုဇာတ်နဲ့ဆိုင်တဲ့နာမည်မျိုးပါ။ ပါးစပ်ဖျားတင် သြော် 'ပွဲအောင်' တဲ့။ ဇာတ်တွေ ပွဲတွေ ဝါသနာပါတယ်ထင်ပါရဲ့။ ဒီလူ စကားပြောရင် မင်းသားဟန် မင်းသားပြော ပြောတဲ့လူ။

'ရှင်ဗွေယန်' ... 'ရှင်ဗွေယန်' သူပြောပုံက အဲဒီရွာမှာဆင်းပြီး ခရီးဆက်ရဦးမယ့်ပုံပဲ။ အခုကိုပဲ တနိုင်းနဲ့ အဝေးကြီးဝေးခဲ့ပြီလေ။ တနိုင်း ဆိုတာ နမ္မတီးနဲ့ အဝေးကြီး။

ဟော ရွာတစ်ရွာ၊ ဘာတဲ့ 'ရှင်လုံဂါ'။ တနိုင်းသို့ ၁၂ မိုင်၊ ရှင်ဗွေယန်သို့ ၃၂ မိုင်တဲ့။ ဖွီး ... အဝေးကြီးလိုပါသေးတယ်။

ကားဆရာကတော့ မြန်မြန်မောင်းပါရဲ့။ တချို့ရွာတွေမှာတော့ ပစ္စည်းအတင်အချနဲ့ ခရီးသည် အတင်အချ လုပ်နေတာ တမေ့တမောကြီး၊ ကားစက်သံက တစ်တောလုံး ဟိန်းနေအောင်မြည်သလို ကျင်းတွေ ချိုင့်တွေ ကွေ့ရှောင်လိုက်၊ မရှောင်နိုင်တဲ့အခါ 'ဂျိုင်း' ခနဲ ကျသွားလိုက်နဲ့။ တစ်ခါ တလေကျတော့ ဟဲ့ သောက်ခွေး ပြောတွင်းဆိုတွင်း ရပ်သွားပြန်ပြီ၊ ဘရိတ် ဆောင့်အုပ်လိုက်တာ ကားအမိုးကိုင်းနဲ့ညှပ်ပြီး ရင်ဘတ်ကို အောင့်သွားတာပဲ။

အလို ရှေ့မှာ ချောင်းကြီးက ကန့်လန့်ခံနေပါလား။ ဘာချောင်း၊ တရုံချောင်း ဟုတ်လား။ ဒီချောင်းကြီးကို ကားနဲ့ ဖြတ်ကူးလို့ ရပ့ါမလား။ ဘုရား ... ဘုရား ကားဆရာက ကားကို ချောင်းထဲမောင်းချလိုက်ပြီ။ အောင်မယ်လေး မျောများပါသွားမှဖြင့် အိမ်ကကောင်မကြီး မုဆိုးမ ဖြစ်ရစ်တော့မယ်။

ကားဆရာက ငါတို့အသက်ထက် သူ့ကားကို တန်ဖိုးထားပုံပေါ် တယ်။ ချောင်းရေတွေအောက် ကားဘီးအမြင့်ကြီးတွေကို မြုပ်နေကြပြီ၊ ရေစီးကလည်း သန်လှပါလား။ ကားက တစ်ခါတလေ ဘေးတိုက်တောင် မျောပါသွားလိုက်သေးတယ်။ နံဘေးက ဝတုတ်ကတော့ မျက်တောင်ခတ်ဖို့ မေ့နေပုံပဲ။ ထွေးမောင်ကို ဘယ်သူက နှိုးလိုက်တယ်မသိဘူး။ အိပ်ချင် မူးတူးနဲ့ မျက်လုံးကြီးပြူးပြဲလို့ ချောင်းအလယ်ရောက်နေတဲ့ သူ့ကိုယ်သူ အံ့သြ ထိတ်လန့်နေတယ်။ ဟူး – တော်ပါသေးရဲ့။ ဘုရားသိကြားမလို့ ကမ်းပေါ်ကို ချောချောမောမော ရောက်သွားတယ်။ ဒါကြောင့်လည်း ကားခ ၁၀၀ဝိ/– တောင်းတာ ဖြစ်မယ်။

တရုံရွာထဲက နာဂမိသားစု လက်ဖက်ရည်ဆိုင်ဆိုတဲ့ ဆိုင်ရှေ့မှာ ကားရပ်ပြီး ကားဆရာက လက်ဖက်ရည်သောက်တော့ ခရီးသည်တချို့ လည်း လက်ဖက်ရည်ဝင်သောက်ကြတယ်။ ငါတို့ကတော့ ကျန်ကောင်း ကျန်ရာငွေထဲက လက်ဖက်ရည်ဖိုး အကုန်မခံနိုင်ဘူး။ လက်ဖက်ရည်

တစ်ခွက်ကုန် စီးကရက်တစ်လိပ် ဖွာချိန်လောက်ကြာတော့ ကားဆရာ ပြန်ထွက်လာပြီး ဟွန်းတွေတီးပါရောလား။ ဟိုရောက် ဒီရောက် ရောက်နေတဲ့ ခရီးသည်ကို ပြန်စုလိုက်တာလေ။

❊ ❊ ❊

ဘယ်သူက ပြောလိုက်တယ်မသိဘူး။ ရှေ့ကမြင်နေရတဲ့ရွာက 'ရှင်ဖွေယန်' ဆိုတဲ့ စကားက ခရီးသည်ချင်းပြောရင်း လူတွေအားလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြတယ်။ ရှင်ဖွေယန်မှာ ရွှေမော်လည်းရှိတယ်။ ဒုတိယကမ္ဘာစစ်လက်ကျန် ကတ္တရာစေးပုံးတွေလည်း အပုံအပင် ရှိတဲ့ အကြောင်းပြောရင်း ဟော ဟော ဟိုဟာ စစ်လေယာဉ်ကွင်းဟောင်းတဲ့။ ငါလည်း လေယာဉ်ပျံရှိတာမဟုတ်ဘဲ သူများကြည့်တဲ့ဘက် လိုက်ကြည့်ရသေးတယ်။ သြော် စပယ်ရာက ညှော့လမ်းညွှန်လုပ်နေတာကိုး။

ကားဆရာနဲ့ ဓားခေါင်းတို့ ချိန်းထားကြသလား အောက်မေ့ရတယ်။ ကားရပ်တဲ့နေရာတည့်တည့်မှာ ဓားခေါင်းက တော်ပါတစ်လက်မှာ စီးကရက်ကိုထည့်ပြီး ဇိမ်နဲ့ ဖွာနေတယ်။ တော်ပါဝါးပြောင်းထဲမှာ ထည့်ထားတဲ့ ရေတွေ ဂလု ဂလုနဲ့ မြည်သံကို အတိုင်းသား ကြားနေရတာပေါ့။ ခြေထောက်နှစ်ချောင်း ကြက်ခြေခတ်ပြီး ဒူးကိုနန့်နေရင်း ကားပေါ်က ဆင်းနေတဲ့ ငါတို့လူသိုက်ကို မြိန့်မြိန့်ကြီး ကြည့်နေတယ်။

နှစ်ယောက်၊ သုံးယောက်လောက်ပဲ ကားနဲ့ဝေးရာကို ထွက်သွားကြပြီး ကျန်တဲ့လူတွေကတော့ ဓားခေါင်းစုထားတဲ့လူတွေပဲပေါ့။ ကြိမ်ခုတ်ကြမယ့်သူတွေက နမ့်ခုတ်ရွာက ငါတို့သုံးယောက်ပါ အားလုံး ဆယ့်နှစ်ယောက်။

အလို ကြိမ်တစ်လုံးမှ မခုတ်ရသေးခင် လက်ရုံးတွေ လှုပ်လှုပါလား။ ညာလက်ရုံးလှုပ်နေတာလေ။ နိမိတ်ကောင်းသတဲ့။ လှုပ်လိုက်စမ်း၊ ထပ်လှုပ်လိုက်ဦးဟ။

ကားပေါ်ကဆင်းပြီး ဓားခေါင်းဦးဆောင် ခေါ်တဲ့နောက် အားလုံး လိုက်ခဲ့ကြတယ်။ လူတွေအားလုံးရဲ့ ခြေလှမ်းက တက်ကြွနေကြတယ်။

ငါ့ရဲ့ခြေလှမ်းတွေက ဘာလို့ လေးနေရတာတဲ့လဲ။ ငါတစ်ယောက်တည်း လူတန်းရှည်ရဲ့ ရှေ့နားဆီကနေ အလယ်နား၊ အလယ်နားကနေ တဖြည်းဖြည်း နောက်ဆုံးကို ရောက်နေပါလား။

လျှောက်လိုက်ရတာ၊ လျှောက်လိုက်ရတာ၊ ဘယ်လောက်ဝေးမှန်းကို မသိဘူး။ ကြိမ် ... ကြိမ် ... ကြိမ် ... ကြိမ်တွေခုတ်ရင်၊ ငွေ ... ငွေ ငွေတွေရမယ်။ ငါ့ခေါင်းထဲမှာ ဒါပဲရှိတယ်။ တစ်ခါတလေလည်း အိမ်က ကောင်မကြီးကို မျက်လုံးထဲမှာ မြင်ယောင်တယ်။ အခုလို ရက်ရှည်ရှည် တစ်ခါမှ မခွဲစဖူးပဲ။ ဆံပင်စုတ်ဖွား၊ ထဘီရင်လျားနဲ့ ခေါင်းကို ဖြင်းဖြင်းမြည်အောင် ကုတ်နေတဲ့ပုံချည်း မြင်မြင်နေတယ်။ သူစိတ်လိုလက်ရရှိမှ သနပ်ခါးလေး ဘာလေး လူးတတ်တယ်။ စိတ်လိုလက်ရရှိတဲ့နေ့ကလည်း ခပ်နည်းနည်း မဟုတ်လား။

ငွေ ... ငွေ ... ငွေရရင်ကော၊ အင်း ... ငွေရပြီဆိုရင်တော့ လုပ်စရာတွေ လုပ်ချင်တာတွေ တစ်ပုံတစ်ပင်ကြီး။ တဲပြင်မိုးမယ်၊ ဒန်အိုးလေးတစ်လုံးလည်း ဝယ်မယ်၊ အကြွေးတွေဆပ်မယ်၊ ခါးလှဖို့ မစဉ်းစားသေးပါဘူး။ ဟောဒီပါးစပ်၊ ပါးစပ်အတွက် ဦးစားပေးရမယ်။ အို ... လုပ်စရာတွေ၊ ဝယ်စရာတွေက ဟောဒီ လီဒိုလမ်းတစ်လျှောက် ပေါက်နေတဲ့ သစ်ပင်တွေထက် များလိမ့်ဦးမယ်။ ဒါ ငါတစ်ယောက်တည်းရဲ့ စိတ်ကူးပဲ ရှိသေးတယ်။ အိမ်ကကောင်မကြီး စိတ်ကူးတွေနဲ့ ပေါင်းပြီး လင်မယားနှစ်ယောက် စိတ်ကူးတွေသာ တန်းစီချလိုက်ရရင် ဘာပြောကောင်းမလဲ၊ ဟိုး ငါတို့ နမ့်ခုတ်ရွာကနေ တနိုင်း၊ တနိုင်းကနေ ရှင်ဗွေယန်၊ ရှင်ဗွေယန်ကနေ ဟူးကောင်းလွင်ပြင်ကျယ်ကြီးဖြတ်ပြီး ပတ်ကွိုင်တောင်တန်းတွေ နာဂတောင်တန်းတွေ ကျော်ထွက်သွားလိမ့်မယ်ထင်တယ်။

လူသွားလမ်း ပြောင်ပြောင်လေးကနေ ညာဘက်ကို မသိမသာ ခပ်စွေစွေလေး ဖဲ့ဆင်းခဲ့ကြတယ်။ ငှက်ပျောရိုင်းပင်တွေ၊ တောင်ပိုးစာပင်တွေ၊ ဝါးတောတွေကြား တိုးတိုးဝှေ့ဝှေ့ လျှောက်ကြရတာပေါ့။ နေရောင်ကလည်း တဖြည်းဖြည်း နည်းလာပြီ။ ဓားခေါင်း ပွဲအောင်ရဲ့ ခြေလှမ်းက

အောင်ပွဲရ စစ်သူကြီးတစ်ယောက်ရဲ့ခြေလှမ်းမျိုး။ ဂုန်းပင်တွေ၊ ဝါးပင်တွေကျော်လာတော့ ချောင်းတစ်ချောင်းနဲ့ ယှဉ်လျက်လမ်းကလေးအတိုင်း လျှောက်ရပြန်ရော။

လျှောက်ရင်း သွားရင်း လျှောက်ရင်း ဟိုးခပ်လှမ်းလှမ်းက မီးခိုးငွေ့ငွေ့လေး အူထွက်နေတာ တွေ့လိုက်ရတော့ ဝမ်းသာလိုက်တာ။ အားတက်မိတယ်။ လူသူမနီးတဲ့ တောကြီးထဲမှာ လူရှိတဲ့ အရိပ်အယောင် အခိုးအငွေ့ကလေး။ ပုစဉ်းရင်ကွဲသံတွေက ကျယ်ရာကနေ တိုးသွားလိုက်၊ ဟော ဖြုန်းဆို ပြန်ကျယ်သွားပြန်ရော။ ငှက်ဖျားရောဂါ မရှိသေးတဲ့ လူတစ်ယောက်ဟာ ဟောဒီအရပ် နေခဲ့ပြီးမှ ငှက်ဖျားမဖြစ်ဘူးဆိုရင် ယုံနိုင်စရာမရှိတဲ့အရပ်ပါပဲ။

ဝါးတဲ ၄ လုံးပါလား။ အံမယ် ရန်းရွက်တွေမိုးလို့။ ဓားခေါင်းက အဲဒီတဲတွေဆီ ဦးတည်သွားနေတယ်။ တဲထဲကလူတွေကလည်း ငါတို့လူသိုက်ကို လှမ်းစူးစမ်းနေကြတယ်။ ငါတို့လူသိုက် အဲဒီတဲတွေနားကနေ ဖြတ်ပြီး ချောင်းကမ်းပါးတစ်လျှောက် ဆက်လျှောက်ခဲ့ကြတယ်။ ငါသိလိုက်ပြီ၊ ဒီလူတွေလည်း ကြိမ်ခုတ်လုပ်သားတွေပဲ။ ထမင်းအိုးတည်သူတည်၊ ချောင်းထဲ ရေချိုးဆင်းသူဆင်းနဲ့။ ကြိမ်တွေက ဟိုတစ်စု ဒီတစ်စုနဲ့။

နောက်ထပ် တဲ ၄ လုံးကိုတွေ့တော့မှ ဓားခေါင်းက ငါတို့ကို ဒီတဲတွေထဲမှာ တိုးဝှေ့ပြီး တစ်ညတော့ ဖြစ်သလို အိပ်လိုက်ကြဦးတဲ့။ မနက်ဖြန်မှ ကိုယ့်ဘာသာ တဲထိုးပြီးနေကြလို့ ပြောတယ်။ တဲတွေရဲ့ ပတ်ဝန်းကျင်မှာ ကြိမ်တွေခုတ်ပြီး ပုံထားတာ မနည်းလှပါလား။ ဒါ ပိုက်ဆံတွေပဲပေါ့။

ဓားခေါင်းက တဲရှင်တွေနဲ့ ငါတို့ကို အသိဖွဲ့ပေးတယ်။ ပြီးတော့ ငါတို့ခုတ်ရမယ့် ကြိမ်တွေ အမျိုးအစား ခွဲပြနေတယ်။ သူပြတုန်းက သေသေချာချာကြည့်ထား မှတ်ထားရတာလေ။ ဒါ ရမထား၊ ဟောဒါ ပြန့်ကြိမ်၊ ဒါက ရေကြိမ်လို့ ခေါ်တယ်။ ဟိုအပုံက ခုတင်ကြိမ်။ အရှည်က

အနည်းဆုံး ၁၃ ပေ ရှည်ရမယ်။ ၁၃ ပေ အောက်လျော့ရင် လက်မခံဘူး။ အပယ်ပုံထဲ ပို့လိုက်မှာတဲ့။

ကြိမ်ဟာ ငါ့အတွက်တော့ ပိုက်ဆံပဲ မဟုတ်လား။ ဓားခေါင်းပြထားတဲ့ ပြန့်တွေ၊ ရမထာ စတဲ့ ကြိမ်တွေကို သေသေချာချာ မှတ်မိအောင် ထပ်တလဲလဲ ကြည့်ထားရတယ်။

ညစာကို ကပျာကယာချက်လိုက်ကြတယ်။ ရောက်နှင့်တဲ့ ကြိမ်ခုတ်လုပ်သားတွေက သူတို့ရှိတဲ့ ဟင်းတချို့ မျှတကျွေးကြပါရဲ့။ ဥရင်ကောက်ညှန့်ကိုပြုတ်ပြီး မြေပဲဆန်လေးနဲ့ သုပ်ထားတဲ့အသုပ်က ပင်တိုင်ဇာတ်လိုက်ဟင်းပဲပေါ့။

တစ်တဲတည်း အတူတူအိပ်ကြရမှာဆိုတော့ မအိပ်ကြခင် စကားစမြည် ပြောကြရင်း မိတ်ဆွေဖွဲ့ကြတယ်။ သူတို့အထဲမှာ မလှိုင်နယ်သားတွေလည်း ပါ၊ မုံရွာနယ်သားတွေရော၊ ဟိုး ဖိုးဝင်းတောင်ကလူတွေရော စုံလို့။ နိုင်ငံတကာ လေယာဉ်ကွင်းသစ်ကြီးရှိတဲ့ တံတားဦးကလည်း ပါသလို၊ မင်းနေပြည်တော်ဟောင်းဖြစ်တဲ့ အင်းဝကလူတွေလည်း ပါတယ်။

စကားတွေကတော့ သောင်းပြောင်းထွေလာတွေပါပဲ။ ဖိုးဝင်းတောင်မှာ မျောက်တွေပေါတဲ့အကြောင်း ပါသလို၊ ကြေးစင်တောင် ကြေးထုတ်လုပ်ပုံတွေလည်း ပါတယ်။ မလှိုင်နယ်သားတွေ စိုက်ကြတဲ့ ဝါပင်တွေအကြောင်းလည်း ပါရတာပေါ့။ တံတားဦးသားတစ်ယောက်ပြောကြတဲ့ သူတို့ဆီက လေယာဉ်ကွင်း ဆိုတာကြီးက နည်းတာကြီးမှမဟုတ်ဘဲ။ သူ့အပြောအရတော့ ကွင်းအကျယ်က နောင်မွန်ရွာနဲ့ ကျောက်အိုက်နှစ်ရွာလောက်တောင် ကျယ်ဦးမယ်။ ငါတို့ စကားပြောနေကြတဲ့ နေရာနဲ့ ဟိုးဝေးဝေးက တောတန်းလေးထက် မလျော့ဘူး ဆိုရင် နည်းတဲ့ကွင်းကြီးလား၊ ရောမကြီး။

အရေးထဲ ကြိမ်တောတိုးရင် မရှိမဖြစ် ပွိုင့်ဖိနပ် ဆိုတာကလည်း လိုသေးတယ်တဲ့။ ဘာတုန်း ပွိုင့်ဖိနပ် ဆိုတာ။ ကြိမ်တို့၊ ဆူးတို့၊ ညောင့်တို့ မစူးအောင် ကာကွယ်တဲ့ တောစီးဘွတ်ဖိနပ်တဲ့၊ တရုတ်လုပ်။

ဒီနေ့လာကြတဲ့ ၁၂ ယောက်မှာ လထော်ဖော်ရန် ကချင်လူမျိုး၊ လဝါရွာသား နှစ်ယောက်ပဲ ပွိုင့်ဖိနပ် ပါလာကြတယ်။ တစ်ရန် ၄၅ဝိ/– နဲ့ တနိုင်းဈေး ထဲက ဝယ်လာသတဲ့။ ဖွီး ၄၅ဝိ/– ဆိုလည်း ၄၅ဝိ/– ပဲ မဝယ်မဖြစ်၊ မရှိမဖြစ် ဆိုတော့လည်း ဝယ်ရတော့မှာပေါ့။

ခရီးပန်းလာလို့ ဒီညတော့ ခေါင်းချရင် တုံးခနဲ အိပ်ပျော်မယ် ထင်တာ၊ ဘယ် တော်တော်နဲ့ အိပ်ပျော်လို့လဲ။ ဒီကြားထဲ အင်းဝကလူနဲ့ ဖိုးဝင်းတောင်ကလူနှစ်ယောက် အချီအချ ဟောက်နေလိုက်ကြတာ။ သူတို့ ဟောက်သံကြောင့် တော်ရုံတန်ရုံ သားကောင်တွေ အနားမကပ်ရဲလောက် ဘူး။ တလူးလူး တလိမ့်လိမ့်နဲ့ လင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားတယ် ထင်တာပဲ။ နာရီသံချောင်း၊ အုန်းမောင်းခေါက်သံ ကြေးစည်ထိုးနိုင်တဲ့ အရပ်မှ မဟုတ်ပဲလေ။ အတူအိပ်ကြတဲ့လူတွေနိုးတော့ ငါပါနိုးတာပေါ့။

နံနက်မိုးလင်းတော့ နောက်ဆုံးရောက်ကြတဲ့လူ ၁၂ ယောက် အတွက် တဲထိုးကြမလို့။ တဲတစ်လုံးတည်း ခပ်ကြီးကြီးထိုးမလား၊ ၆ ယောက်စီခွဲပြီး တဲနှစ်လုံးထိုးကြမလား တိုင်ပင်ကြတာ။ နောက်ဆုံး တဲ နှစ်လုံးပဲ ထိုးဖြစ်သွားတယ်။ ဝါးတွေကလည်း ဝယ်ရတာမဟုတ်၊ မြေကြီး ကလည်း ကြိမ်တွေခုတ်ထားတော့ တော်တော်ရှင်းပြီးလင်းပြီး ဖြစ်နေပြီလေ။ ငါတို့ နမ့်ခုတ်ရွာသား ၃ ယောက်နဲ့ နမ္မတီး ကံလှနယ်သား ၃ ယောက်တို့ ပေါင်းပြီး တဲတစ်လုံး ထိုးကြတယ်။ အရင်ရောက်နှင့်ကြသူတွေကပါ ကူညီလုပ်ပေးကြတော့ နေ့လယ်စာ စားချိန်မှာ တဲက ရပ်လုံး အတော်ပေါ် နေပြီ။ တော်ပါတစ်လက်နဲ့ စီးကရက် ဖွာရှိုက်ရင်း ဓားခေါင်းက ငါတို့ အလုပ်လုပ်နေတာကို ပြုံးပြုံးကြီးကြည့်နေတယ်။ တဲဆောက်ပြီးရင် ညနေ စာစားဖို့ ချက်ကြပြုတ်ကြမယ်။ ရှင်ဗွေယန်ချောင်းထဲဆင်းပြီး ရေချိုးကြ မယ်။ ပြီးရင် ညစာစား၊ တဲအသစ်မှာ ခါးဆန့်ရင်း ထမင်းလုံးစီရုံပဲ။

* * *

ငါ – မသားဓားခေါင်း သက်သက်မဲ့ရင့်တာ။ ဒီပွိုင့်ဖိနပ်ကို ၇ဝဝိ/– တဲ့။ ရက်စက်လိုက်တဲ့အကောင် မတန်မှန်းအသိသား။ မနေ့ကမှ

တနိုင်းက ဝယ်လာခဲ့တဲ့ လဝါရွာသားတွေက ၄၅ဝိ/– ပဲ ပေးခဲ့ရတယ်လို့ ပြောပါပကော။ လက်ငင်းမပေးရပါဘူး။ ကြိမ်ခုတ်လို့ရတဲ့ လုပ်အားခထဲက နှိမ်သွားမှာပါတဲ့။ ဟိုနေ့က တော်ပါတစ်လက်နဲ့ စီးကရက်ကို ဖွာရှိုက်ရင်း ပြုံးမြိန့်မြိန့် မျက်နှာကြီးကို မြင်ယောင်တယ်။ ဒီကောင့်ပိုက်ဆံတွေ ငါ့မှာ စူးနေလို့သာပေါ့။

ကြိမ်က ငါတို့တဲနဲ့နီးနီးမှာ မရှိတော့ပါဘူး။ ငါတို့တဲတွေကနေ ကြိမ်တွေရှိရာကို နှစ်မိုင်လောက်တော့ လမ်းလျှောက်သွားရသေးတယ်။ ဒါလည်း ကြိမ်ခုတ်မယ့်သူတွေကများတော့ ခပ်သုတ်သုတ်လျှောက်ကြရတာ။ စံချိန်မီမယ်လို့ထင်တဲ့ ကြိမ်တွေကို ခုတ်။ ကြိမ်က ဆူးတွေကို ဖယ်ပစ်ရတယ်။ လုပ်နေကျမှမဟုတ်တာ။ ဆူးစူးတာပေါ့။ အစတော့ ဘယ်ကျွမ်းကျင်လိမ့်ဦးမလဲ။ သူများခုတ်တာ ရှင်းတာကို အတုခိုးရတာပေါ့။

ရောက်ခါစမှာ တစ်နေ့ ကြိမ် ၅ဝ ဝန်းကျင်လောက် ခုတ်နိုင်တော့၊ တစ်နေ့ ငွေ ၅ဝဝိ/– ပေါ့။ တစ်ခါတလေလည်း ကြိမ်ပေါရင် ၁ဝဝ လောက် ခုတ်နိုင်တယ်။ ဒါဆိုရင် တစ်နေ့ဝင်ငွေ ၁ဝဝဝိ/–။ ဓားခေါင်း ပွဲအောင် တစ်ယောက်တည်းရဲ့ လူတွေချည်း ဒီတောထဲမှာ ခုတ်နေတာမှ မဟုတ်ဘဲ။ ကြိမ်ထုတ်တဲ့ ကုမ္ပဏီတွေက အများကြီး။ ဓားခေါင်းတွေ မွေးထားတာကလည်း တစ်လှေကြီး။ ဒီတော့ ကြိမ်တောက နက်သထက်နက်လာတယ်။ ကြိမ်က တဖြည်းဖြည်း ရှားလာတယ်။

ရက်နှစ်ပတ်ကျော်ကျော်လောက်နေတော့ ကြိမ်ခုတ်မယ့်လူတွေ နောက်ထပ် ရောက်လာကြပြန်တယ်။ ဘယ်နယ်သားတွေမှန်းမသိလိုက်ပါဘူး။ ဓားခေါင်းက ဒီလူသိုက်ကို ငါတို့နဲ့ ပိုဝေးတဲ့ ချောင်းညာဆီ ခေါ်သွားတယ်။ ကေန္တာ ပွိုင့်ဖိနပ်တစ်ရန် ၈ဝဝိ/– နဲ့ ဆော်တော့မယ်ထင်တယ်။ ပွဲအောင် အောင်ပွဲခံတော့မလို့လေ။

စံချိန်မီတဲ့ကြိမ်က ရှားသထက်ရှားလာတယ်။ ကြိမ်တစ်ချောင်းရဖို့ နံဘေးက အရွယ်မရောက်သေးတဲ့ ကြိမ်ပင် လေးငါးဆယ်ပင် ခုတ်လိုခုတ်ကြရနဲ့။ တစ်နေ့ကို ကြိမ် ၅ဝ၊ ၆ဝ ရဖို့ တောနက်သထက်နက်နက်

တိုးဝင်ရတယ်။ တံတားဦးသားတွေ စစ်အတွင်းတုန်းက ပျက်ကျထားတဲ့ လေယာဉ်ပျံတစ်စင်း တွေ့လို့တဲ့။ သိပေါဘုရင်ရဲ့ နန်းစဉ်ရတနာတွေ လေယာဉ်ပျံ ၃ စင်းနဲ့ အိန္ဒိယပြည်ကို အသယ်မှာ ဂျပန်လေယာဉ်က လိုက်ပစ်လို့ ပျက်ကျဖူးတဲ့ ဇာတ်လမ်းက ကြိမ်ခုတ်တဲ့ သူတွေအကြား အပြောများပြီး၊ သိပ်ကျော်ကြားတဲ့ ဇာတ်လမ်းတစ်ပုဒ်ပေါ့။

ငါသာ တံတားဦးသားတွေလို လေယာဉ်ပျံတွေ့လိုက်ရလို့တော့ ကွာ၊ လက်ထဲက ဓားလွှတ်ချပြီး ရတနာသေတ္တာတွေပိုက်ပြန်မယ်။ ဒါပေမယ့် တံတားဦးသားတွေခမျာ လေယာဉ်ကိုယ်ထည် သတ္တုစပ် နည်းနည်းပဲ ရလိုက်တယ်။ သူများတွေ ဟိုးတုန်းကတွေ့နှင့်လို့ ယူလို့ရတာ အကုန်ယူပြီးသားကြီးတဲ့။

ချွေးချွေးတာတာ စားတာကိုပဲ ည၊ မနက် နှစ်နပ်စာကို ၂၀၀ိ/– ကျော် ၃၀၀ိ/– နီးပါး ကုန်နေတယ်။ ကုန်ဈေးနှုန်းက ဓားခေါင်းရဲ့ ပါးစပ်ဖျားမှာ ရှိတာမဟုတ်လား။ ပွဲအောင်ပါးစပ်ကဈေး မကျေနပ်လို့ တနိုင်းဈေး ကိုယ်တိုင်တက်ဝယ်မယ်ဆိုရင်လည်း အသွားအပြန် ကားခရယ်၊ မြို့ရဲ့ စားစရိတ်ရယ်၊ ဈေးဝယ်ကုန်ကျငွေရယ်၊ ကြိမ်ခုတ်ရက်က နှစ်ရက် လောက် ပျက်ဦးမှာရယ်၊ ဓားခေါင်းကလည်း မွှတ်နေအောင်လည်တဲ့ အကောင်။ အကြွေးပေးတယ်၊ တချို့ပစ္စည်းတွေ ဈေးနည်းနည်းပဲ တင် ရောင်းတယ်။ ဆပ်ပြာတို့၊ ဆေးလိပ်တို့လို ကုန်မျိုး။ ဆပ်ပြာက သိပ်သုံးကြတာမဟုတ်သလို ဆေးလိပ်ကလည်း ပွတ်ချွန်းသမားတွေ ပါရှိ နေတော့ သိပ်အရောင်းမသွက်လှဘူး။ မဝယ်မဖြစ်တဲ့လူတိုင်း စားကြတဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်လို စားကုန်ပေါ်မှာတော့ သာသာပိုပို တင်ရောင်းတဲ့ အကောင်။

ကြိမ်အရနည်းလို့ ချွေးချွေးတာတာ စားနေတဲ့ကြားက နေမကောင်း ဖြစ်လိုက်သေးတယ်။ ခံလိုက်ရတာ။ မက္ကလောင်ဖျားတဲ့။ တစ်ခါမှ ဒီလို မဖျားဖူးဘူး။ အရမ်းချမ်းပြီး ကိုယ်က အရမ်းပူနဲ့။ ဘော်ရန်တူး ဆိုတဲ့ ကချင်လူငယ်လေးတစ်ယောက်က ပြုစုလို့သာပေါ့။ သူပဲ လက်ချောင်းထိပ်

ဖျားကို မက္ကလောင်အဖျားစုပြီး ဖောက်ပေးလိုက်လို့ သက်သာသွားတာပေါ့။ ၄ ရက်လောက် ကြိမ်မခုတ်နိုင်ဘူး။ ခားခေါင်းဆီက မက္ကလောင်အဖျားပြတ် ဆေးလည်း ဝယ်သောက်လိုက်ရသေးတယ်။ အားက သိသိသာသာကြီးကို နည်းသွားတာလေ။

❊ ❊ ❊

ကြိမ်တွေပေါမယ်လို့ ထင်တဲ့ဘက်ကို ရွှေ့ခုတ်ကြရင်း တစ်မနက်မှာ –

တစ်ရွာတည်းသား ဝတုတ်ရဲ့ စူးစူးဝါးဝါးအော်သံကြီးက အနီးအနားမှာရှိတဲ့ လူမပြောနဲ့ ခပ်လှမ်းလှမ်းက ငါတို့တောင်မှ လန့်ဖျပ်သွားတာပဲ။ သူ့အော်သံကြီးမှာ ထိတ်လန့်သံကြီးစွက်လို့။ လူသံရော ဝက်ဝံသံပါ ပေါင်းပြီး ကြားရတာလေ။ ဝတုတ်က အဖော်တွေရှိရာ အာခေါင်ခြစ်အော်ရင်း အားကုန်ပြေးလာသတဲ့။

သားသည်မအေ ဝက်ဝံမကြီးတစ်ကောင် ဝတုတ်နောက်ကို လိုက်တာ၊ မတ်တတ်ရပ်လိုက်တော့ ခြောက်ပေကျော်ကျော်လောက် မြင့်သတဲ့။ ရင်ဘတ်မှာ ခပ်ဖြူဖြူအမွေးတွေနဲ့။

ဘော်ရန်တူး ကြည့်ရတာ ဒီလောက်ကြီးတဲ့ ဝက်ဝံကိုလည်း ကြောက်ပုံ လန့်ပုံ မပေါ်ပါဘူး။ ဒါနဲ့ ငါတို့နှစ်ယောက် တိုင်ပင်ကြတယ်။ ဝက်ဝံသိုက်ထဲမှာ ဝက်ဝံကလေးတွေ ငါဝင်နှိုက်ချင်တယ်။ မင်း ငါ့ကို ကူညီမလား ဆိုတော့၊ သူက ဘယ်လိုလုပ်ရမှာတုံးတဲ့။ မင်းက ဝက်ဝံမကြီးကို မျှားခေါ်ထုတ်သွား၊ ငါက ဝက်ဝံလေးတွေ ဝင်ဖမ်းခဲ့မယ်၊ ပြီးရင် တစ်ယောက်တစ်ဝက် ခွဲယူကြမယ်။ ဘယ့်နှယ်လဲ။ ဘော်ရန်တူးက သိပ်ကြာကြာစဉ်းစားမနေပါဘူး။ ငါ့စကားဆုံးတာနဲ့ သူ့ခေါင်းညိတ်တာနဲ့ ပြိုင်တူ မဟုတ်ရင် ရှေ့ဆင့်နောက်ဆင့်ပါပဲ။

ငါတို့ ခားကိုယ်စီနဲ့ ဝက်ဝံမကြီး ရှိနိုင်တဲ့ဘက်ကို ချွတ်နင်းခဲ့ကြတယ်။ တကယ်တော့ ခုနက ဝတုတ်ကို ဘာမှမလုပ်လိုက်ရတဲ့ ဝက်ဝံမကြီး

က ပိုပြီး ဒေါသဖြစ်နေမှာလေ။ ငါတို့က အရင် သူ့ကိုတွေ့ရင်တွေ့၊ ဒီလိုမှ မဟုတ်ဘဲ သူက ငါတို့ကို အရင်တွေ့လိုက်လို့ကတော့ ငါတို့ နှစ်ယောက် ဝက်ဝံလက်သည်းထဲမှာ ဘယ်သူ့မျက်နှာ ပါသွားလေမလဲ။ ဝတုတ်အတွက် ဝေစုပါရမယ့်ကိစ္စလေ။

ဘော်ရန်တူးကြည့်ရတာ ချောင်းထဲ မြောင်းထဲ ငါးသွားမျှားတဲ့ မျက်နှာမျိုး၊ ငါ့မှာသာ ကျီးကန်းတောင်းမှောက်သလိုဖြစ်ပြီး ရင်ထဲမှာလည်း တလှပ်လှပ်နဲ့။ ဓားကို ဆုပ်ကိုင်ထားတဲ့လက်တွေလည်း ချွေးစေးတွေ ပြန်လို့။ ခြောက်ပေကျော်ကျော်ရှိတဲ့ဝက်ဝံမ၊ နောက်ကများ လာလေမလား၊ ခဏခဏ လှည့်ကြည့်ရသေးတယ်။ ဝက်ဝံအထီးကြီးကော မရှိနိုင်ဘူးလား။ အထီးကြီးသာဆိုရင်တော့ ခုနစ်ပေလောက်တော့ ရှိလိမ့်မယ်။ နားကိုစွင့်၊ မျက်စိကိုဖွင့်၊ ခြေသံလုံပစေ။

ဘော်ရန်တူးက သိပ်လျင်တယ်၊ သူက ဝက်ဝံမကြီးကို စ,မြင်တာ။ ငါ့ကို ခပ်လှမ်းလှမ်းကတည်းက အချက်ပြရင်း ဝက်ဝံသိုက်ကို ညွှန်ပြနေတယ်။ ငါကလည်းငါပဲ၊ ကြောက်စိတ်မွှန်ပြီး မျက်လုံးက အသိုက်ဝေးလို့ ဝက်ဝံမကြီးကိုတောင် မတွေ့ဘူး။ နောက် တဖြည်းဖြည်း နီးသွားမှတွေ့တယ်။

ဘော်ရန်တူး တော်ပါပေတယ်။ ဝက်ဝံမကြီး သူ့နောက်လိုက်လာအောင် မျှားခေါ်နိုင်တယ်။ ဒီတစ်ခါ ကြားရတဲ့ ဗူးဗူးဝါးဝါးအော်သံကလည်း လန့်စရာပဲ။ ဝက်ဝံမကြီး ဘယ်လောက် ဒေါသထွက်နေတယ် ဆိုတာ သူ့အော်သံကြားရတာနဲ့ သိနိုင်တာပေါ့။ ဘော်ရန်တူးက ငါနဲ့ဝေးရာဘက်ကို ကွေ့ကွေ့ကောက်ကောက် ပြေးတယ်။

ဝက်ဝံအသိုက်ကို ခပ်ကြောက်ကြောက်နဲ့ ချဉ်းကပ်ရတယ်။ ဝက်ဝံအထီးကြီးရော မရှိနိုင်ဘူးလား။ အသိုက်က ကျဉ်းကျဉ်း မည်းမှောင်မှောင်နဲ့။ လေးဘက်ထောက်ပြီး မနည်းကို ကြိုးစားရတယ်။ အလိုလေး မှောင်လို့ မည်းလို့ပါလား။ မီးခြစ်နဲ့ ခြစ်ကြည့်မှ နို့တွေစို့ပြီး ဗိုက်ကားလို့ အိပ်နေတယ်ထင်ပါရဲ့ ဝက်ဝံကလေးတစ်ကောင်တည်း၊ သားလား သမီး

လားမသိ။ အသိုက်ကလည်း မှောင်မှောင်၊ ဝက်ဝံလေးကလည်း မည်းမည်း နဲ့ အတော့်ကို ရှာကြည့်ရတယ်။ ဒီအကောင်လေးကို စလွယ်သိုင်းထားတဲ့ ပုဆိုးအပိုနဲ့ ထွေးထုပ်လိုက်တယ်။ ဝက်ဝံလေးက လန့်ပြီး အော်သေးတယ်။ ရှန်းတာကတော့ ဘာရှန်းသလဲ မမေးနဲ့။ ပုဆိုးနဲ့ မြန်မြန်ထုပ်မိလို့သာပေါ့။

အဲဒီနေ့က ကြိမ်အချောင်း ၂၀ လောက်ပဲ ခုတ်ခဲ့ပြီး ချောင်းနံဘေးက တဲဆီ ပြန်ခဲ့ကြတယ်။ ကြမ်းခါစ အမွေးတွေက ပုဆိုးကိုဖောက်ပြီး ကျောပြင်ကို လာလာစူးတယ်လေ။ သူ့ကို ကျောမှာ ပိုးလာခဲ့ရတာ မဟုတ်လား။

တစ်ကောင်တည်းသော ဝက်ဝံကလေး။ ဘော်ရန်တူးက အထီးအမ ကြည့်တတ်တယ်။ သူက လှန်လှောကြည့်ပြီး အထီးကလေးတဲ့။ နို့တွေ သူတစ်ကောင်တည်း စို့ရတဲ့အကောင်ဆိုတော့ ဝဝဖိုင့်ဖိုင့်ကလေး။ သားပျောက်ရှာနေမယ့် ဝက်ဝံမကြီးကိုလည်း မြင်ယောင်နေတယ်။

ဒီအကောင်လေး အိပ်ဖို့ ခင်းစရာပုဆိုးစုတ်က ရှိတာမဟုတ်ဘူး။ ပုဆိုးထဲက အရောင်လွင့်တဲ့ တစ်ထည်ကို သူ့အတွက် အိပ်ရာခင်းလုပ်ပေးလိုက်ရတယ်။ ချည်ဖို့ကြိုးကိုတော့ ဘော်ရန်တူးက ကျစ်ပေးတယ်။ ဒီအကောင်လေး အသက်ရှင်အောင် ဘယ်လိုလုပ်မလဲ။ နို့ဆီကို ဖျော်တိုက်တဲ့နည်းပဲ ရှိတယ်မဟုတ်လား။ အဲဒီညနေဟာ ဒီဝက်ဝံကလေးဟာ ဘဝတူကြိမ်ခုတ်လုပ်သားတွေ လာပြီးကြည့်ရတဲ့ ချစ်စရာအကောင်လေးတစ်ကောင်ပဲပေါ့။

ခေါင်းကတော့ ဒီဝက်ဝံကလေးကို သူ့ရောင်းပါတဲ့။ သူမွေးထားမယ်တဲ့။ ဘော်ရန်တူးက ငါ့ကို ထမင်းချက်နေရာက လှမ်းကြည့်နေတယ်။ ဝတုတ်တို့ ထွေးမောင်တို့ကလည်း ငါ့ကို စူးစမ်းနေကြတယ်။ ငါသာ တစ်ခုခုမပြောရင် ဘော်ရန်တူးက ဝင်ပြောတော့မှာ။ ခေါင်းရမ်းပြရင်း မရောင်းနိုင်ဘူးလို့ ပြန်ပြောလိုက်တယ်။ ဒီအဖြေကို ပွဲအောင်က သိပ်သဘောကျပုံ မပေါ်ဘူး။ သူ့သွားတွေ စေ့ပြီး မပြုံးချင်ပြုံးချင်နဲ့

ခေါင်းကို နှစ်ချက် သုံးချက် ဆက်တိုက်ညိတ်နေတယ်။ ပြီးတော့ ဝက်ဝံကလေးဆီသွားပြီး ကျောသပ် ရင်သပ် လုပ်နေလိုက်သေးတယ်။

ရောက်ခါစမှာသာ ဝက်ဝံလေးက ပတ်ဝန်းကျင်အသစ်ကို ကြောက်နေရှာတာပါ။ နောက်တော့ နို့တိုက်လိုက်၊ ပွတ်သပ်ပေးလိုက်၊ ဟိုလူက ချီလိုက် ပွေ့လိုက်နဲ့ မကြာပါဘူး ဒီတဲဟာ သူ့တဲ၊ ဒီကြိမ်ခုတ်လုပ်သားတွေဟာ သူ့ဘော်ဒါတွေ ဖြစ်သွားတာပါပဲ။ ဘော်ရန်တူးက ဒီအကောင်လေးကို 'လွင်မိုး' လို့ နာမည်ပေးထားလေတော့ မကြာပါဘူး သူ့နာမည်ခေါ်ရင် ဒီအကောင် သိတယ်၊ လှမ်းကြည့်တယ်။ နာမည်ခေါ်ရင် လာတတ်နေပြီ။ နို့တိုက်ခါနီး သူ့နာမည်ခေါ်ခေါ်ပြီး တိုက်တော့ သူက မှတ်မိနေတာပေါ့။

ခက်တာတစ်ခုပဲ။ နို့ဆီတစ်ဘူး ၂၅ဝိ/– တဲ့။ ဓားခေါင်းပါးစပ်ကဈေး။ ၂၅ဝိ/– ဆိုတာ ကြိမ် ၂၅ ချောင်းပဲ။ ရတယ် ဒီလောက်တော့ ငါတစ်ယောက်တည်းတတ်နိုင်တယ်။ ပေး နို့ဆီဘူး၊ မှတ်ထားစာရင်း။ ဘယ်ရမလဲ ကြိမ်တွေပိုခုတ်တော့တာပေါ့။ ဒါပေမဲ့ ကြိမ်က သိသိသာသာ ရှားလာတယ်။

ငါတို့က လွင်မိုးကို အရိပ်တကြည့်ကြည့်နဲ့ နို့တိုက်ပြီး မွေးလာလိုက်တာ အခုဆိုရင် နို့ဆီက တစ်ဘူး ၂၇ဝိ/– တဲ့။ ဒီအကောင်ကလည်း အရင်က နို့ဆီတစ်ဘူးကို လေးရက်သောက်နေရာက အခု ၂၇ဝိ/– လည်း ဖြစ်ကရော နို့ဆီတစ်ဘူးဟာ သုံးရက်တောင် မဝချင်ဘူး။ အကောင်ကလည်း မျက်စိအောက်တင် ထွားလာလိုက်တာ။ ချစ်စရာကြီး။

ငါတို့ရဲ့ လွင်မိုးကို ဓားခေါင်းက "သောင်းကြီး သောင်းကြီး" နဲ့ ခေါ်နေတယ်လို့ ထွေးမောင်က လာပြောတယ်။ ဘာဖြစ်သလဲ၊ သူ့ဟာသူ ခေါ်ချင်ရာခေါ်ပစေပေါ့ကွ ဆိုတော့ ထွေးမောင်က လေသံအုပ်အုပ်နဲ့ ခပ်တိုးတိုး ပြောပြတယ်။ လွင်မိုး ကြီးလာလို့ရှိရင် သူ့ရဲ့သည်းခြေက ပိုအဖိုးတန်တော့မှာ၊ သောင်းဂဏန်းကြီးကြီးကို ရနိုင်သတဲ့။ ဒါကြောင့် သောင်းကြီးလို့။ ဟာ – တောက် – မိုက်ရိုင်းလိုက်တဲ့အကောင်။

ကြိမ်တွေ ကြိုးစားခုတ်ရတယ်။ အရင်က ငါ့ဖို့ရယ်၊ အိမ်က ကောင်မကြီးအတွက်ရယ်ပဲ။ အခုတော့ ဒူးမနာသားလေးအတွက်ပါ တိုးပြီး ခုတ်ရတယ်။ ငါက ခုတ်နိုင်ရက်သားနဲ့ ကြိမ်ကမရှိတော့ ပိုဆိုးလာတာပေါ့။ ဒီ အထဲမှာ ဘယ်အကောင်တွေက ကြိမ်တောကို မီးနဲ့ရှို့ခဲ့တယ်မသိဘူး။ တချို့ကြိမ်တောတွေ မီးလောင်ကုန်တယ်။

* * *

ဒုတိယအကြိမ် မက္ကလောင်ဖျားနေချိန်မှာ ဓားခေါင်းက နို့ဆီ တစ်ဘူး ၃၀၀/– အထိ ဈေးတက်လိုက်တယ်။ အကြံဆိုးနဲ့ တက်လိုက်တဲ့ ဈေးလေ။ လွင်မိုးက နှစ်ရက်ကို တစ်ဘူးနှုန်းသောက်နေတဲ့အချိန်၊ အချိန် ကိုက် ဈေးတက်လိုက်တာ။ ပြီးတော့ မက္ကလောင်ဖျားနေလို့ ကြိမ်မခုတ် နိုင်တော့ နို့ဆီဖိုး မတတ်နိုင်ဘဲ လွင်မိုးကို လက်လွှတ်လိုက်ရအောင်လို့၊ လွင်မိုးကို သူ့မရောင်း ရောင်းအောင်လို့ ဉာဏ်နီဉာဏ်နက်နဲ့ အကွက် ဆင်တာ။ နို့ဆီဖိုးပိပြီး လွင်မိုးကို သူ့လက်ထဲ မရောက်ရောက်အောင် လုပ်တာ။ ယုတ်မာလိုက်တဲ့အကောင်။ ဓားခေါင်းရဲ့ခေါင်းကို ဓားကောင်း ကောင်းနဲ့ စိတ်ပစ်ဖို့ကောင်းတော့တယ်။ ဒီကောင့်လက်တွေ ခြေထောက် တွေ ကြိမ်ပေါ်က ဆူးတွေသင်သလို သင်ပစ် နွှင်ပစ်ဖို့ပဲ ကောင်းတယ်။ လွင်မိုးကို မရောင်းဘဲထားရင် နို့ဆီဘူးအပေါ်က ငွေအမြတ်ရနေဦးမှာ။ နောက်ပိုင်း တစ်ခါတလေတော့ နို့ဆီဖိုး ၃၀၀/– ကို ဘော်ရန်တူးတို့ ထွေးမောင်တို့ကပါ မျှခံကြတယ်။ သူတို့လည်း လွင်မိုးကို ချစ်ရှာကြ တာကိုး။

တစ်ရက်မှာ ဓားခေါင်းက စားသောက်ကုန်တွေ ထပ်ဝယ်ရ အောင် တနိုင်းကို တက်သွားတယ်။ ခုတ်ပြီးသားကြိမ်တွေကို ချောင်းကနေ ဆွဲချရအောင် စက်လှေကိုလည်း ခေါ်ရင်းပေါ့။ လွင်မိုးကလည်း တဖြည်း ဖြည်း အကောင်ထွားလာပြီး ချစ်စရာကောင်းလာတယ်။ ဒီကောင့် သေးနံ့ ချေးနံ့ သက်သာအောင် နေရာပြောင်းချည်ပေးရနဲ့။ လွင်မိုးနဲ့ အလုပ်တွေ

ရှုပ်နေပေမယ့် မက္ကလောင်ဖျားလို့ အိပ်ရာပေါ်မှာ ပက်လက်ကျန်ခဲ့တဲ့ အခါမှာတော့ အိမ်က ကောင်မကြီးကို သတိရမိသား။

ဒီအကောင့်မျက်နှာက မှင်သေတယ်။ ပြဇာတ်မင်းသား လုပ်စားဖို့ ကောင်းတယ်။ ဓားခေါင်းပွဲအောင် လုပ်ချလိုက်ပုံ ကြည့်ပါဦး။ တနိုင်းတစ်မြို့လုံး နို့ဆီတစ်ဘူးမှ ဝယ်လို့မရခဲ့ဖူးတဲ့။ ဒီဇယ်ဈေးတက်လို့ ကျန်တဲ့ဆန်တို့၊ ငရုတ်တို့၊ ဆီတို့၊ ဆားတို့လည်း ဈေးတွေတက်တယ်တဲ့။ ငါဖြင့် ဓားခေါင်းစကားကြားပြီး အသားတွေတောင် တဆတ်ဆတ်တုန်တယ်။ နို့ဆီတို့ ကုန်ဈေးနှုန်းတက်တဲ့အကြောင်းတွေကိုသာ ပြောနေတာ ဒီကောင့်ရဲ့ လောဘတက်နေတဲ့ မျက်လုံးကြီးက လွင်မိုးဆီ ဝေ့ခနဲ ဝေ့ခနဲ ရောက်သွားသေးတယ်။

လွင်မိုးရဲ့ သည်းခြေဟာ တနိုင်းမြို့မှာ ဘယ်ဈေးပေါက်နေပြီလဲ။ ဘယ်နှသောင်းတန်နေပြီလဲ။ ဝက်ဝံသည်းခြေရဲ့ ပေါက်ဈေးကို သူ့ဝမ်းဗိုက်ထဲမှာ မျိုထားတာ ငါသိတယ်။ သူ့ပခုံးက လွယ်အိတ်ထဲမှာ လွင်မိုးရဲ့ သည်းခြေကိုချိန်ဖို့ ချိန်ခွင်တစ်လက်နဲ့ အလေးတွေများ ပါနေရော့သလား။

ဓားခေါင်းက တစ်နေ့တခြား ယုတ်မာ၊ လွင်မိုးက တစ်နေ့တခြား ပိုပိုသောက်နိုင် စို့နိုင်ဖြစ်ပြီး ဝလာ လှလာနဲ့။ တံတားဦးသား အင်းဝသား မုံရွာသားတွေကပါ လွင်မိုးအပေါ် သံယောဇဉ် ဖြစ်လာကြတယ်။

ဖမ်းမိတဲ့နေ့ကတည်းက ရောင်းဖို့ပြောနေတဲ့ ဓားခေါင်းက အခု ၃၀၀၀ိ/–နဲ့ ဈေးခေါ်နေတယ်။ အတော်စော်ကားတဲ့အကောင်။ ၃၀၀၀ိ/– မပြောနဲ့ မင်းဆိုရင် ဘယ်လောက်ပေးပေး မရောင်းဘူးလို့ စိတ်ထဲကနေ ပြန်အော်နေမိတယ်။ ဝက်ဝံသည်းခြေက အနည်းဆုံး ၆၀၀၀ိ/– လောက် တန်နေလို့ ဒီဈေးပေးတာလား။ ၉၀၀၀ိ/– ဈေးများရောက်နေပြီလား။ ဝက်ဝံရဲ့ အရေခွံကရော ဘယ်လောက်တန်နေပြီလဲ။ ဒီပုံစံနဲ့ဆိုရင် ကြိမ်ခုတ်သွားတဲ့အချိန်မှာ လွင်မိုးကို တစ်ကောင်တည်း တဲမှာ ထားပစ်ခဲ့ရတာ စိတ်မချစရာဘဲ။

အခုရက်မှာ ကျန်းမာရေးကလည်း မကောင်း၊ ကြိမ်ကလည်း အရနည်းနေတော့ တစ်တဲတည်းနေကြတဲ့သူတွေကရော တဲနားနီးချင်းတွေ ကပါ လွင်မိုးကို ရောင်းပစ်မှာ စိုးရိမ်ပြီး လွင်မိုးကို မရောင်းဖို့ လာလာ ပြောကြတယ်။ မရောင်းနဲ့နော် ကိုယ့်လူ၊ ဓားခေါင်းဆီမရောင်းနဲ့နော် ဒီအကောင့်လက်တော့ အရောက်မခံနဲ့နော်တဲ့။

စိတ်ချပါဗျ၊ ဓားခေါင်းတော့ ဘယ်တော့မှ မရောင်းဘူး။ မမွေး နိုင်ရင် ရှင်ဗွေယန်ချောင်း တစ်ဘက်ကမ်းကူးပြီး ဟိုးတောနက်ထဲမှာ သွားလွှတ်လိုက်မယ်။

* * *

နောက်တစ်ခါ ထပ်ဖျားတဲ့ မက္ကလောင်အဖျားကတော့ အဖျား တကာ့အဖျားမှာ အဆိုးဆုံးထင်တာပဲ။ ဦးရင်ကောက်ညွှန့်သုပ်၊ မျှစ်သုပ်၊ ကြိမ်ဖူး၊ ငှက်ပျောအူဟင်းတွေက ထပ်လာပြီ။ ဖားကလေး ငါးကလေး တောင် မရှာအားလောက်အောင် တောနက်နက်အထဲထိ ဝင်ကြရတာ ဆိုတော့ အစားအသောက်ပျက်ပြီး ပင်ပန်းတဲ့ဒဏ်ကို မခံနိုင်တော့တာပဲ ထင်ရဲ့။ ကြိမ်ခုတ်တဲ့လူအများစုလည်း ရှားခြစ်ထားတဲ့အရာတွေ၊ ကျော တွေရော လည်ပင်းတွေမှာ ညိုလို့ မည်းလို့။

ဘော်ရန်တူးကယ်တဲ့အသက်ပဲ။ ငါ့စအိုမှာထွက်နေတဲ့မက္ကလောင် ဖုတွေ သူပဲ မရွံမရှာ ဖောက်ပေး သန့်ရှင်းပေးလို့သာပေါ့။ အဲဒီလိုဖောက် ပစ်လိုက်ပြန်တော့လည်း သူ့နည်းနဲ့သူ ဟုတ်လို့။

ငါ အိပ်ရာပေါ်မှာ ပက်လက်လန်ချိန်မှာ လွင်မိုးအတွက် နို့ဆီက လည်း ကုန်ပြီ။ ဘယ့်နှယ်လုပ်ကြမလဲ။ စဉ်းစားစမ်း၊ စဉ်းစားစမ်း။ နို့ဆီ ဘူးခွံတွေကလည်း ရေတွေနဲ့ကျင်းထားလိုက်တာ ပြောင်သလင်းခါနေပြီ။

လွင်မိုးခမျာ ဗိုက်ဆာတော့ ချည်ထားတဲ့ကြိုးတဆုံး ခေါက်တုံ့ ခေါက်ပြန် လျှောက်လိုက် မျက်နှာငယ်လေးနဲ့ ငါ့ကို မော့်ကြည့်လိုက်နဲ့။ နံနက်က နို့လက်ကျန်ကလေးပဲ သောက်ထားရရှာတာ လွင်မိုး ဆာလှ ရော့မယ်။

ကိုင် မတတ်နိုင်ပါဘူး။ အိပ်ရာပေါ်က အားယူပြီး မနည်း ထလိုက်ရတယ်။ အံမယ်လေး ကံကောင်းလို့ မိုက်ခနဲ ဖြစ်သွားလိုက်သေး တယ်။ သူများတွေ ထမင်းစားနေတဲ့ဆီသွားပြီး ထမင်းနည်းနည်းတောင်း လိုက်တယ်။ ဒီနေ့ ခေါင်းက ချောင်းထဲမှာ ယမ်းခွဲထားလို့ ငါးကူပြီး ကောက်ခဲ့ကြတာ ဟင်းစားနည်းနည်းပေးလိုက်တာနဲ့ ငါးဟင်းနဲ့မျှစ် ရော ချက်ထားတယ်တဲ့။ ဟင်းနည်းနည်းနဲ့ထမင်း ရောလို့ နယ်ဖတ်ပြီး လွင်မိုး ရှိရာကို ထွက်လာခဲ့တယ်။ ထမင်းဝိုင်းက ဘော်ရန်တူးတို့ ဝတုတ်တို့က လည်း ထမင်းစားနေရာကနေ ငါတို့ကို လှမ်းကြည့်နေကြတယ်။

လွင်မိုးခမျာ ထမင်းကို တစ်ခါမှ စားဖူးရှာတာမှ မဟုတ်ဘဲ။ ထမင်းတွေကို နှာခေါင်းနဲ့ နမ်းကြည့်လိုက်၊ ငါ့ဘက်ကို ဒါ ဘာတွေလဲ အစ်ကို၊ ကျွန်တော် ဒါတွေကို ဘာလုပ်ရမှာလဲအစ်ကို ဆိုတဲ့ အကြည့်နဲ့ လှမ်းကြည့်တယ်။ လွင်မိုး ညီလေး စားစား သိပ်အရသာရှိတာ၊ စား ညီလေးစား လွင်မိုးက နမ်းရုံတင်နမ်းပြီး ငါ့ပြောစကားကို နားမလည်ဟန်နဲ့ ကြည့်နေပြန်တယ်။ ရင်ထဲမှာ မချိလိုက်တာလေ။

နံဘေးက ဝိုင်းကြည့်နေကြတဲ့ တံတားဦးသားတွေက လေယာဉ် ပျံပျက် သတ္တုစပ်ကို တနိုင်းတက်ရောင်းရင်း နို့ဆီတစ်ဘူးဝယ်ခဲ့မယ်လို့ လည်း ပြောရော ဖိုးဝင်းတောင်သားတွေရော၊ အင်းဝသားတွေကပါ သူ တစ်ဘူး၊ ငါတစ်ဘူးနဲ့ ဝိုင်းပြီး စာရင်းပေးကြတော့ ရင်ထဲကြည်နူးလိုက် ရတာ၊ လွင်မိုးအပေါ်ထားကြတဲ့ စေတနာ မေတ္တာတွေပေါ့။

တံတားဦးသားက ဘယ်တော့ တနိုင်းမြို့တက်မယ်မသိဘူး။ လောလောဆယ်တော့ လွင်မိုး ထမင်းအပုံကိုနမ်းကြည့်လိုက် ပြန်လျှောက် လာလိုက်နဲ့။ နောက်တစ်ခါ ပြန်နမ်းကြည့်လိုက်၊ ခဏနေ ပြန်လာလိုက်နဲ့။ ခဏကြာတော့ ထမင်းပုံကို တွေတွေကြီး စိုက်ကြည့်ပြီး အကြာကြီး နမ်းကြည့် အနံ့ခံကြည့်နေရာက ထမင်းတွေကို လျှာနဲ့ စသိမ်းတဲ့အသိမ်းကို မျက်စိထဲက မထွက်ဘူး။ ဒီမြင်ကွင်းကြည့်ပြီး ကြက်သီးတွေထ၊ မျက်ရည် တွေတောင် ကျမိတယ်လေ။ ငါမှမဟုတ်ဘူး။ ကြည့်နေကြတဲ့လူတွေ

အားလုံးရဲ့ စိတ်ထဲမှာ ဝမ်းနည်း ဝမ်းသာကြီး။ ဒါ လွင်မိုးကို ဓားခေါင်း သတ်ခွင့်မရတော့ဘူးဆိုတဲ့ ပွဲအောင်အပေါ် အောင်ပွဲပဲပေါ့။

ညီလေးရေ၊ အစ်ကိုတို့မှာ မင်းကိုကျွေးစရာ ထမင်းပဲရှိတော့တယ်ကွာ။ ဒီထမင်းနဲ့ပဲ မင်းအသက်ဆက်ပေတော့။ ကလေးတစ်ယောက်တောင် နို့ဖြတ်ရတာ ဘယ်ကလောက်ခက်သလဲဆိုတာ အစ်ကိုသိတယ် ညီလေး။ မင်းကတော့ နို့ဖြတ်ချိန်မရောက်သေးဘဲ နို့အဖြတ်ခံလိုက်ရတဲ့ ဝက်ဝံကလေးပေါ့ကွာ။

လတွေနဲ့ချီပြီး အတူအနေကြာလာတော့ လွင်မိုးဟာ ငါတို့အားလုံးရဲ့အဖော် ဖြစ်လာပြီ။ ဝက်ဝံမဟုတ်တော့ဘူး။ လူဖြစ်သွားပြီ။ လူမှ ညီလေးတစ်ယောက်လို ချစ်ရတဲ့ညီလေး။ ငါ့ရဲ့ညီလေး၊ ဘော်ရန်တူးရဲ့ညီလေး၊ ဝတုတ်တို့ ထွေးမောင်တို့ရဲ့ညီလေး၊ ကံလှရွာသားတွေရဲ့ ညီလေး၊ မလှိုင်၊ တံတားဦး၊ အင်းဝ၊ မုံရွာသားတွေရဲ့ ညီလေးပဲပေါ့။ အဲဒီအထဲမှာ ဓားခေါင်း ပွဲအောင် မပါဘူး။

❊ ❊ ❊

ကြိမ်ကုမ္ပဏီအတွက် ငါတို့ကို ဟိုးတောနက်ကြီးထဲအထိ မျှားခေါ်ပြီး ခုတ်လို့ရတဲ့ ကြိမ်တွေကို တရုတ်နိုင်ငံနဲ့ ပြည်ပနိုင်ငံတွေ တင်ပို့ရောင်းချနေလိုက်ကြတာ။ ယွမ်တွေ၊ ဒေါ်လာတွေ အဖွေးသားပေါ့။ ငါတို့မှာ တောနက်ထဲအထိ တိုးရင်း တိုးရင်း တိုးလို့မရတော့ ကြိမ်တွေက မရှိသလောက် နည်းသွားပြီ။

ဓားခေါင်းကတော့ ကြိမ်တစ်လုံးပေါ်က ကော်မရှင်လည်းစားရသေး။ ငါတို့လို ကြိမ်ခုတ်လုပ်သားတွေများလေလေ ဓားခေါင်းအဖို့ တွက်ခြေကိုက်လေလေ၊ ဓားခေါင်းပြောခဲ့တဲ့ မက်လုံးဟာ တစ်ချိန်တုန်းက မှန်ချင်မှန်လိမ့်မယ်။ ငါတို့ရောက်သွားတဲ့အချိန်မှာ ပုံပြင်တွေ ယုံတမ်းစကားတွေ ဖြစ်နေပြီ။ လက်တွေ့နဲ့ တခြားစီပဲ။ ကြွေးကျေရုံ အပြန်စရိတ်ရရုံနဲ့ ကိုယ့်ဒေသ ပြန်ပြေးသွားကြသူတွေ ဒုနဲ့ဒေး။

ပဲနုတ်ချိန်ကလည်း နီးလာပြီ။ အိမ်ကကောင်မကြီးကိုလည်း လွမ်းလှပြီ။ မက္ကလောင်ကလည်း ၃ ကြိမ်ဖျားပြီးပြီ။ ဓားခေါင်းရဲ့ အကြွေးတွေလည်း ကျေပြီ။ ကြိမ်ခုတ်ခ လက်ကျန်နဲ့ ရွာပြန်လို့ ဖြစ်လောက်တယ်။ တစ်ရွာတည်းသား ထွေးမောင်တို့တစ်တွေကလည်း ပြန်ချင်နေပြီ။

ပြန်ကြရင် လွင်မိုးကို ဘယ်လိုလုပ်ကြမလဲ။ သုံးယောက်စလုံးက ရွာကို ခေါ်ခဲ့ချင်တယ်။ ဘော်ရန်တူးက သူလည်း လိုချင်တယ်။ ဒါပေမဲ့ ငါ လွင်မိုးအပေါ် သံယောဇဉ်ကြီးတာသိလို့ ဘော်ရန်တူးက မပြောရှာဘူး။ ဒီကိစ္စ ငါတို့တိုင်ပင်နေကြချိန်မှာ လဝါရွာသားတွေက လွင်မိုးကို ရွာအထိ ခေါ်သွားဖို့ခက်တယ်။ မဖြစ်နိုင်ဘူးလို့တောင် ပြောကြတယ်။ သစ်တောဌာနနဲ့ စကားပြောရလိမ့်မယ်တဲ့လေ။

နောက်ဆုံးတော့ အင်းဝသားတွေ အကြံပေးတဲ့အတိုင်း တနိုင်းမြို့က မြို့မကျောင်းဆရာတော်ကိုပဲ လှူခဲ့ရတယ်။ ဘယ်သူကမှ ဓားခေါင်းကို ရောင်းဖို့ မပြောကြတာကို ဝမ်းသာရသေးတယ်။ ဓားခေါင်းက နောက်ဆုံးအကြိမ် သွေးတိုးစမ်းကြည့်သေးတယ်။ ၄၀၀၀ိ/– ပေးမယ်တဲ့။ အတော်မိုက်ရိုင်းတဲ့လူ။ ညီလေးကို ၄၀၀၀ိ/– နဲ့ ဈေးဖြတ်နေပါလား။

* * *

ညီလေးက သူ့ကို ဒီဘုန်းကြီးကျောင်းမှာ ထားရစ်ခဲ့တော့မယ်ဆိုတာ သိနေသလိုပဲ။ ငါတို့အနားချည်း ကပ်လို့နေတော့တာပါပဲ။

ညီလေးရေ ငါတို့ ရွာပြန်ရတော့မယ်။ မင်းနဲ့ မခွဲချင်ပါဘူးကွာ။ မသေကြသေးရင် ပြန်တွေ့ကြသေးတာပေါ့။ ဆရာတော့်စကား နားထောင်နော်။ လွင်မိုးက ငါပြောတာတွေ အကုန်နားလည်တယ်။ မျက်ရည်ဝဲနေတဲ့ ငါ့မျက်လုံးကို ငေးရီတဲ့ သူ့မျက်လုံးတွေနဲ့ ကြည့်နေတယ်။ သူ့တစ်ကိုယ်လုံးကို အကြိမ်ကြိမ် ပွတ်သပ် နှုတ်ဆက်ခဲ့တာပဲ။

လှည့်မကြည့်မိအောင် စိတ်ကို ချုပ်တည်းပေမယ့် ဘုန်းကြီးကျောင်းဝရောက်တော့ လှည့်ကြည့်မိတာပဲ။ ဝတုတ်ရော၊ ထွေးမောင်ရော

ပေါ့။ ကျောင်းလေ့ကားထစ်တွေနား ထိုင်ရစ်ရင်း ငါတို့ကို လွင်မိုးက ငေးကြည့်နေရှာတယ်။ ညီလေးရေ ... နေခဲ့တော့နော် ... မင်းရဲ့ရင်ထဲမှာ ဘယ်လိုခံစားနေရသလဲ ငါမသိဘူး လွင်မိုးရေ၊ ငါ့ရင်ထဲမှာတော့ ဆူးအတိနဲ့ ကြိမ်ပင်တွေ ရင်မှာအပြည့်ပါပဲ။

သြော် – အိမ်ကကောင်မကြီးရေ ... အင်း ... မင်းဖို့တော့ အိမ်အပြန်လက်ဆောင် မက္ကလောင်ပေါ့။

မဟေသီမဂ္ဂဇင်း၊ ၂၀၀၁ ခု၊ ဩဂုတ်

www.burmeseclassic.com